
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၁၁၁၆၃၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၆၀၁၀၈

တန်ဖိုး - ၂၃၀ ကျပ်

အုပ်ရေ - ၅၀၀

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးတိုးဝင်း (နေလရောင်အော့ဖ်ဆက်) (၀၂၄၃၁)
အမှတ်(၉၆/ခ)၊ (၁၁)လမ်းရန်ကုန်မြို့

ထုတ်ဝေသူ - ဦးတိုးဝင်း (မြဲ-ဂ၉၃) ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# သုန္ဒရီသက်ဝေ

ဆောင်းညဖူလက်

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

" အားပါး... အေးတာပဲ..."

တစ်ညလုံးလည်း အေးတယ်ဆို ဂွမ်းစောင်ကြီးထဲ ကွေးနေမိတာပါ...။ ဒီက အအေးဓာတ်က တစ်မျိုးကြီး။

" ညီရေ... နိုးနေလားဟင်... ခင်မွန်တော့ မနေနိုင်တော့ဘူး... ချမ်းတယ်... ကော်ဖီပူပူတစ်ခွက် ထဖျော်သောက်မှ ဖြစ်တော့မယ်..."

" ချမ်းရင်လည်း ဂွမ်းစောင်ထဲ ကွေးနေတာ မဟုတ်ပဲ ဘယ့်နှယ်... ကော်ဖီပူပူသောက်ချင်ရတာလဲ ခင်မွန်ရယ်..."

ညီ့အသံက အိပ်ချင်နေတုန်းလား။ နာရီကြည့်လိုက်တော့ နောက်ကြီး သုံးနာရီပဲ ရှိပါသေးလား။ စိတ်က မြို့မှာ ကျန်ခဲ့တဲ့ အနေဆီ ရောက်သွားပါပြီ။ မေမေက သုံးနာရီလောက်ဆို အရဏ်ဆွမ်း ချက်ပြီလေ။ ပြီးတော့ ဘုရားရှိခိုးတော့မှာ။

ကော်ဖီဖျော်ရင်း အေးစိမ့်နေတဲ့ လက်ကလေးတွေ ခြေထောက် ကလေးတွေကိုတောင် စိတ်ပျက်နေသလိုပါလား။

ဒီမှာ ကြာကြာနေလို့ ရပါ့မလား။

ခင်မွန်က ပူရင် ယပ်ခပ်နေချင်သေး... အေးတာကြောက်သူ မျိုး။

" ညီ့ကော်ဖီ..."

" ခင်မွန်... ချမ်းလို့သာ မအိပ်ရရင် နင်တော့ အိပ်ပျော်တော့

www.burmeseclassic.com

www.burmeseclassic.com



ရှာကို မေ့တတ်ဘူး… ဒီမှာက နွေတောင်မှ နေလို့ကောင်းရုံလေးရှိတာ… မိုးကျတော့လည်း ရွာပြုပါလိမ့်မယ်…”

“ ငါ ဒီမှာ ကြာကြာနေနိုင်ပါ့မလား ”

“ ဘာလို့မနေနိုင်ရမှာလဲ… နေကြည့်ပါဦးဟာ… ငါတောင် ရောက်ကာစက ဒီလိုပဲ နေတာပါ… နောက်တော့ နေတတ်လာတော့ ပျော်လာတာပါပဲ…”

ညိုက ဒီမြို့လေးကို လွန်ခဲ့တဲ့နှစ်တည်းက ရောက်နေခဲ့တာ။ အခုလည်း ညိုတစ်ယောက်တည်းမနေချင်လို့ ခင်မွန် လိုက်ခဲ့ပါလို့ သုံးကြိုးရတာမို့ ဘာတွေများ ဒီလောက် အရေးကြီးနေလဲဆို လိုက်လာခဲ့ရတာ…။

“ ညို… ငါ့ကို အမြန်လိုက်ခဲ့ပါလို့ နင် ဘာလို့ခေါ်တာလဲ”

“ ငါကြောက်လို့ပါ ”

“ ကြောက်လို့… ဘာကိုကြောက်တာလဲ… ဘာကြောက်စရာ ရှိလဲ ”

“ ညက မြို့ကို ရထားဝင်တာမှောင်နေပြီး ခုမှ နင်ရောက်လာလို့ ဒီအိမ်ကြီးကို မမြင်ရတာ… အိမ်ကြီးက ကြီးပြီးတော့ ဟောင်းအိုနေတာပဲ… အဲဒါ ငါအရမ်းကြောက်တယ် ”

ဘာများလဲလို့…။

အိမ်ကြီးဟောင်းအိုနေတာရယ်… ကြီးမားလို့ရယ်… ဒါက ကြောက်စရာလား…။ ခင်မွန်ကတော့ နဂိုရ်ကတည်းက ဘာမှ သိပ် မကြောက်တတ်လို့ ထင်ပါရဲ့…။ ညိုကတော့ ဟိုးအရင်ကတည်းက ကြောက်တတ်တာကိုး။

“ နင်မကြောက်တတ်တာကော ဘာရှိလဲ… ရှေးအရှင်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့အော်ရင်ကြောက်... မိုးခြိမ်းရင်ကြောက်..."

"အဲဒီ ကြောက်တတ်တာတွေက မာမီ့ဆီက အမွေရတာ..."

ညို့အပြောကြောင့် ခင်မွန်ရယ်ရပါတယ်...။

ဟုတ်တာပဲလေ...။

အန်တီသန်းကလည်း အရာရာ ကြောက်တတ်လွန်းပါတယ်။ ကြောက်တတ်လွန်းသော မုဆိုးမ အန်တီသန်းက မကြောက်တတ်သော မုဆိုးမ အမေနှင့် အတူနေကြရာက ခင်မွန်နှင့် ညိုတို့ဟာ ညီအစ်မ အရင်းတမျှ ချစ်ခင်လာခဲ့ကြတာပါ... နဂိုရ်တည်းကလည်း တစ်တန်း တည်း သူငယ်ချင်းတွေလေ...။

အဖေရှိစဉ်က အန်ကယ်ကြီးရဲ့ အလုပ်ထဲမှာ အားကိုးရတဲ့ မန်နေဂျာဆိုတော့ အမေက အန်တီသန်းတို့ ကျေးဇူးရှိတယ်ဆို အမြဲ သိတတ်ရှိသေ ခင်မင်ခဲ့တာပါ...။

"ခုချိန် အမေကတော့ ဆွမ်းချက် ဘုရားရှိခိုးနေပြီ"

"အမေဆောက ဆွမ်းချက် ဘုရားရှိခိုး... မာမီကတော့ တစ်ညလုံး ဖဲရိုက်ပြီး အိပ်နေမှာလား... ဒါမှမဟုတ် ဖဲဝိုင်းမှ သိမ်းပါ့မလား..."

အဲဒီ့အမေနှစ်ယောက် တစ်ယောက်တစ်မျိုးနဲ့တော့ အတူနေကြ ရတာပါပဲလေ...။ ကော်ဖီပူပူကို ညိုက ပွမ်းစောင်ကြီးခြုံပြီး ကုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်သောက်တာ ကြည့်လို့ ခင်မွန်ရယ်ရပါတယ်။

"ဟဲ့... ဟဲ့... ဘာသံလဲ..."

ရုတ်တရက် သွပ်မိုးကို ဝရောဝရောနဲ့ ရိုက်သွားသလို အသံကြောင့် ခင်မွန်မေးရပါပြီ။

"ဒါပေါ့ အဲဒါတွေက ကြောက်စရာကောင်းတာ... ခေါင်းမိုး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဝါးရုံကြီးတွေက အုပ်နေတာ... မိုးတွင်းဆို ပိုဆိုးလိမ့်မယ်... ငါဖြင့် အိပ်မရဘူး... ပြီးတော့ နင်လုံးဝမသိသေးတဲ့ ကြောက်စရာ အကြောင်းတွေကလည်း အများကြီးပါပဲ..."

သွပ်မိုးကို ဝါးရုံကိုင်းရိုက်တာလို့ သေချာသိနေရင် ဘာ ကြောက်စရာရှိလဲ။ သိသိကြီးနဲ့ ကြောက်နေရသလား။ ညို့ရဲ့ ကြောက်တတ်ပုံတွေကိုတော့ ခင်မွန်က မထူးဆန်းလှတော့ပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်အတော်ကြီး ပီပြင်နေပါပြီ။

ဒါပေမယ့်… ပိတ်သည်းနေသော နှင်းတွေကြောင့် အတော်လှမ်းလှမ်းကိုပင် မမြင်ရပါ။ နေ့တိုင်း ဒီလို နှင်းကျသလား ဆိုတော့ အများအားဖြင့်တော့ ကျတယ်။ တစ်ခါတစ်ရံတော့ နှင်းကျနည်းတဲ့ နေ့လည်း ရှိတယ်တဲ့။

" မနက်စောစော အစားစားချင်ရင်ရော ဘယ်သွားစား ရသလဲ… "

" ဈေးနားထိ သွားစားရတယ်… "

" မုန့်ဟင်းခါးရလား "

ခင်မွန့်အမေးကြောင့် ညိုကြရယ်ပြီးတော့

" အဲဒီ မုန့်ဟင်းခါးသရဲကလည်း တစ်မျိုး… ဒီမှာ မုန့်ဟင်းခါးရှိမလား… အညာလည်း မဟုတ် ရှမ်းပြည်နယ် မမည်… ဒီတော့ နင်စားချင်ရင် ရှမ်းစာတွေ ပဲရမယ်… ခင်မွန့်အကြိုက်ဆို တို့ဟူးသုပ် ကောင်းတယ်… "

" တို့ဟူးသုပ် စားချင်လာပြီ… သွားစားရအောင် "

" အစားများဆို ခင်မွန်တို့က စိတ်ချရတယ်… ခုတော့ မချမ်းတော့ဘူးလား "

" ချမ်းတော့ ချမ်းတယ်… အစားစားရမှာဆိုတော့လည်း… ချမ်းဘူးပေါ့… ပြီးတော့ လမ်းလျှောက်ချင်တယ်လေ… ပတ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ချင်တာ… ညီတို့ ကျောင်းဘက်လည်း လိုက်ပြ… တကယ်ဆို ညီရယ်… နင်လည်း ပိုက်ဆံတွေ ရှိနေတာ အန်တီသန်း ရှိသမျှ နင့်ကိုပါလွှဲကတ် ဒီကျောင်းဆရာမ အလုပ်ကိုများ ဝေးလံခေါင်းပါး လာလုပ်နေတယ်…"

" နင်သိလျှက်နဲ့ဟယ်…"

အဲလိုပြောပြန်တော့ ညီ့ကိုအပြစ်မတင်ရက်တော့ပြန်ပါဘူး…

တကယ်ဆို အန်တီသန်းက အမြဲလို ဖဲရိုက်နေပြီးတော့… အပေါင်းအသင်းတွေပဲ ခင်မင်နေတာကို ညီက မနှစ်သက် ညီက ပြောပြန်ရင် နင်အမေလား… ငါ့အမေလားဆို ဆူခံရနဲ့… ကြာတော့ ညီက ပြောလာပါတယ်…။

မာမီကို ဘယ်လိုပဲ ချစ်ချစ်… အတူနေနေရင် အမေကို ပြစ်ပြစ်တင်မိတော့ ငါရဲကြီးမယ်… ရဲမကြီးရအောင် အဝေးမှာပဲ နေရင် အကောင်းဆုံးပါပဲတဲ့။

" မာမီသာ အမေစောလို အမေဆို ငါအတူနေမှာပါ… ပြီးတော့ ဆရာမလုပ်ရတာ ကြာတော့ ငါပျော်နေပြီလေ… ဒီက ကလေးတွေက ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းတယ်… နင်တော့ အလုပ်ပျက်တာပေါ့ဟာ…"

" ငါ့အလုပ်က ကိုယ်ပိုင်လုပ်ငန်းပဲ… မလုပ်လည်းရ လုပ်လည်းရပါ… ပြီးတော့ ငါအလုပ်မလုပ်လည်း အန်တီသန်းက ပေးထားတာ… ငါအလုပ်လုပ်တဲ့ အတိုင်းပါပဲလေ…"

အန်တီသန်းပိုင်တဲ့ အထည်စက်ရုံမှာ ခင်မွန်က မန်နေဂျာ မဟုတ်လား…။ တကယ်ဆို ခင်မွန်ကိုယ်တိုင်က အကျီချုပ်တာ ကျွမ်းကျင်နေရာကနေ အခုဆို ညွှန်ပြပေးတဲ့အဆင့် ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေတာပါ...။ အနိမ့်တီသန်း ပေးထားတဲ့ လခပဲလေ။ သူ့သမီးနဲ့ သွားနေနေမှန်း သိတော့လည်း... အလုပ်မဆင်းလည်း အဲဒီလခကတော့ လကုန်တာနဲ့ အမေထုတ်ယူလို့ ရနေတာပါ...။

" ခင်မွန် နွေးနွေးထွေးထွေး ဝတ်နော်... နင်က အအေးဒဏ် အကျင့်မရှိဘူး... တော်ကြာ နေမကောင်းဖြစ်နေမယ်... "

အကျီအထူကြီးတွေ ဝတ်ရတာပါလား...။

စိတ်ပျက်လိုက်တာ...။ လူနဲ့မတူတော့ဘူးလို့ ပြောမိလို့ ညီုက ဘာနဲ့တူလဲတဲ့။

" ဝက်ဝံနဲ့တူနေပြီ "

ခင်မွန် ဒီလိုပြောတော့ ညီုရယ်တယ်။ ပြီးတော့မှ ခင်မွန့်ကို ညီုတမ်းတတာ အဲဒါတွေပဲ။ ခင်မွန်မရှိရင် ညီုမပျော်ဘူးတဲ့လေ...။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကထွက်ပြီးလို့ ခြံဝရောက်သေး… အိမ်ကြီးကို ပြန်ကြည့်တော့ နှင်းတွေကြားမှာ မပီပြင်တော့ပါဘူး…။ ဒီလောက်ကြီးတဲ့ အိမ်ကြီးမှာ ကြောက်တတ်တဲ့လူ ဘာလို့ နေနေပါလိမ့်လို့ ခင်မွန် မေးမိပါ။

" ညို… နင်ကြောက်တတ်ရင်လည်း… အိမ်ခပ်သေးသေးလေး ငှားမနေပဲ ဘာလို့ ဒီအိမ်ကြီးမှာ လာနေရတာလဲ…"

" ပြောမယ်… ပြောမယ်… ငါ့ဒုက္ခတွေ ပြောပြမယ်… ငါရောက်ကာစက ကျောင်းရဲ့ နောက်လမ်းမှာ အိမ်သေးသေးတစ်လုံးကို ဆရာမ ဒေါ်စိန်နုနဲ့ အတူငှားနေတာ အတော်ပါပဲ… ကျန်ခဲ့တဲ့လက ဒေါ်စိန်နု လေဖြတ်ပြီး ဆုံးရော… ငါက ကြောက်ပါတယ်ဆို အတူနေတဲ့လူဆုံးတော့ နေကိုမနေရဲတော့တာ…"

ညို့အပြောကြောင့် ခင်မွန် ပြုံးရတယ်… ကြောက်တတ်တဲ့ လူကျမှ… အတူနေသူက ဆုံးသတဲ့။

" ဒီကြားထဲ နင် ချိုချိုဝင်းသိလား ကိုဧ၊ဝင်း ညီမလေ"

" အေး သိတယ်… ဟဲ့ ချိုချိုဝင်းက ဒီမှာလား "

" သိပ်ဟုတ်တာပေါ့… သူ့ယောကျ်ားက ဒီမှာ ခြံတွေရှိတယ်… ခြံလုပ်ငန်းမှာ ငွေလိုလို့ပါဆို ဟိုးအရင်ကတည်းက ငါ့ဆီ ငွေတစ်သိန်းလာချေးတယ်… ငါလည်း ငွေရှိပါလျက်နဲ့ မရှိဘူးက

www.burmeseclassic.com



မပြောချင်လို့ ချေးလိုက်မိပါတယ်... ပြန်ကို မဆပ်တော့တာ... နောက် ငါ့ကို ဘာပြောတယ် မှတ်လဲ... အခုနေတဲ့ အိမ်ကြီးမှာ အောက်ထပ်မှာတော့ ပိတ်ထားလို့ အပေါ်မှာ ငါနေပါဆိုပြီး... ငါ ဒီမြို့က မပြောင်းမချင်း အလကားနေပါ... ငါ့ငွေလည်း သူ လေးငါး ခြောက်လနေ ဆပ်ပါမယ်ဆိုလို့ သဘောတူလိုက်ရတာ... ငါလည်း ဒီအိမ်ကြီးကို ပြောင်းလာတာ... နှင်မလာခင် ဆယ်ရက်ကမှ... နှင် မလာခင်ရက်တွေတုန်းကလည်း ကြောက်လွန်းလို့ ကျောင်းက အစောင့်ကြီးမိန်းမ မတင်ဝေ ခေါ်အိပ်ရတာ..."

ဪ... ဒီလိုလား...

ခုတော့ သဘောပေါက်ပါပြီ။

အကြောက်လွန်ပြီး 'ခင်မွန် ချက်ချင်းလာပါဆို သံကြိုးရိုက် ခေါ်တဲ့... ညို။

" အေးတယ်... အေးလိုက်တာ..."

အနွေးထည်အိတ်ထဲ လက်ထည့်ထားလည်း မရပါလား...။ လမ်းကလေးကတော့ နှင်းမှုန်တွေအောက်မှာ... ရွှေခပ်လှမ်းလှမ်း တောင် မမြင်ရ...။

" ချမ်းတာကြောက်လို့သာ... ပျော်တော့ပျော်စရာ... ဟယ်... လှလိုက်တာ... "

မျက်ဝန်းတဆုံး ပွင့်နေတဲ့ ပန်းရိုင်းပင်တွေ... ပန်းနုရောင် အဖြူရောင်... အရောင်ကလည်း စုံ... လှလည်းလှနဲ့။

" ဒါက ဘယ်သူ စိုက်ထားတာလဲ... လှလိုက်တာ... လှလိုက်တာ... ခူးရင်ရမလား ညို "

" လာပြန်ပါပြီ... ပန်းသရဲရယ်... နှင် ပန်းကြိုက်ပုံမျိုးနဲ့

www.burmeseclassic.com



ဒီမှာနေရင်တော့ ခူးလို့ကို မနိုင်အောင် ပေါပါလိမ့်မယ်…"

ခပ်လှမ်းလှမ်းမှာ အသံကြားရသလိုနဲ့ အနားကို ဂျစ်ကား တစ်စီး ဖြတ်သွားပါတယ်။ ဂျစ်ကားက ခပ်လှမ်းလှမ်းရောက်တော့မှ နောက်ပြန်ဆုတ်လာပါရော။

" ဆရာမ ဒေါ်ညိုညို… "

" ဩော်… ဘယ်သူများပါလိမ့်လို့ ဆရာဦးစိုးဝေပါလား… ဘယ်ကပြန်လာလဲ…"

" မြို့စွန်ဘက်ကပါ… သိုးတွေ နေမကောင်းဘူးကြားလို့ သွားကြည့်တာ… နှင်းနဲ့မို့ ရုတ်တရက် ဆရာမကို မမြင်လိုက်တာ…"

ကားပေါ်က ဆင်းလာတဲ့ လူကိုလည်း ခင်မွန်မသိတာမို့ လမ်းဘေးက ပန်းရိုင်းတွေကို နှစ်သက်စွာ ခူးမိတာမှာ… လက်လည်း နှင်းတွေနဲ့ ရွှဲနေပြီ…။

" မိတ်ဆက်ပေးရဦးမယ်… ညို့သူငယ်ချင်းပါ ခင်မွန်လတ်တဲ့… ခင်မွန်ရေ… တိရစ္ဆာန်ဆေးကုဆရာဝန် ကိုစိုးဝေ…"

" ဟုတ်ကဲ့…"

ရယ်သာပြလိုက်တာ…။ ခင်မွန့်စိတ်တွေက ခူးလာတဲ့ ပန်း ကလေးရဲ့ လှပခြင်းမှာပဲ ရှိနေပါတယ်။

" ဘယ်သွားကြမလို့လဲ "

" ဈေးဘက်ပါ… ခင်မွန့်ကို တို့ဟူးသုပ်လိုက်ကျွေးပြီးတော့ ဟိုဒီလိုက်ပြရမှာပေါ့…"

" ကျွန်တော် လိုက်ကျွေးပါရစေ "

" နေပါစေ ကိုစိုးဝေ… ကျွန်မတို့ကို ခွင့်ပြုပါဦး "

ညို့နှုတ်ဆက်သံနဲ့အတူ ခင်မွန် ခြေလှမ်းတွေ ဆက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကားက ရှေ့မှထွက်သွားပြီးတော့မှ ညို့ကို မေးမိပါပေါ့။

" လက်ထပ်မယ်ဆိုရင်လည်း မြန်မြန်လက်ထပ်... ဒါမှ ခင်မွန်လည်း ပြန်လို့ရမယ် "

" အံမယ်... သူမနေချင်ရင် မနေချင်ဘူးပြောပါ... ဆရာကိုစိုးဝေနဲ့ ခင်တာ ကြာပြီ... ခုလောက်ကြည့်တာ ဒီတစ်ခါပဲ ဆွေဖူးတယ်... ကောင်းတယ်... ဒါမှ ခင်မွန့်ကို ဒီမှာ အမြဲ ခေါ်ထားလို့ရမှာ..."

" တော်ပါတော့... ရင်မခုန်ဘူး "

" ခုထိ ဒီလက်သုံးစကားက ရှိနေပါသေးလား... အလွန်သုတဲ့ ခင်မွန်လက်ကို ဘယ်သူက ချစ်တယ်ပြောပြော ဟင့်အင်းချည်းပဲ... မေးလိုက်ရင်တော့ ရင်မခုန်ဘူးပါပဲလား..."

ဈေးလေးက ချစ်စရာလေး...။

ဆိုင်တန်းတွေရှိတဲ့ဘက်ထက်စာရင်... ကွင်းပြင်ကျယ်တွေမှာ ဒီအတိုင်းရောင်းတဲ့ ဈေးသည်တွေက ပိုဝယ်ချင်စရာ ကောင်းသလိုပါပဲ။

" ဟင်းရွက်တွေကလည်း စားချင်စရာတွေချည်းပါပဲလား... ညို နှင့်ကို ဘယ်သူချက်ကျွေးလဲ "

" ဟိုးအရင်က မမစိန်နုကြီး ချက်ကျွေးတာ... ဒါကြောင့်လည်း မမစိန်နုဆုံးတော့ ငါအရမ်းကြောက်တာ... နောက်တော့ ဒေါင်ဝေကပဲ ချက်ကျွေးနေတာ... မနေ့ကညနေထိပေါ့... နင်ရောက်လာပြီး ဒီနေ့ကစ ငါတို့ဘာသာ ချက်စားကြမယ်လေ..."

" ငါတို့ဘာသာ ချက်စားကြမယ် ဟုတ်လား... သေချာပြောပါ... ခင်မွန်ချက်ကျွေးတာတွေ ညိုစားမယ် ပြောပါလား "

www.burmeseclassic.com

www.burmeseclassic.com



" သိပ်ဟုတ်တာပေါ့... တစ်ခုတော့ ရှိတယ်... ဒီမှာက အေးတော့ အစစ ပူပူနွေးနွေးမှ စားကောင်းတယ်... ဟင်းရွက်တွေ သိပ်စားရင်လည်း ရင်ပြည့်တယ်... "

" ဒါဆို ဈေးတစ်ခါတည်းဝယ်မလား "

" ဒီနေ့ ဝယ်စားကြရအောင်ပါ..."

တို့ဟူးသုပ်ကတော့ တကယ့် ခင်မွန့် အကြိုက်ပါပဲလေ...။ ဒီနေ့ဝယ်စားမယ် ဆိုပေမယ့် နောက်နေ့လည်း ချက်ရမယ့် အတူတူ လိုမယ်ထင်တာတွေ ဝယ်ပြန်လာခဲ့ကြတယ်လေ။

နှင်းကွဲချင်တော့လည်း မြန်သား..

နေခြည်ကတော့ အတော်လေး ရင့်လာခဲ့ပြီ။ ပွင့်နေတဲ့ ပန်းတွေက နေခြည်မှာ ပိုလို့တောင် လှလာပါသေးလား။

" ချမ်းတာကိုတော့ ကြောက်တယ်... ဒါပေမယ့် မြို့လေးက ပန်းတွေအရမ်းလှလို့ နေချင်စရာလေး... ညို ငါဒီမှာ ကြာကြာနေပေး ပါမယ်... အမေ့ကို အရမ်းလွမ်းလာရင်တော့ ငါပြန်မယ်..."

" အမေစောက နင်တစ်ယောက်တည်း ပြန်လာလို့က နင့်ကိုဆူမှာ..."

ညိုတစ်ယောက်က သည်သို့ အမြဲသာ ခင်မွန့်ကို အနိုင်ယူ နေကျပဲ မဟုတ်လား...။

www.burmeseclassic.com

www.burmeseclassic.com

ခုမှပဲ… ညိုနေသည့် အိမ်ကြီးကို ပီပီပြင်ပြင် မြင်ရတာ… အိမ်ကြီးက အတော်ကြီးပါတယ်… အောက်ထပ်က ပိတ်ထားလို့ မမြင်ရပါဘူး။ အပေါ်ထပ်ကတော့ ဘေးကနေတက်တဲ့ လှေကား အရှည်ကြီးက အမိုးနဲ့ တဖြောင့်တည်းကြီးပါ။

"အဲလောက်ကြီးတဲ့ အိမ်ကြီးရဲ့ အပေါ်မှာ အခန်းတွေက အများကြီး… ညိုတစ်ယောက်တည်း နေရမယ်သိရင် ငွေမရလည်းနေ မနေခဲ့ဘူး… ခင်မွန်… အခုတောင် စဉ်းစားနေတယ်… အိမ်ရှာမယ် လေ… မနေချင်ဘူး ကြောက်တယ်…"

"ခင်မွန်ကတော့ ညရေးညတာ မကျန်းမာရင် တစ်ခုကလွဲပြီး ကျန်တာ မစိုးရိမ်ပါဘူး… မကြောက်ပါဘူး "

အပေါ်ထပ် ဧည့်ခန်းကြီးကိုက အကျယ်ကြီး… ဘေးဘက်မှာ အခန်းကျယ်ကြီး သုံးခန်းစီ ရှိတယ်… ပြီးတော့ မီးဖို ရေချိုးခန်း အိမ်သာတွေက နောက်ဘက်မှာ… မီးဖိုဆိုလည်း အကျယ်ကြီး… ရေချိုးခန်းကိုက မနည်းမနော…။

"အမှန်က ဒီအိမ်ကြီးရဲ့ အိမ်ရှေ့ဧည့်ခန်းမှာ အန်တီသန်းတို့ အဖွဲ့ကို ခေါ်ပြီး ဖဲရိုက်ခိုင်းရမှာ "

"ခင်မွန်ကလည်းလေ…"

ခေါင်းရင်းဘက် အခန်းသုံးခန်းမှာ တစ်ခန်းကို ယူပြီး ညိုနေပါတယ်… အခုတော့ ခင်မွန်နဲ့အတူပေါ့… ကျန်တဲ့အခန်း

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခန်းရှယ်... ခြေရင်းက အခန်းသုံးခန်းရှယ်က ပိတ်ထားတယ်လေ...
" ညိုကြောက်မယ်ဆို ကြောက်စရာပေါ့လေ..." သည်သို့ မှင်ထဲကပဲ တွေးမိပါတယ်။
" ညို... ရိုးသားပြီးတော့ နင့်ကိုခင်မင်တဲ့ အထဲမှာ အမေတို့ အသက်လောက် အဒေါ်ကြီးတွေမရှိဘူးလား... တစ်ယောက် လောက်တော့ ခေါ်သင့်တယ်..."
" ဘာလို့လဲ..."
" ဘာလို့မှ မဟုတ်ဘူး... ငါလည်းမကြောက်ပါဘူး... ဒါပေမယ့် မြို့ခံဆို ပိုကောင်းတာပေါ့ "
" ဒါဆိုရင်..."
ညိုကတော့ ဘယ်သူ့ခေါ်ရမလဲ စဉ်းစားနေပုံပါပဲ... ပြီးတော့ မနက်ဖြန်ခါ သူ ကျောင်းအသွား စီစဉ်ခဲ့မယ်လို့ ပြောပါတယ်... မီးဖိုထဲမှာ ထမင်းဟင်းချက်စားဖို့ ပစ္စည်းလေးတွေ ပြင်ဆင်တဲ့အခါ ညိုတို့များ သတ္တိအတော်ကောင်းစွာ ခင်မွန့်အနား လာနေပါတယ်...
" ညို... ငါတို့နေတဲ့ အခန်းဟာ ခေါင်းရင်းဘက်ကြီး ကျလွန်းတော့ ငါမကြိုက်ဘူး... အဲဒီမှာ ဘုရားခန်းလုပ်ရအောင်... ငါကို့ခြေရင်းဘက် ထိပ်ဆုံးအခန်းရွှေ့မယ်..."
" ရွှေ့လေ..."
" ဒီနေ့ အပြီး ရွှေ့ကြမယ်... ဒါကြောင့် ညနေစာလည်း ဝယ်ပဲ စားလိုက်ကြရအောင်... အခန်းတွေ ရှင်းမယ်... ကြမ်းတို ပြင်ဆင်မယ် "
မီးဖိုလေး ပြင်ဆင်ပြီး ခြေရင်းဘက်နေမယ်ဆို့ ရည်ရွယ်သော ထိပ်ဆုံးဘက်အခန်းကို သော့ဖွင့်ကြည့်လိုက်တယ်။ အခန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



အကျယ်အဝန်းက အတူတူတွေလိုပါပဲ...။ ဖုန်တွေ အရင်ရှင်းမယ်ဆို တံမြက်စည်းလှည်းနေရင်းက အပြင်ဘက်ထွက်တဲ့ တံခါးဆီရောက်ခဲ့တယ်...

" ညို... အပြင်ထွက်ကြည့်ရအောင် "

" အပြင်မှာ ဝရန်တာလေးတွေ ရှိတယ်..."

ဟုတ်ပါလား... ဝရန်တာလေးက သပ်ရပ်နေတာပါပဲ... ခပ်လှမ်းလှမ်းမှာ တယိမ်းယိမ်း တနွဲ့နွဲ့နဲ့ ဝါးရုံပင်ကြီးကို မြင်ရပါပြီ။

" တွေ့လား... တွေ့လား.. နေ့ခင်းကြီးမှာတောင် လေလေးတိုက်တာနဲ့ တလှုပ်လှုပ် တရွရွဖြစ်နေတာ... ညဘက်အမှောင်ဆို ဘယ်လောက် ကြောက်စရာ ကောင်းလိုက်လေမလဲ..."

ညိုပြောတာလည်း ဟုတ်ပါတယ်...

ကြောက်ရွံ့အားငယ်တတ်သူအတွက် အမှောင်မှာ သစ်ပင်တွေရဲ့ ယိမ်းထိုးလှုပ်ခါနေမှုဟာ တကယ့်ကို ထိတ်လန့်စရာ ဖြစ်မှာပါ။

" ဟိုဘက်ခြံက အုတ်တံတိုင်း စည်းရိုးကြီး ခတ်ထားတာ မနည်းပါလား..."

" အင်း... ဟုတ်တယ်... သူတို့ဘက်ဝဲ ခတ်ထားတယ်... ငါတို့ဘက်မှာတော့ သစ်သားစည်းရိုးတွေပါပဲ ခင်မွန်ရယ်..."

" ဝါးပင်တွေကြားကနေ သေချာကြည့်တော့ အိမ်ကြီးတစ်အိမ်ရှိနေတာပဲ... ဒီအိမ်လိုပဲ အိမ်အကြီးကြီး တစ်အိမ်ပါလား ညို... ဘယ်သူ့အိမ်လဲ နင်သိလား..."

" ဘယ်သိပါ့မလဲ... ညိုလည်း ရောက်တာမှ မကြာရသေးဘဲ ကြောက်လို့ အရင်နေတဲ့ ခေါင်းရင်းဘက်က လွဲပြီး ဘယ်မှ မကြည့်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှင်ကြီးကတော့ ဘာမေးမေး မသိလောက်အောင် ကြောက်တာပဲ ရှိနေတာပါလား။

"ဝါးရုံပင်တွေ တလှုပ်လှုပ်မို့ မမြင်ရဘူးထင်တာ သေချာကြည့်တော့ မြင်ရပါတယ်... တံခါးတွေ ပိတ်ထားပါလား... လူရောနေရဲ့လား..."

"သူ့ဘာသာနေနေ မနေနေ ခင်မွန်ရယ်... ငါ ကြမ်းတိုက်မယ် နင်ဆက်စပ်စုနေ..."

"အေးပါ..."

ဝါးရုံတွေ ရွေ့တဲ့အခါမှာတော့ တစ်ဘက်ခြံထဲ မြင်ရပါလား။ အဝင်လူသွားလမ်းကိုလည်း သေချာမြင်ရတယ်။ သစ်ပင်တွေက ဝါးပင်တွေကလွဲလို့ သိပ်ကြီးမားတာမျိုးက တစ်ပင်နှစ်ပင်ရှိပေမယ့်... လမ်းကိုတော့ မြင်ရတယ်...။

ဂျစ်ကားတစ်စီး ဝင်လာပါလား။

"ညို... ဟိုဘက်အိမ်မှာ ဂျစ်ကားတစ်စီး ရှိတယ်..."

"ဒီဘက်မှာက လူတိုင်းလိုလို ဂျစ်ကားအသုံးများတာပဲ..."

ကားပေါ်က လူတစ်ယောက်ဆင်းလာပြီး အိမ်ထဲဝင်သွားတာ ဖျတ်ခနဲ မြင်ရပါလား။ လူကို အတော်မြင်နိုင်ပေမယ့် ရုပ်ပီပြင်လောက် သည်ထိတော့ မနီးဘူးလေ။

"သူများတွေလည်း ဒီလိုပဲ နေနေကြတာ... ညိုပဲ ကြောက်နေတာ နေမှာပါ..."

ခင်မွန်ကတော့ သည်သို့ ထင်တာပါပဲ... လူနေနည်းတဲ့ ရပ်ကွက်မျိုးမို့ တိတ်ဆိတ်နေတာတော့ ရှိမှာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com

ညီ့က ခင်မွှန်ကြောက်နေမယ်။ သူနှင့် ကျောင်းကို လိုက်ခဲ့တဲ့...။ ဒီနေ့ပဲ အတူနေဖို့ အဖော်တစ်ယောက် ရှာခဲ့မယ်လို့ ပြောပါတယ်။ ခင်မွှန်မကြောက်ပါဘူး... မလိုက်ချင်ဘူး.. စာဖတ်ရင်း နေခဲ့မယ်လို့ပဲ ပြောလိုက်တာပေါ့...။

နေ့ခင်းကြောင်တောင် ပိုပြီးကြောက်စရာ မရှိသေးဘူးလေ..။ ညီ ကျောင်းထွက်သွားပြီးတော့ တစ်ယောက်တည်းလည်း ကျန်ရော... နေ့က စပ်စုထားတဲ့ ဝရန်တာမှာ ပက်လက်ကုလားထိုင်လေးချ စာဖတ်နေလိုက်တာပေါ့...။ ရန်ကုန်က ယူလာတဲ့ မြေပဲလှော် ထည့်ထားတဲ့ ပုံးလေးဘေးချပြီး မြေပဲခွာစားရင်း စာဖတ်နေတာ ညီ့လို ကြောက်တယ်ဆိုတာ သတိတောင်မရ...။

"ကွစ်... ကွစ်... ကွစ်" နဲ့...။

အသံတစ်သံ...။

ဘာသံလဲ...။

ဟိုဒီကြည့်ဖို့ ထိုင်ရာက ထလိုက်တဲ့အချိန် မကြောက်တတ်တဲ့ ခင်မွှန် လန့်ပြီးတော့... နောက်ဆုတ်လိုက်မိပါပြီ။

ဝရန်တာ လက်တန်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတာ မျောက်ကြီးတစ်ကောင်ပါ...။

ခင်မွှန် ခွာပြီးတော့ ချထားတဲ့ မြေပဲခွံလေးတွေကို ကောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝါးနေတယ်…။

ဒီလိုကျတော့ ခင်မွန် သနားသွားတာမို့ မြေပဲလှော်ပုံးကို ဖွင့်ပြီး ဝရန်တာလက်တန်းပေါ် ခပ်ဝေးဝေးမှာ မြေပဲတစ်ဆုပ် တင်ပေးလိုက်တဲ့အခါ…။

ခင်မွန့်ကို အကဲခတ်သလို ကြည့်နေပြီးမှ အသာလေး လာယူပါတယ်…။

ဒီအချိန် စူးရှတဲ့ လေချွန်သံကြားရပြီးတော့ မျောက်ကြီးက ဝရန်တာကနေ ဆားဘက်သရက်ပင်ပေါ် ခုန်ကူးသွားတာ မြန်လိုက် တာ။ ခဏနဲ့ ပျောက်ကွယ်သွားပါလေရော…။

ဒါဟာ လူတစ်ယောက်ယောက် မွေးထားတဲ့ မျောက်လား။ မြင်နေရတဲ့ အိမ်က မျောက် ထင်ပါရဲ့…။

ညီ့ကိုတော့ ပြောထားရဦးမယ်။ ဝရန်တာအထိ ရောက်လာ တတ်တဲ့ မျောက်တစ်ကောင်ရှိတယ်… ညီမကြောက်နဲ့လို့လေ။

နေ့ခင်း နေအတော်ပူနေတာတောင်မှ အအေးဒဏ်က အနည်းငယ် ကျန်နေသလိုပါပဲလား။ ဒါကြောင့်လည်း ညဆို အတော် အေးတယ်… ညနေစောင်းရင်ကို ချမ်းစိမ့်လာသလို ခံစားရတယ်။

ဒီလိုမြို့မှာ အမေသာဆို နေလို့ရမည် မထင်။

အမေ့မှာက ရင်ကျပ်ပန်းနာရောဂါရှိတယ် မဟုတ်လား… စာလည်း မဖတ်ချင်လို့ ဟိုဒီငေးနေမိတယ်…။

ခွေးတစ်ကောင်ရဲ့ စူးစူးဝါးဝါးဟောင်သံကို ကြားရတယ်။ ခွေးက အင်းခွေးကြီးတွေ အယ်လ်ဖေးရှင်း ခွေးကြီးတွေလို အသံကြီး အကြီးကြီးပါ…။ အဲဒီခြံကြီးမှာ ခွေးရော ရှိသလား။

မျောက်ကရော အဲဒီခြံကြီးကလား…။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းကို ဆူဆူညံညံဆွဲသံကြောင့် ဘယ်သူလဲလို့ ...တားထိပ် ထွက်လာကြည့်မိတဲ့အခါ...။ ညီပါလား။ ကျောင်းဆင်း ...လည်း မဟုတ် ဘာလို့ပြန်လာပါလိမ့်။

ဩော်... ညီတစ်ယောက်တည်းမှ မဟုတ်တာ။

နောက်မှာ အမေတို့အရွယ်နီးပါး အဒေါ်ကြီးနှစ်ယောက် ...လာပါတယ်။ အဝတ်အစား အပြင်အဆင် ရိုးသားပြီးတော့ ...စ်ယောက်နှင့် တစ်ယောက် အဝတ်အစားသာ မတူတာ... ရုပ်က ...တော့ ခွဲရခက်နီးပါး တူညီနေပါလား။

" ခင်မွန်ရေ... ဒေါ်ဒေါ်လှနဲ့ ဒေါ်ဒေါ်မြတဲ့... အမွှာညီအစ်မ ...... ညီ့သူငယ်ချင်း မစံရဲ့ အဒေါ် ဝမ်းကွဲတွေ... ညီက ...အညီတောင်းလွန်းလို့ အစ်ကူလာနေပေးကြမှာ... အဆော်ပဲ ...ခန်းမှာ ဒေါ်ဒေါ်တို့ညီအစ်မနေပေါ့ "

" အေးကွဲ့ ကောင်းတယ်... ကောင်းတယ်..."

ဒေါ်ဒေါ်လှက ကောင်းတယ် ပြောပေမယ့် ဒေါ်ဒေါ်မြကတော့ ...ကြည့်ဒီကြည့် မျက်နှာငယ်လေးနဲ့ပါလား။

" လှလှ... နင့်ကတိအတိုင်းနော် "

" အေးပါဟဲ့... မြမြကလည်းလေ..."

သူတို့ညီမနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် လှလှနဲ့ ...လို့ ခေါ်ကြတာပါလား။ အဝတ်အစားတွေက နွမ်းပါးပေမယ့် ...င်နေပါတယ်။

" ဒါဆိုရင် ဒေါ်ဒေါ်လှနဲ့ ဒေါ်ဒေါ်မြ... ခင်မွန်နဲ့ နေခဲ့တော့ ... ကျောင်းပြန်ရဦးမှာ..."

" ဟဲယ် ညီ ကျောင်းပြန်ရဦးမှာလား..."

www.burmeseclassic.com

www.burmeseclassic.com



" နေ့ခင်းဘက် ခင်မွန်တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ ပြန်ပို့ပေးတာ..."

ညိုက ခင်မွန့်ကို ချစ်တယ်ဆိုတာ သိပြီးသားပါလေ။ သူငယ်ချင်းလို ညီအစ်မလို နေခဲ့ကြတာ... နှစ်တွေလည်း နည်းမှ မနည်းတော့တာ။

" ခင်မွန်ရေ... ဒေါ်ဒေါ်တို့ အခန်းသန့်ရှင်းဦးမယ် "

" ဟုတ်ကဲ့... ဒေါ်ဒေါ်လှ ခင်မွန်လည်း ကူမယ် "

" မဟုတ်တာ မကူရပါဘူးကွယ်..."

ဒေါ်ဒေါ်လှက တစ်ခန်းလုံး ဖုန်ရှင်းကြမ်းတိုက်နေသမျှ ဒေါ်ဒေါ်မြကတော့ ဟိုငေးဒီကြည့်နဲ့ ဘာမှလည်း မကူပါလား။ တစ်ယောက်က တစ်ယောက်ကို မငဲ့ညှာသလိုပါလို့ ခင်မွန်ကတော့ အားမနာတမ်း ကြည့်မိ တွေးမိပါပြီ။

" လှလှ... နင့်ကတိအတိုင်းနော် "

လာပြန်ပါပြီ... ဘယ်လိုပါလိမ့်... ခုနကလည်း ဒီအတိုင်း ပြောတယ်..." ဘာပါလိမ့်။

" ခင်မွန်ရေ... ဒေါ်ဒေါ်လှတို့ ညီအစ်မမှာ ဒေါ်ဒေါ်မြက အစစကြောက်တတ်တယ်... သူက အထူးသဖြင့် သရဲကြောက်ရ... မိုးခြိမ်းကြောက်ရ... ခွေးဟောင်ကြောက်ရနဲ့ နေစရာကို မရှိဘူး... ဒီအိမ်ကြီးလည်း ကျယ်လို့ဆို ကြောက်သတဲ့... ဒါကြောင့် အမြဲတမ်း သူ့အနားက တစ်ဖဝါးမခွာ တပူးတွဲတွဲ အမြဲနေပါမယ်လို့ ကတိပေး၍ ဒီမှာ လိုက်အလုပ်လုပ်ခွင့်ပြုတာလေ... ဒေါ်ဒေါ်လှတို့မှာ အမေကြီး ရှိတယ်... အမေက အသက်ကိုးဆယ်ကျော်ပြီကွဲ့... မျက်စိမမြင်ရှာ ဘူး... အစ်ကိုကြီးနဲ့ နေတာ... ဒေါ်ဒေါ်လှတို့ရဲ့ အပျိုကြီး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဆိုတော့ အမေ့ကို ရှာဖွေကျွေးကြတာ...”

ခုလိုကြားရတော့ သဘောလည်းပေါက် သဘောလည်းကျနဲ့ ဒေါ်ဒေါ်လှတို့ကို ခင်မွန် ပိုလို့ ခင်မင်သွားရသလိုပါပဲလား။

www.burmeseclassic.com

www.burmeseclassic.com

" ဘယ်လိုလဲ ခင်မွန်... ဒေါ်ဒေါ်လှတို့ လက်ရာ ဘယ်လို နေလဲ... "

ညနေစာဟင်းကို သူတို့ညီအစ်မ ချက်ပေးတယ်လေ... လက်ရာက စားလို့ အတော်ကြီး ကောင်းပါတယ်။ တစ်ခုပဲရှိတာ အစပ်တော့ နည်းနည်းများသလိုပါ။ ညီ့မှာ ဆီးအောင့်တတ်တဲ့ ရောဂါရှိတာတော့ ပြောပြထားရမယ်။

" ကောင်းပါတယ်... ဒေါ်ဒေါ်လှကို ခင်မွန်ကူမယ် ပြောတာလည်း လက်မခံဘူး... မိန်းကလေး ထိုင်နေ သွားနားနေနဲ့ ဘာမှမကူရဘူး "

" အဲဒါကောင်းတာပေါ့... ညီက ခင်မွန့်ကို နားနားနေနေ နေစေချင်တာ "

" မဟုတ်ဘူးလေ... သူတို့နဲ့အတူတော့ ကူချင်တယ် "

" ထားလိုက်ပါ... ဒေါ်ဒေါ်လှက အလုပ်တော်တယ်... တစ်ခုပဲ... သူတို့နှစ်ယောက်က အမြဲ ပူးနေမှာ ဈေးသွားအတူ ဘယ်နေနေ အတူပေါ့... ဒေါ်ဒေါ်မြက ညီ့လိုပဲ အားလုံး ကြောက် နေတာ "

" ဒေါ်ဒေါ်လှကလည်း ပြောပါတယ်... "

အပြင်မှာ မှောင်စပြုတာနှင့် အေးစိမ့်လာသလိုပါလား...။

www.burmeseclassic.com

www.burmeseclassic.com



ခဲကြောင့် ညှော်ခန်းက မီးလင်းဖိုကြီးမှာ မီးထည့်ထားတယ်လေ...။

"အညာက ဆောင်းကို လွမ်းတယ်... ထန်းပင်မြစ်ဖုတ် စားရတာ မမေ့ဘူး..."

"ဒီမှာက အာလူးတို့ ကန်းစွန်းဥတို့ ဖုတ်စားလို့ရတယ်... ဆောက်ရက်စားမလား အခု အာလူးရှိတယ်"

"မစားတော့ပါဘူး ဒေါ်ဒေါ်လှရယ်..."

"ပျင်းစရာကြီးဟာ... ငါတို့ တစ်ခုလိုနေပြီ"

"ဘာလိုလဲ ညို"

"တီဗွီလေ... ဘာပဲပြောပြော တီဗွီလေးရှိတော့ မပျင်းရဘူး ...ဝယ်မယ်"

"ဟုတ်တယ်... ဟုတ်တယ် ကောင်းတယ်"

အမြဲလို ညိုတို့ခင်မွန်တို့နှင့် ပြောသမျှ ဆိုသမျှ ဒေါ်ဒေါ်လှ အသံပဲ ကြားနေရတာ...။ ဒီတစ်ခါတော့ အားပါးတရ ထောက်ခံ ...ဆိုလိုက်တဲ့ ဒေါ်ဒေါ်မြအသံကြောင့် ခင်မွန် ပြုံးရပါလား။

"အား... အား..."

ရုတ်တရက် ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်လိုက်တဲ့ အသံကြီးကြောင့် ခင်မွန် ထိတ်လန့်သွားရသလို... ဒေါ်ဒေါ်မြက ဒေါ်ဒေါ်လှကို စုန်ဖက်လိုက်တော့တာ။

ညိုကတော့ ခင်မွန့်အနားတိုးကပ်လာပြီး ဘာသံလဲ ခင်မွန်... ...အသံလဲ... ဘာဖြစ်တာလဲတဲ့။

ဘာသံလဲဆိုတော့... လူတစ်ယောက် ကြောက်လန့်နာကျင်ပြီး ...တဲ့အသံမျိုး... ပြီးတော့ ဘာဖြစ်တာလဲကတော့ ခင်မွန်လည်း ...သိပါ့မလဲ...။ အသံကတော့ ခပ်ဝေးဝေးလို နေရာက ...တာ...။

www.burmeseclassic.com



" ခေါ်ခေါ်မြနဲ့ ညို့ သိပ်ကြောက်ရင် ဖက်ထား... လာ ခေါ်ခေါ်လှ ခင်မွန်တို့ အိမ်ရဲ့ ဟိုးအနောက်ဘက်ဆုံး ခြေရင်းခန်း ဝရန်တာ သွားကြည့်ရအောင်... "

" လှလှ... လှလှ "

" မြမြ... သိပ်ကြောက်ရင် ညို့ကို ဖက်ထား "

ခေါ်ခေါ်မြကတော့ မငြင်းရှာပါဘူး။

ညို့အားကပ်ပြီး လက်မောင်းကို သေချာဖက်ထားတော့တာ...

" လာ... ခေါ်ခေါ်လှ... "

တစ်ခုတော့ ခင်မွန် စိတ်ချမ်းသာရပါပြီ...

ခေါ်ခေါ်လှက ခင်မွန့်နှယ် သတ္တိရှိတာပါပဲ...

အမြဲလိုကြောက်တတ်နေရင်... ဘယ်အလုပ်ဖြစ်ပါ့မလဲ...။

အခန်းထဲကနေ အပြင်တံခါး ဖွင့်လိုက်တယ် ဆိုရင်ပဲ... အေးစိမ့်နေတဲ့ လေကိုရတယ်။ ဒီဝရန်တာကနေဆို ဟိုဘက်အိမ်ကြီးကို အပီအပြင်လိုကို မြင်နေရတာပါလား... ခင်မွန်တို့နေတဲ့ အခန်း ဝရန်တာကဆို အတော်ကြီး စောင်းနေသလို ဝါးရုံတွေက ကွယ်နေတယ်... အိမ်ကြီးကိုသွားတဲ့ လမ်းလောက်ပဲ မြင်ရတာ။ အခုက ထင်ရှားနေပါလား။

" အား... အား... အ... အ... "

ဟော...

ဟော အော်ပြန်ပြီ ခေါ်ခေါ်လှဆိုတော့ အင်းဟုတ်တယ် အသံက အဲဒီဘက်က လာတာပဲတဲ့...။

" လူတစ်ယောက်ကို နှိပ်စက်နေလို့ မချိမဆန့် အော်နေရတဲ့ အသံမျိုး... ဒါပေမယ့် လူသံနဲ့လည်း မတူသလိုပဲ... အကောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် အော်သလိုပဲ... အဲဒီအိမ်ကြီးမှာ ဘယ်သူနေလဲ ဒေါ်ဒေါ်မြ သိလား..."

အရင်တုန်းကတော့ ဆရာကြီးဦးမြင့်ထွန်းဆိုတဲ့ သစ်တော ဝန်ထောက်ကြီး နေတာပဲ... နောက်တော့ ဝန်ထောက်ကြီးလည်း ဆုံးရော... ရောင်းလိုက်သလိုလို... အမျိုးတွေပဲ လာနေသလိုလိုနဲ့ မသိတော့ပါဘူး... အဲဒီအိမ်က လူတွေက ဈေးကိုတောင် မြို့ကြီးဘက် ဆင်းဝယ်တယ်... ဂျစ်ကားရှိပေမယ့်... သားဘက်က အကာအရံတွေနဲ့"

"ဒါဆို သူတို့က လျှို့ဝှက်တာမျိုးလား"

"မပြောတတ်ပါဘူး"

ခဏကြာအောင် စောင့်ကြည့်ပေမယ့် အသံလည်း ထပ် မကြားရသလို ဘာအရိပ်အယောင်မှ မမြင်ရလို့ ပြန်ဝင်လာခဲ့ကြတယ်။ မီးဖိုဘေးမှာတော့ ညို့လက်ကို ဒေါ်ဒေါ်မြဖက်ထားဆဲပါ။

"ညို... ငါတို့ မနက်ဖြန်ကစ အဲဒီနောက်ဆုံးအခန်းကို ပြောင်းနေမယ်... နင်ကြောက်လို့ မလိုက်ရဲရင် ငါတစ်ယောက်တည်း နေမယ်..."

"မဟုတ်တာ ခင်မွန်ရယ်... ငါပါလိုက်နေပါမယ်..."

အဲဒီအခန်းကနေ ဟိုဘက်အိမ်ကြီးကို ကြည့်ရင် ရတယ်...။ ဒေါ်ဒေါ်မြရဲ့ မျက်နှာငယ်လေးကို ကြည့်ပြီး ပြောလိုက်ရသေးတယ်။

"သူ့အိမ်မှာသူ ဘာဖြစ်ဖြစ် နေပါစေ... ခင်မွန်တို့ကို လာမနှောင့်ယှက်ရင် ပြီးတာပါပဲ..."

ဒီကို လာမနှောင့်ယှက်ရင်တော့ နေလို့ရပါတယ်... ဒါပေမယ့်... ခင်မွန်ကတော့ သိချင်စိတ်တွေတော့ ရှိနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်တယ်နော်... ဒီအခန်းက ဟိုဘက်ကို ပိုမြင်ရတယ်... အိမ်ကြီးကိုရော အဝင်လမ်းကိုရော အတိအကျကို မြင်ရတာ... ဟိုအခန်းက တံခါးရွက်တွေ ကွယ်နေတာကိုး..."

ညိုက အခုမှ ဝရန်တာကို ထွက်ကြည့်တာလေ...။ ခင်မွန်က ညိုနဲ့အတူရပ်ကြည့်ရင်း ဘာများမြင်ရနိုင်သလဲ... သေချာစူးစမ်းနေမိတာ။

" ဟိုဘက်ကနေ ဒီဘက်ကိုတော့ တော်ရုံ ဘာကောင်မှ မဝင်နိုင်ပါဘူး... အုတ်နံရံကြီးက မြင့်ပါတယ်..."

" တကယ် ဘာကောင်မှ မဝင်နိုင်ဘူးလား... ညို "

" ဒါပေါ့ "

ညို့အပြောကြောင့် ခင်မွန်ရယ်ရတယ်။

တကယ်လို့များ တစ်နေ့က မြေပဲလာတောင်းတဲ့ မျောက်ကြီးကိုများ မြင်ရင် အော်လေမလား...။

" ငှက်ဆိုဝင်နိုင်တာပေါ့..."

" ငှက်က ကြောက်စရာမှ မကောင်းတာပဲ..."

" ရှဥ့် "

" မကြောက်ပါဘူး "

" ဒါဆို မျောက် "

" မျောက် မျောက်... မျောက်လာရအောင်... ခင်မွန်

www.burmeseclassic.com

www.burmeseclassic.com



မျောက် တကယ်ရှိလို့လား...”

“ ရှိတယ်...”

“ ဟင် ရှိတယ် ”

ညို အံ့သြသွားပြီ။ ဒီတော့မှ ခင်မွန်တောင် ရုတ်တရက် တွေ့ရလို့ လန့်သွားခဲ့ရတဲ့ မျောက်ကြီးအကြောင်း ပြောပြမိပါတယ်...

“ မျောက်က အဲဒီ အိမ်ကရော ဟုတ်လို့လား ”

“ မပြောတတ်ဘူး... အဲဒီဘက်ကို သစ်ကိုင်းတွေ ခုန်ကူး ပြန်ပြေးတာပဲ... လေချွန်သံကြားတာနဲ့ ပြေးတာ ”

“ ဒါဆိုရင် မွေးထားတာ ဖြစ်မယ်... လေချွန်ခေါ်တယ် ဆိုတော့ သခင်ရှိပုံပဲ ”

“ ဟုတ်တယ်...”

“ ဟယ်... ဟိုမှာလူတစ်ယောက်...”

ညိုနဲ့ ခင်မွန်က ဝရန်တာရဲ့ အောက်ဘက်ကနေ ထိုင်ကြည့် နေလိုက်တယ်။ အိမ်မကြီးရှေ့ကို ထွက်လာတာပါ...။ အရပ်မြင့်မြင့်ကြီးနဲ့ ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်းပါပဲ...

“ သိပ်အသက်ကြီးပုံ မရဘူး...”

“ ဟုတ်တယ်...”

“ မျက်နှာတော့ သေချာမမြင်ရဘူး... ဟော ဟော ဟယ်... ခွေး... ခွေး... ခွေးတွေပါလား ”

အဲဒီလူဘေးမှာ ခွေးသုံးကောင်က ပတ်ချာလည်ဝိုင်းနေပြီ...။

ခွေးတွေကို အခုမှ ကြည့်မိတာ... ဒိုဘာမင်ခွေးကြီးတွေမှ အဲဒီလူရဲ့ ကိုယ်ပေါ်ခုန်တက်နေပုံက အူယားစရာ...။

“ တစ်ခုခု ကျွေးနေတာ ထင်တယ်...”

www.burmeseclassic.com

www.burmeseclassic.com



" ညို… သေချာကြည့်စမ်း… အဲဒီလူ ပခုံးပေါ်မှာ ဘာကောင်လဲ…"

" အကောင်… အကောင်… အင်းဟုတ်တယ်… ခပ်ညိုညို အကောင်တစ်ကောင်ပဲ… မျောက် မျောက်ထင်တယ် "

" မျောက်… အင်း ဟုတ်နိုင်တယ်… ဟိုနေ့က မျောက်ကြီးက တော့ အကောင်ကြီးတာ… ဒီမျောက်က သေးသလိုပဲ…"

ခင်မွန်တို့ ကြည့်နေခိုက်မှာ အဲဒီလူက ဒီဘက်လှည့်ကြည့် လာလို့ နှစ်ယောက်သား ငြိမ်နေရသေးတယ်။

" ဦးဒိပ… ဦးဒိပ…"

" ညို… အဲဒီက စကားပြောသံက ကျယ်ရင်တော့ ကြားရ တယ်… မကျယ်ရင်တော့ ကြားရမှာ မဟုတ်ဘူး "

ခေါ်သံနှင့်အတူ လူတစ်ယောက် အနားရောက်လာပါလား ရောက်လာတဲ့လူက အသက်အတော်ကြီးပြီး အောက်ဘက်က ဘောင်းဘီရှည်ဝတ်ထားသလို အပေါ်ပိုင်းက အင်္ကျီမပါ… စွပ်ကျယ် တစ်ထည်ပဲ တွေ့ရပါလား။

" အဖိုးကြီးက ဒီလောက်အေးတာ စွပ်ကျယ်နဲ့…"

" ဟိုလူကရော… စပို့ရှပ်နဲ့ပဲ ထင်တယ်…"

စကားပြောနေတာပဲ တွေ့ရပြီး သူတို့နှစ်ယောက်က ညို တို့ဘက် လှည့်ကြည့်လာပါပြီ။

" ညို… ငြိမ်နေနော်… ငါတို့ကို ဝရန်တာ လက်ရမ်း သစ်သားတွေက ကွယ်နေတာ… မလှုပ်ရှားရင် မတွေ့ရဘူး "

" အင်းပါ…"

ဒီဘက်ကို ကြည့်ပြီး ဘာတွေပြောနေတယ် မသိ။ အဖိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးက ခေါင်းလေးတညိတ်ညိတ် လုပ်နေပြီးမှ ထွက်သွားပါပြီ။ အဲဒီလူလည်း အိမ်ထဲဝင်သွားရော... ခွေးတွေပါ မျက်စိရှေ့က ပျောက်သွားပါရော။

" ဒုစရိုက်မှုတွေများ လုပ်နေတာလား မသိ "

" ဟယ်... ဒုစရိုက်မှုလုပ်ရအောင် ဥပဒေမရှိတဲ့မြို့မှ ပျောက်တာ ညိုရယ်..."

" ဒါတော့ဒါပေါ့... ဒါပေမယ့် မဖမ်းမိခင်တော့ ကျူးလွန်နေကြတာတွေမှ အများကြီး..."

" ညိုကတော့လေ... ခင်မွန်တို့ ဘာမှမှ မသိနိုင်ကြတာကို..."

ညိုနဲ့ခင်မွန်က ဝရန်တာမှာ ဟိုဒီငေးနေကြတယ်ဆိုရင်ပဲ... ဒေါ်ဒေါ်မြနဲ့ ဒေါ်ဒေါ်လှက ဈေးသွားကြတယ်... ပြီးရင် ချက်ကြမယ်။

" တစ်ခါတလေတော့ ကိုယ့်ဘာသာ ဈေးသွားရအောင် ညို... ကိုယ်စားချင်တာ ကိုယ့်ဘာသာ ဝယ်ရအောင်..."

" သွားလေ... ခင်မွန်လည်း သွားတတ်နေတာပဲ... အိမ်မှာ အခုဆို ဒေါ်ဒေါ်လှတို့လည်း ရှိနေတာ... ပျင်းရင် ညို့ကျောင်းကို သာလည်လှည့်..."

" မနက်ဖြန်ကျရင်တော့ အိမ်ကိုဖုန်းဆက်ရအောင်... အမေတို့ နှင်းမျှော်နေမယ်..."

ညို့ကို တစ်ခုတော့ ခင်မွန်မနှစ်သက်။ အန်တီသန်း ဖဲရိုက်နေတာ မနှစ်သက်ရင်လည်းနေ... ကိုယ့်ကို ငွေကြေးလိုလေသေးမရှိအောင်နေတဲ့ အမေတို ဂရုမစိုက်သလိုဖြါပဲ... ခင်မွန်ကတော့ အမေ့ကို အဲလို ပစ်မထားနိုင်ပါဘူး။ အမေ့ကို ခင်မွန် ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ညီုတို့ကျောင်းကလေးက ချစ်စရာလေး။ မျဉ်ထောင် သွပ်မိုး ကျောင်းကလေးပေမယ့် အများကြီး သပ်ရပ်တာပါ...။ ပန်းပင်လေးတွေ စိုက်ထားတာကိုက လှပနေတာပေါ့လေ...။

" ဒါဆို ခင်မွန် ပြန်တော့... တစ်ယောက်တည်း ပြန်ရဲရဲ့လား "

" ဘာမပြန်ရဲစရာရှိလဲ... ပြန်မယ်..."

ဒီနေ့ ညီုကျောင်းအသွား စောထွက်လာကြပြီး တို့ဟူးသုပ် စားကြတယ်။ ပြီးတော့ ညီုက ကျောင်းမှာ ဝင်နေခဲ့ပြီး... ခင်မွန် တစ်ယောက်တည်း အိမ်ဘက်ကို လမ်းလျှောက်ပြန်မယ်လေ...။

လျှောက်လာရင်း လမ်းဘေးဝဲယာကြည့်သမျှ ပန်းပင် သစ်ပင်တွေရဲ့ စိုပြည်လှပမှုကိုတော့ တအားသဘောကျတာပါပဲ...။

အမေ့ကို လွမ်းလိုက်တာ...။

ဒီလိုပဲ အလုပ်မရှိနေရရင် ကြာတော့ ပျင်းလာမှာ... မချွေညီုနှင့် ဘယ်လောက်ကြာအောင် အတူနေရမယ် မသိ...။

နောက်မှ ကားစက်သံကြောင့် လမ်းဘေးဆင်းလျှောက် လိုက်တယ်... ကားက ဘေးမှ ဖြတ်ကျော်သွားစမှာ... ကားနောက်ကနေ ခုန်ချရင်း ညီုပေါ်ရောက်လာတဲ့ အရိပ်တစ်ခုကြောင့် ခင်မွန် ဖျတ်ပြီး အော်မိပါပေါ့...။

www.burmeseclassic.com

www.burmeseclassic.com



" ဟာ... ဟော့ကောင်... ဟော့ကောင်... ဖော်ကြီး ဖော်ကြီး"

ခင်မွန်ကတော့ လမ်းဘေးမှာ ထိတ်လန့်စွာ ကျုံ့ကျုံ့လေး ထိုင်နေမိပါရော။ ခင်မွန့်ပေါ်ကို အရှိန်နှင့် ခုန်ချလာတဲ့ တရားခံ ကတော့ ရှေ့မှာ ထိုင်ရင်း ခင်မွန့်ကို ကြည့်လို့ပါ။

" ခင်ဗျားကို ဘယ်ထိသွားလဲဟင်.... တောင်းပန်ပါတယ်ဗျာ... ဖော်ကြီး ခုလိုမျိုး တစ်ခါမှ မလုပ်ပါဘူး... ဒီကောင်က လူစကား နားလည်ပါတယ်... ဒီလိုအပြုအမူမျိုး ဒီတစ်ခါပဲ တွေ့ရတာပါ..."

ခင်မွန့်ရှေ့မှာ ထိုင်လာပြီး ပြောပြနေတဲ့ လူကို မြင်ရပါပြီ။

ဒီလူ... ဒီလူဟာ ခြေရင်းအိမ်ကြီးကလူပါပဲ။

" ဖော်ကြီး... မင်းကိုတော့ အစ်ကိုကြီးနဲ့ တိုင်မယ်... ဒါဆို အရိုက်ခံရမှာ "

" မျောက်ကလေး အရိုက်ခံရမယ် ဟုတ်လား... ဒါဆိုရင် တော့ မတိုင်ပါနဲ့လား... သူက ခင်မွန့်ကို သိနေလို့ပါ..."

" ဘယ်လို သူက ခင်ဗျားကို သိတယ် "

" ဟုတ်တယ်... သူက ခင်မွန် မြေပဲစားနေတုန်း ဝရန်တာကို ရောက်လာလို့ မြေပဲကျွေးဖူးတယ်လေ "

" ဩော်... ဒါကြောင့်ကိုး... ခင်ဗျားဆီမှာ မြေပဲရဖူးလို့ ...ပေါ်က ခုန်ချလိုက်တာပါလား... ခင်ဗျားအရမ်းလန့်သွားတယ် ...င်တယ်... တောင်းပန်ပါတယ်... ကျွန်တော့်နာမည် မိုးခွန်ထူးပါ... ...ရွာနံ့ဆေးကုသရာဝန် ဆိုပါတော့... ဒါပေမယ့် ကျွန်တော်က ...ခဲ့ပြီးတည်းက အိမ်မှာပဲ အမေ့ကို ပြုစုပြီး နေရတယ်... ခင်ဗျားက ...ခေါင်းရင်းအိမ်ကို ပြောင်းလာတာ မဟုတ်လား "

" ဟုတ်ပါတယ်... ခင်မွန်လတ်ပါ... သူငယ်ချင်းနဲ့နေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်... သွားမယ်နော်... ရုတ်တရက်မို့ လန့်သွားတာပါ... ခင်မွန် မကြောက်တတ်ပါဘူး ”

ပြောပြီးတော့ ဖော်ကြီးကိုတောင် ပြုံးကြည့်လိုက်သေးတယ်။ ပြီးတော့ ခင်မွန် လမ်းဆက်လျှောက်ခဲ့ပါပြီ။ ကားက ခင်မွန့်ကို ကျော်တက်သွားတဲ့အခါ မိုးခွန်ထူးက လက်ပြသွားပါတယ်။

ဒီလူကို အဝေးက မြင်တုန်းက အရုပ်မြင့်တာလောက်ပဲ သိရတယ်... အနီးကပ်တွေ့မှ ယောကျ်ားလေးဆိုပေမယ့် ချောမောလှပ လွန်းပါလား။

ညို့ကိုတော့ ပြောပြရဦးမယ်...

ညိုပြောတဲ့ ဒုစရိုက်သမားက တိရစ္ဆာန်ဆေးကု ဆရာဝန် ဆိုပါလားလို့။

“ ယော... မခင်မွန်ပြန်လာပြီလား... မညို ပြန်လာရင်တော့ ပြောဦးမှပါ... ခြံထဲကို ဟိုဘက်အိမ်က အဖိုးကြီးတစ်ယောက် ဝင်လာတယ်... သူ့အပြောကတော့ သူတို့ ကြောင်ပျောက်လို့တဲ့... ဒေါ်ဒေါ်လှအထင်ကတော့ လာစပ်စုတယ် ထင်တာပဲ... ဘယ်က ပြောင်းလာလဲ လူဘယ်နှစ်ယောက် ရှိလဲနဲ့ မေးတယ်... ”

“ ခြံတံခါးပိတ်ထားပေါ့ ဒေါ်ဒေါ်လှရယ် ”

“ ခြံတံခါးကလည်း မခင်မွန်သိတဲ့အတိုင်း ဒီဘက်ခြမ်းတော့ အုတ်နံရံကြီး ရှိပါတယ်... ကျန်တဲ့ သုံးဘက်ကတော့ ဖရိုဖရဲ ”

ဒေါ်ဒေါ်လှပြောတာလည်း မှန်ပါတယ်...

ကိုမိုးခွန်ထူးတို့က သူတို့ခြံကြီးကို အုတ်စည်းရိုးကြီး ခတ်ထား အဲဒီတစ်ခြမ်းပဲ လုံခြုံတာ... ကျန်တဲ့ အရှေ့အနောက်နဲ့ မြောင်းရင်းဘက် ကတော့ ဝါးခြမ်းတွေ ဖြစ်သလို ကာထားတာ ဖရိုဖရဲ...။

www.burmeseclassic.com

www.burmeseclassic.com



" သူတို့ကြောင် ပျောက်တယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ် ဒေါ်ဒေါ်လှ… သူတို့အိမ်မှာ တိရစ္ဆာန် ဆေးကုဆရာဝန်ပီပီ… ခွေး ကြောင် ပျောက် အကုန်မွေးထားပုံရတယ် "

" တိရစ္ဆာန်ဆေးကု ဆရာဝန်ဟုတ်လား… မခင်မွန် ဘယ်လိုသိလဲ… ဆရာဦးစိုးဝေ မဟုတ်ဘူးလား "

" မဟုတ်ပါဘူး… ဒေါ်ဒေါ်လှ ဘာချက်လဲ "

စကားကို ဖြတ်လိုက်ပေမယ့် ဦးစိုးဝေကို သတိရသွားတယ်။ ညီနဲ့ ဦးစိုးဝေ ခင်မင်နေတာ ကိုမိုးခွန်ထူးကို မသိဘူးလား။ တွေ့ရင်တော့ မေးကြည့်ရဦးမယ်။

မြေပဲလှော် ထည့်ထားတဲ့ ပုံးကလေးကို မြင်ရတော့… ဖော်ကြီးကို သတိရမိပါလား။

ကိုမိုးခွန်ထူးက သူ့အစ်ကိုကြီးကိုတော့ တိုင်မယ် မထင်ပါဘူး။

သူ့အစ်ကိုကြီးက ဖော်ကြီးကို ရိုက်မယ် ထင်ပါရဲ့…

ဘာမှနားမလည်တဲ့ မျောက်တစ်ကောင်ကို ရိုက်တယ်ဆိုတော့ ဒီလူဟာ အတော်ဆိုးတဲ့ လူကြီးပဲ ဖြစ်မယ်…။

တိရစ္ဆာန်တွေကို မကြင်နာတတ်တဲ့ လူက ရက်စက်တဲ့ စိတ်ရှိတယ် ဆိုကြတာပဲလေ…။

ညီ ကျောင်းက ပြန်လာရင်တော့ ကိုမိုးခွန်ထူးနဲ့ တွေ့ရတာကို ပြောပြရဦးမယ်။

ဒီရောက်မှ ဘယ့်နှယ်ကြောင့် တိရစ္ဆာန်ဆေးကု ဆရာဝန်တွေနဲ့ ဆုံတွေ့နေရပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

" ဘာသံကြီးလဲ… ခင်မွန်…"

ညိုပြန်ရောက်လို့ အခန်းထဲ ဝင်လာခိုက် ခင်မွန်က မီးမှုတိုက်ထားတဲ့ အဝတ်တွေ သိမ်းနေစဉ် အသံတစ်သံကို ကြားလိုက်ရတာပေါ့…။ အတော်ကြီးကို နာကျင်သံနဲ့ ညည်းတွားနေတဲ့ အသံပါလား…။

" ဟုတ်တယ်… အကောင် တစ်ကောင်ကောင် နာကျင်လို့ ညည်းတဲ့ အသံမျိုးပါ… ဒါပေမယ့် မကြောက်နဲ့တော့ ညို… ခင်မွန် အဖြေရနေပါပြီ…"

" အဖြေရပြီ ဟုတ်လား… ဘာလဲ "

ဟုတ်ပါတယ်… အဖြေရပြီလေ…

ကိုမိုးခွန်ထူးက တိရစ္ဆာန်ဆေးကု ဆရာဝန်ပါဆိုမှ… ဒဏ်ရာ ရနေတဲ့ တိရိစ္ဆာန်လေးတွေကို ဆေးကုပေးတာ နေမှာပေါ့။

ညို့ကို ကိုမိုးခွန်ထူးနှင့် တွေ့ရတာကို ပြောပြမိပါတယ်။

" တိရစ္ဆာန်ဆေးကုဆရာဝန်လေးတဲ့လား… ဒါပဲနော် ခင်မွန်… ဖူးစာရှင်အစစ်ကို အရင်တွေ့ရတယ် မှတ်ပါ… ကိုစိုးဝေ ကသာ ခင်မွန့်ဖူးစာရှင် အစစ်ပါ "

" အံမယ်… ဒါဆို အဲဒီ ကိုစိုးဝေကြီးနဲ့ ပထမဆုံး အရင်ဆုံး တွေ့ရတာက ဘယ်သူလဲ… အဲဒီ ညို့ရဲ့သာ ဖူးစာရှင်

www.burmeseclassic.com

www.burmeseclassic.com



အစစ်ပါ ”

“ ညို့ဘက်ကို ကိုစိုးဝေကို လွှဲပေးပုံထောက်ရင်... ခင်မွန်လေး ကတော့ ကိုမိုးခွန်ထူးကို သဘောကျနေပြီ ထင်တယ် ”

“ မဟုတ်တာနော် ညို ”

ပြောမည့်သာ ပြောရတာ...

ခင်မွန့်ကို နွေးထွေးသော မျက်ဝန်းတွေနှင့် ကြည့်နေသော ချောမောသည့် သူ့ပုံစံကို ချက်ချင်း ပြန်မြင်လာတာပါလား...။

“ မခင်မွန်နဲ့ မညို... ထမင်းစားကြပါလား... မှောင်နေပြီ”

“ ဟုတ်ကဲ့ ဟုတ်ကဲ့ လာပါပြီ...”

ခင်မွန့်နဲ့ ညိုက ဒေါ်ဒေါ်လှတို့ကို ထမင်းအတူစားဖို့ မနည်း ပြောရတာပါ။

ဒေါ်ဒေါ်လှက အလုပ်လည်း ပိုလုပ်သလို အစားလည်း စားနိုင်ပါတယ်... ဒေါ်ဒေါ်မြကတော့ ဒေါ်ဒေါ်လှလို မဟုတ် ထမင်းလည်း နည်းနည်းပဲစားပါတယ်။

“ ဒေါ်ဒေါ်လှတို့ ဟိုဘက်အိမ်ကသတင်း တစ်ခုတော့ ကြားလာတယ်... သစ်တောဝန်ထောက်ကြီးရဲ့ မြေးတွေဆိုလား ဆက်နေကြတယ် ပြောတာပါပဲ... မြို့ကလူတွေနဲ့တော့ အဆက်အဆံ သိပ်မရှိပေမယ့် အေးအေးဆေးဆေး နေကြတယ်လို့ ပြောပါတယ်... ဒါပေမယ့်...”

ဟုတ်မလိုလိုကနေ ဒါပေမယ့်ကြီးက ဘယ်က ရောက် လာတာလဲ...။

“ ဒါပေမယ့် ဘာဖြစ်လဲ ဒေါ်ဒေါ်လှ ”

“ လှလှ... ဒါပဲပြောမနေနဲ့... ကြောက်စရာ... အဲလိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းသေသေရင် ကျွတ်တာ မဟုတ်ဘူး... သူ့အကြောင်းပြောရင် ရောက်လာတတ်တယ် "

" မြမြရယ်... နင်ကလည်းလေ... မကျွတ်ဘူးဆိုတာ ငါလက်ခံတယ်... သူ့အကြောင်းပြောရင် ဘာရောက်လာစရာမှ မရှိဘူး... ဒီလို မညို အဲဒီအိမ်က လူတစ်ယောက် အိမ်ဘေးက သစ်ပင်ကြီးမှာ ဆွဲကြိုးချသေဖူးသတဲ့... ဆယ့်လေးငါးနှစ်တော့ ရှိပြီ ပြောတယ် "

" ဒါဆိုကြာခဲ့ပြီပဲ... ကိုမိုးခွန်ထူးတို့နဲ့ ဘာတော်ပါလိမ့်..."

ဒီလိုကြားရတော့လည်း စိတ်မကောင်းပါဘူး။ မိသားစုဆိုတာ ခုလိုအဖြစ်ဆိုးရှိရင် အနည်းဆုံး စိတ်ထိခိုက်ခြင်းတော့ ရှိမှာပေါ့...။ ဘာတွေဖြစ်ခဲ့ကြတယ် မသိပါ...။

" လှလှ... အဲဒီအကြောင်း တော်ပြီနော် "

ဒေါ်ဒေါ်မြ ကြောက်တတ်တာလေးတော့ သနားပါတယ်။ ညိုကလည်း ဟုတ်ပါတယ် စိတ်မကောင်းစရာတွေ မပြောကြပါစို့နဲ့တဲ့။ စားသောက်ပြီးတော့ အေးနေပြီမို့ မီးဖိုဘေးမှာ စာဖတ်ကြရုံပဲလို့ စဉ်းစားမိပါပြီ...။

" ခင်မွန် "

" ဟင်..."

" အခန်းထဲ အဖော်လိုက်ခဲ့ပေး..."

ညိုရယ်... အဲလောက်ကြောက်နေပါရောလားဆို လိုက်လာခဲ့ပေးရတယ်။ ခင်မွန်ကတော့ ဝရန်တာကို မြင်ရင်ကို အပြင်ထွက်ကြည့်ချင်တာ။

" ခင်မွန်... မသွားနဲ့လေ မှောင်နေပြီ "

www.burmeseclassic.com

www.burmeseclassic.com



" ညို... သိပ်မကြောက်ပါနဲ့... ခင်မွန်က လူအနှောင့်ရှက်ယှဉ်
ပြုတာမျိုးပဲ လန့်တာ... ကျန်တာ မကြောက်ဘူး "

အေးစိမ့်နေတာမို့ လက်ကလေး တင်းတင်းပိုက်ရင်း
ရှန်တာက ကြည့်မိတယ်။ ခုချိန် ကိုမိုးခွန်ထူး ဘာလုပ်နေမလဲ။
ဆောင်ကြီးတစ်ကောင်ရော... အိပ်နေမလား။

ဘာလို့များ သူတို့ကို ခင်မွန် အမှတ်ရနေမိပါလိမ့်နော်...။

နောက်တစ်ခါတွေ့မှ မေးရမယ်။ ရှင်တို့အိမ်မှာ ခွေး ကြောင်
ဆောက်အပြင် ဘာကောင်တွေ ရှိသေးလဲလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

မနက်အစောကြီး အရုဏ်မှာ ခေါင်းလောင်းကြိုးဆွဲသံကို ကြားရတယ်... စောစောစီးစီး ဘယ်ကဧည့်သည်ပါလိမ့်လို့ ခင်မွန်တံခါး သွားဖွင့်လိုက်တဲ့အခါ... လူကတစ်ယောက်မှာ နှင်းဆီပွင့်တွေက အပွင့်တစ်ရာ နှစ်ရာတော့ မကနိုင်...

" မွေးနေ့မင်္ဂလာပါ ခင်မွန်..."

" ရှင် "

မွေးနေ့မင်္ဂလာ...

မွေးနေ့မင်္ဂလာတဲ့...။ ဟုတ်ပါရော။ ဒီနေ့ ခင်မွန့်မွေးနေ့ပဲ...။ ခင်မွန်က မေ့နေလိုက်တာ...။ အရင်ကတော့ မွေးနေ့ဆို အမေက တက်တက်ကြွကြွ အလှူလှူဖို့ စီစဉ်ပေးလို့ အမှတ်ရတာ။

" ဩော် ကိုစိုးဝေပါလား... ဝင်လေ "

နောက်မှ ညို့အသံ ကြားရပြီ...

ကိုစိုးဝေလို အင်မတန် စိမ်းသော လူတစ်ယောက်က ခင်မွန့်မွေးနေ့ကို သိရအောင်... တရားခံက ညိုကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်။

" နှင်းဆီပန်းတွေက များလှချည်လား "

" နှစ်ဆယ့်လေးနှစ်မြောက်မွေးနေ့လို့ ညိုကပြောတာနဲ့... အပွင့်နှစ်ရာ့လေးဆယ် ဝယ်လာတာ "

www.burmeseclassic.com

www.burmeseclassic.com



" အားနာစရာ ကိုစိုးဝေရယ်... ခင်မွန်ဖြင့် ကိုယ့်မွေးနေ့ ကိုယ် အခု ရှင်ပြောမှ သတိရတာ..."

" ဒေါ်ဒေါ်လှ မုန့်ဟင်းခါးချက်တာ ကျက်ကာနီးပြီ ကိုစိုးဝေ... ထိုင်ဦး..."

" ညီ့... နှင် ဘယ်လိုဖြစ်ပြီး..."

" ဒါကတော့ ကိုယ့်မွေးနေ့ ကိုယ်မေ့နေတဲ့လူအတွက် ညီ့ အစစ စီစဉ်ရတာပေါ့... မုန့်ဟင်းခါးသရဲအတွက် ဒီမှာ မုန့်ဟင်းခါး ဆောင်းကောင်းမရှိလေတော့ ဒေါ်ဒေါ်လှကိုပဲ ကူညီချက်ခိုင်းရတာ... မွေးနေ့မှာ ဧည့်သည် မလာရင်လည်း ပျင်းနေမှာစိုးရိမ်လို့ ကိုစိုးဝေကို ဖိတ်လိုက်တာ..."

ညီ့ကတော့လေ...

မုန့်ဟင်းခါးချက်တာတော့ ကောင်းပါတယ်... ကိုစိုးဝေကို ဘာကိစ္စ သွားဖိတ်ရသလဲ...။

ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်။

မေးစရာရှိနေတယ်လေ...

" ကိုစိုးဝေ... ရှင် တက္ကသိုလ်တက်တုန်းက ကိုမိုးခွန်ထူး ဆိုတဲ့ နာမည် ကြားဖူးလားဟင်..."

" မိုးခွန်ထူး... မိုးခွန်ထူး သိတာပေါ့... ကျွန်တော်တို့ ဂျူနီယာပဲ... တစ်နှစ်ငယ်တယ်... ဒီလောက် ချောမောလှပပြီး နှင်းဆီခိုင်ပဲ ခင်မွန်ရယ်... ဘယ့်နှယ် မကြားဖူးရမှာလဲ မိုးခွန်ထူးက ခင်မွန်နဲ့ ဘယ်လို ပတ်သက်သလဲ... မိုးခွန်ထူးက ကျွန်တော့်ညီဝမ်းကွဲ ခေယျာတို့နဲ့ တစ်နှစ်တည်းဖြစ်မယ်..."

" ခင်မွန့်မိတ်ဆွေပါပဲ..."

www.burmeseclassic.com

www.burmeseclassic.com



" မိတ်ဆွေ..."

" ဟုတ်တယ်... သူက ရှင်တို့လိုတော့ အလုပ်မဝင်ဘူး... သူ့အမေ မမာလို့ ပြုစုနေရတာနဲ့... ဒီအတိုင်းပဲ နေနေတာ..."

" ဒါဆို မိုးခွန်ထူးက ရန်ကုန်မှာပေါ့..."

ညိုကတော့ ဘာမှမပြောပါပဲ ပြုံးပြုံးလေးပါလား။

" ဟင့်အင်း... ဟိုဘက်ခြံမှာ..."

" ဟိုဘက်ခြံ... ဟုတ်ရဲ့လား... ကျွန်တော်တော့ တစ်ခါမှ မတွေ့ပါဘူး... အင်းလေ... မတွေ့ဖြစ်တာ နေမှာပါ..."

" အမလေး..."

သုံးယောက်သား စကားတပြောပြော နေနေလိုက်တာ... နောက်ဖေးက ဒေါ်ဒေါ်မြ အော်သံကြောင့် မီးဖိုထဲ ပြေးဝင်လာခဲ့ ရပါတယ်...

" ဘာဖြစ်လဲ ဒေါ်ဒေါ်လှ... ဒေါ်ဒေါ်မြ ဘာဖြစ်လဲ "

" မျောက် မျောက်... မျောက် "

ဒေါ်ဒေါ်မြက ပြတင်းပေါက်ကို လက်ညှိုးညွှန်ရင်း မျောက် မျောက်နဲ့ အော်နေလို့ ဘာများဖြစ်ပါလိမ့် ထင်မိတဲ့ ခင်မွန်တို့ ပြုံးရပါပြီ။ ကြည့်ရတာ ဇော်ကြီး သို့မဟုတ် တစ်ကောင်ကောင် ရောက်လာပါလိမ့်မယ်... ဒေါ်ဒေါ်မြလို ကြောက်တတ်တဲ့သူက ရုတ်တရက် မျောက်ကိုမြင်တော့ ထိတ်လန့်ကြောက်ရွံ့သွားပုံ ရပါတယ်။

" မျောက်... ဟိုဘက်အိမ်မှာ မျောက်ရှိတယ် ဒေါ်ဒေါ်ရဲ့... ခင်မွန် ပြောပြထားမလို့ မေ့သွားတယ်..."

" မျောက်က သွေးတွေနဲ့... ဒဏ်ရာရထားတယ်...

www.burmeseclassic.com

www.burmeseclassic.com



ချက်နှာမှာ သွေးတွေချည်းပဲ..."

"ဟင်... သွေးတွေနဲ့ ဒဏ်ရာရထားတယ် ဟုတ်လား"

ဒေါ်ဒေါ်မြ ဒီလိုပြောတော့ ခင်မွန် အံ့ဩထိတ်လန့်ရသလို စိတ်မကောင်းဖြစ်ရပါလား...။ ဖော်ကြီးကို ကိုမိုးခွန်ထူး အစ်ကိုကြီးကများ ရိုက်လိုက်လို့ ဒဏ်ရာရထားသလား မသိ...။

စိတ်ထဲမကောင်းတော့။

"ဖော်ကြီး သနားပါတယ်"

"ခင်မွန်ကလည်းလေ... အသည်းနုလိုက်တာ... မျောက်က အကြောင်းတစ်စုံတစ်ရာကြောင့် ဒဏ်ရာရချင်ရလာမှာပေါ့..."

ညိုကတော့ သိပ်စိတ်မကောင်း ဖြစ်ပုံမရ။

ခင်မွန်ကတော့ ဖော်ကြီးအတွက် စိတ်ပူပါတယ်။

ကိုမိုးခွန်ထူးနဲ့လည်း တွေ့ချင်မိတယ်... တွေ့ရင်မေးချင်လို့ ဖော်ကြီးများ ဒဏ်ရာရနေလားလို့လေ...။

မုန့်ဟင်းခါးကျက်တော့ ကိုစိုးဝေနဲ့ အတူစားကြရတယ်...

"ကျေးဇူးတင်တယ် ခင်မွန်နဲ့ ညို... မုန့်ဟင်းခါး ကောင်းကောင်းမစားရတာ ကြာပြီဗျာ..."

ကိုစိုးဝေက ခဏတဖြုတ် စကားပြောပြီးတော့ ပြန်သွားပါတယ်... ကိုစိုးဝေ ပြန်မှ ညို့ကို ပြောရတယ်...။

"မွေးနေ့ သတိပေးတာရယ်... မုန့်ဟင်းခါး ချက်ကျွေးတာရယ်ကို ကျေးဇူးတင်ပါတယ်... ဒါပေမယ့် ဘာလို့ ကိုစိုးဝေကို ခေါ်လာရသလဲ..."

"ကိုစိုးဝေနဲ့က အမှတ်မထင်ဆုံတာပါ... အဲဒါသူက မေးပြီးတော့ ခင်မွန်ရော... နေကောင်းလားတဲ့... သတိတရ မေးတော့...

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ဘာတွေများ သတိတရ ဖြစ်နေပါလိမ့်ဆို ဖိတ်လာတာ... လှလိုက်တဲ့ နှင်းဆီပွင့်တွေ မွှေးနေ့ရှင်တော့ မသိဘူး... ဒီလောက်များတဲ့ နှင်းဆီပွင့်တွေကို ဘုရားတင်ရမှာတော့ ပျော်စရာကြီး..."

ညိုက ပြောလည်းပြော...

ငွေဖလားကြီးတွေ ကြွေပန်းအိုးကြီးတွေနဲ့ ပန်းတွေကို ဘုရားကပ်ပေးပါတယ်...။

" တစ်ပွင့်တော့ ပန်လိုက်ပါ... သူ့ခမျာ ဒီလောက်ထိ ခံစားချက် အပြည့်နဲ့ ဝယ်လာရတာ "

" ညို "

" ကိုစိုးဝေလည်း ချောပါတယ်... ဒါပေမယ့် ဟိုဘက်အိမ်က မျောက်သခင်ကတော့ သေချာမမြင်ဖူးလို့ မပြောတတ်ပါဘူး "

ညို့အပြောကြောင့် ဇော်ကြီးကို သတိရမိပါပြီ။ မျောက်မှာ သွေးတွေနဲ့ဆိုပါရောလား။ ဘာလို့များ ဒဏ်ရာရပါလိမ့်...။

ကိုမိုးခွန်ထူးနဲ့ တွေ့ချင်လိုက်တာ...

ဘယ်လိုလုပ်ရပါ့။ ခြံထဲကိုလည်း သွားမဝင်ရဲပါဘူး။

တို့က ဇော်ကြီးကို လုမ်းမြင်ဖူးထားပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

ညီမြူကျောင်းသွားချိန်မှာတော့ တစ်ယောက်တည်း ဝရန်တာ ထဲနေ ဟိုဘက်အိမ်ကို လှမ်းကြည့်မိပါတယ်။ ဇော်ကြီးအကြောင်းကို သိချင်စိတ်က ထိန်းမရ။ ဒါကြောင့် ဒေါ်ဒေါ်လှကို ဟိုနားဒီနားဆို အကြောင်းပြပြီး ထွက်လာခဲ့ရတယ်...

ခြံထဲတော့ မဝင်ရဲ...။

ခြံထဲက လူတစ်ယောက်ယောက် ထွက်လာရင် ကောင်းမှာဆို ခြံရှေ့ကျော်ကျော်လောက်ထိ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ မိပါတယ်။

အုတ်စည်းရိုးကြီး ဘေးမှာမှ လှပစွာ ပေါက်နေသော နှင်းဆီရိုင်းပင်။

အပွင့်က ပန်းနုရောင် ဖြူဖတ်ဖြူလျော်လေးတွေ...။ ပွင့်နေ လိုက်တာ လှပလွန်းလို့ ပန်းပင်လေးနား ထိုင်ချလိုက်မိပါတယ်။

ပန်းပွင့်လေးကို အသာလေး ကိုင်ကြည့်ပြီး မွှေးရနံ့ကို ဆိချင်စိတ်နဲ့ နမ်းရှိုက်လိုက်ချိန်...။

ကျောပြင်ကို တစ်ခုခု လာထိသလိုမို့... နောက်ပြန်လှည့်ကြည့် လိုက်တဲ့အခါ။

" အမလေး..."

လန့်ဖျတ်တုန်ခိုက်သွားပြီးတော့ မြေကြီးပေါ်ကောင် လဲက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်လျှက်ကလေး ခွေကျသွားတာ။

မမျှော်လင့်ပါပဲ ကြီးမားသော ဆင်နှာမောင်းကြီးက ခင်မွန့်ကျောပြင်ကို လာတို့ထိခဲ့တာကိုး။

" မင်း ဘယ်သူလဲ... ဘာလို့ ကျုပ်အိမ်ရှေ့မှာ ပန်းလာခူးလဲ"

ခုမှ အသံလာရာကြည့်မိတာ...

ဆင်ဘေးမှာ ရပ်နေတဲ့ ကိုမိုးခွန်ထူးကို ခုမှတွေ့ရပါလား။

" လန့်လိုက်တာ ကိုမိုးခွန်ထူးရယ်..."

" မင်း ဘယ်သူလဲ..."

" ဘာပြောတယ်..."

" မင်းက မိုးလေးကို သိလို့လား "

" ကိုမိုးခွန်ထူး..."

" ကျုပ်က သူ့အစ်ကိုပါ... မျိုးခွန်ထူးလို့ ခေါ်တယ်... ကျုပ်တို့က အမြွှာညီအစ်ကို "

" ရှင် "

ကိုမိုးခွန်ထူး ပြောလို့ သူ့မှာ အစ်ကိုကြီးရှိတယ်လို့တော့ သိသား အမြွှာညီအစ်ကို ဆိုတာရယ်... ရုပ်ချင်း ဒီလောက်တူတယ်ဆိုတာရယ်တော့ သိလည်းမသိ... ထင်လည်းထင်မထားဘူးလေ။

သူပြောမှ သေချာကြည့်မိတာ။

ဟုတ်သားပဲ...

သူ့အပြင်အဆင်က ကိုမိုးခွန်ထူးထက် ပိုရင့်တယ်။ မျက်နှာကိုင်းအနက်ကြီးကို တပ်ထားပြီးတော့ ဦးထုပ်ဆောင်းထားတယ်။ အဝတ်အစားကလည်း ကိုမိုးခွန်ထူးရဲ့ အပြင်အဆင်နဲ့ မတူသလိုပါပဲ။

" ကျွန်မနာမည် ခင်မွန်လတ်... အဲဒီအိမ်ကြီးကို ပြောင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ဘာ... ကိုမိုးခွန်ထူးနဲ့ သိပါတယ်..."

" ကောင်းပြီလေ မိုးလေးကို ပြန်ပြောပြလိုက်ပါမယ်...
ခင်းက မိန်းမလှပဲ..."

" ရှင်..."

ပြောပြီးတာနှင့် ဆင်နှာမောင်းကို ခိုပြီးတော့ ဦးကင်းပေါ်ကနေ
ဘက်သွားတာများ မြန်လိုက်တာ...။

မျိုးခွန်ထူးတဲ့။

ဘယ်လိုလူမျိုး လာတွေ့နေရပါလိမ့်။ အဲဒီအိမ်မှာ ခွေး...
ကြောင်... မျောက် ဒါပဲရှိသလား မှတ်ပါတယ်... အခု ဆင်လည်း
ခိုဘာပါလား။ နောက်ထပ် ဘာကောင်တွေ ရှိနေပါလိမ့်...။

ကိုမိုးခွန်ထူးနှင့် တွေ့ရင်တော့ ဇော်ကြီးအကြောင်း မေးမလို့ပါ။

သူ့အစ်ကိုကို မမျှော်လင့်ပါပဲ... သူနှင့် ရုပ်ချင်းဆင်တူလွန်းစွာ
တွေ့လိုက်တော့ အံ့ဩပြီး မမေးလိုက်ရပါဘူး။

မေးလည်း ဒီလူ ဖြေချင်မှ ဖြေမယ်...

ဒီလူ့ပုံစံက ဂျစ်ကန်ကန်နဲ့... ကိုမိုးခွန်ထူးလောက် သဘော
ကောင်းပုံ မရပါဘူး။

အိမ်ကိုပြန်လာခဲ့ရတယ်။ ခြစည်းရိုးတစ်ခုက လဲနေပါလား။
သို့ကိုတော့ ပြောပြပြီး ပြုပြင်ဦးမှပါ...။

လှေကားကနေ တက်လာလို့ တဝက်လောက်ရောက်ရုံရှိသေး။

" ခင်မွန် "

ခင်မွန့်နာမည်ကို ခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်
ဘယ်သူမှလည်း မတွေ့။

" ခင်မွန် "

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြန်ပြီ…။ ဟိုဒီလိုက်ကြည့်လည်း မတွေ့…။

" ခင်မွန်… ခင်မွန်… ခင်မွန်… ခင်မွန် "

နာမည်ကို ခေါ်ပြီး ထွက်ပြေးသွားသလို အပြေးကလေးနဲ့ အသံကပျောက်ကွယ်သွားတာ။ ဘယ်သူလဲ…။ ဒါနောက်စရာလား။ ဒါပေမယ့် အသံက တစ်မျိုးပါပဲ… ခင်မွန်သိတဲ့ အသံမျိုးလည်း မဟုတ်။

ဘာပါလိမ့်…။

သိချင်စိတ်တွေ ဖြစ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

" မခင်မွန် "

" ခင်မွန်ပဲ ခေါ်ပါလား ဒေါ်ဒေါ်လှ "

" အင်းပါကွယ်... ဟိုလေ... ဒေါ်ဒေါ်မြနဲ့ မညိုကို
ခေါ်နေရာရာ သွားခိုင်းပေးပါလား... ပြောစရာရှိလို့ "

ဒေါ်ဒေါ်လှအပြောက... ထူးဆန်းသလိုပါပဲလား။

ဒါကြောင့်မို့ ညို့ကို အကူအညီတောင်းရတယ်။

ဒေါ်ဒေါ်မြကို ခေါ်ပြီး ပစ္စည်းတစ်ခုခု သွားဝယ်လိုက်
ပါလို့လေ...။ ညိုက ပြန်လာရင် ပြောပြဆိုပြီး ခေါ်သွားပေးပါတယ်။
ညနေဘက် အလင်းရောင် ဝိုးဝိုးဖြင့်ဖြင့် ရှိနေသေးတာမို့ ဒေါ်ဒေါ်မြက
ညိုနှင့် လိုလိုချင်ချင်ပဲ လိုက်သွားပါတယ်။

" ဘာပြောမှာလဲ ဒေါ်ဒေါ်လှ "

" ခင်မွန်က မကြောက်တတ်လို့ပြောတာ... ဒေါ်ဒေါ်လှ
ညဦးစောစော အိပ်တတ်ပေမယ့် ညလယ်တွေဆို နိုးနေတတ်တာ
အကျင့်ပါနေပြီ... ညလယ်ဆို နိုးလာပြီး ဆေးလိပ်သောက်ချင်တဲ့
အကျင့်ကလည်း... အရိုးစွဲနေပါပြီ... ပြတင်းပေါက်လေးဖွင့်
ဆေးလိပ်လေးသောက် ဟိုကြည့်ဒီကြည့် နေလာတာဆိုတော့
ရောက်တာ တစ်ပတ်ရှိပြီနော်... ရောက်ကာစ ညကတည်း...
နေ့ညကရယ် ဟိုဘက်အိမ်ကို ကြည့်မိတယ်... လူတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ညဘက် ပခုံးပေါ်မှာ အထုပ်ကြီးလား... လူတစ်ယောက်ကိုပဲလား... တစ်ခုခုကိုထမ်းပြီး ဝင်သွားတယ်... အဲဒီအချိန်ဆို ခွေးတွေကလည်း တအားအူ တအားဟောင်တာပါပဲ... အဲဒီအိမ်ကလူတွေ ရိုးသားမှု ရှိရဲ့လား... လူသတ်တဲ့မျိုးလား... သရဲလို့တော့ ဒေါ်ဒေါ်လှက မကြောက်လှပါဘူး... ဒါပေမယ့်..."

" ညတိုင်းတော့ မတွေ့ဘူးလား "

" ညတိုင်းတော့ မတွေ့ဘူး..."

" ဒါဆို ဘယ်နှစ်နာရီလောက်လဲဟင်..."

" တစ်နာရီ နှစ်နာရီလောက် ထင်တာပဲ..."

" ဟုတ်ပြီလေ... ခင်မွန်လည်း ထကြည့်ပါမယ်... တကယ်လို့ ဒေါ်ဒေါ်လှတွေ့နေတုန်း ခင်မွန်အိပ်ပျော်နေရင် လာနှိုးပေးပါ..."

" အေး... အေး... ဒေါ်ဒေါ်လှတို့ အခန်းထက်စာ ခင်မွန်တို့ အခန်းကဆို ပိုမြင်ရမယ် ထင်တယ်... မြမြသိရင် အရမ်းကြောက်မှာ သူက အဲဒီအိမ်မှာ ကြိုးဆွဲချသေတဲ့လူရှိတယ်ဆိုတည်းက လှည့်ကို မကြည့်ရဲတာ "

" ညီကလည်း ကြောက်တတ်တာပါပဲ..."

ကိုမိုးခွန်ထူးတို့ အိမ်ဘက်မှာ ဘယ်လိုထူးခြားမှုတွေများ ရှိပါလိမ့်...

ဒါကြောင့်မို့ ခင်မွန်တို့က အတွေးလွန်တာမျိုးလည်း... ရှိနိုင်ပါတယ်... သူတို့အိမ်မှာ ဆင်ကအစ တိရစ္ဆာန်တွေ ရှိတယ်လို့ ပြောပြရတယ်။

" ဥပမာ... ဆင်အတွက် တိရစ္ဆာန်အတွက် အစာဝယ် ရင်လည်း လင်းတဲ့အချိန် ဝယ်လို့ရတာ... အခုက ညအလယ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတော့ ”

“ ခင်မွန်လည်း ကြည့်ကြည့်ပါဦးမယ်...”

“ အဲဒီ့အိမ်မှာ လူဘယ်နှစ်ယောက်နေမှန်းတောင် သိပါဘူး... ခြံကြီး အလုံခတ်ထားတာကတော့ တစ်မျိုးကြီး ”

“ သူတို့ရဲ့ တရိစ္ဆာန်တွေ ရှိတော့ လွှတ်သွားမှာ စိုးလို့လည်း ဖြစ်မှာပါလေ...”

ဒေါ်ဒေါ်လှနှင့် ပြောဆိုပြီး သိပ်မကြာခင် ညီုတို့ပြန်ရောက် လာပါတယ်... ညီုက ဘာပြောတာလဲ မေးလို့ အမှန်အတိုင်းပဲ ပြောပြလိုက်ပါတယ်။

“ သရဲတစ္ဆေများလား ”

“ ဟုတ်လည်း သူ့ခြံသူနေတာပဲ ညီုရာ... ဘာကြီးဖြစ်ဖြစ် ခင်မွန်တို့က အနေသာကြီးပဲ မဟုတ်လား... တစ်ခုပဲ...”

“ ဘာတစ်ခုလဲ ”

“ ဟိုနေ့ကလေ... လှေကားအောက်မှာ ခင်မွန် ခင်မွန်နဲ့ ခေါ်နေတယ်... လှည့်ကြည့်တော့လည်း ဘာမှမတွေ့ဘူး...”

“ ကိုမိုးခွန်ထူးများ နောက်သလား ”

“ အသံက ထစ်မျိုးပဲ...”

“ မကောင်းဆိုးဝါးများလား... တောတွေထဲမှာဆို ဖျူကောင် တို့ အကောင်တွေက လူနာမည်ကို မှတ်ထားပြီး ခေါ်တတ်တယ်တဲ့...”

“ အဲဒါက တောနက်ထဲမှာပါ... အခုက မြို့မှာပဲဟာ...”

ညီုနှင့်နှစ်ယောက် စကားပြောနေတုန်း ဝရန်တာက ရိုင်းနဲ့ ခရိုင်ကြောင့် ထွက်ကြည့်လိုက်တဲ့ အခါမှာတော့...

“ ဟင်... ဇော်ကြီး ”

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာလက်တန်းပေါ်မှာ ထိုင်နေတဲ့ ဇော်ကြီးကို တွေ့ရပါတယ်။

ထိုင်ရင်းက ခင်မွန်တို့ကို ကြည့်နေပါလား။

ခေါင်းမှာလည်း ပတ်တီးနဲ့... လက်မှာလည်း ပတ်တီးနဲ့ သနားစရာလေး။ ဒါဆိုရင် ဟိုနေ့က ဒေါ်ဒေါ်မြ တွေ့လိုက်တဲ့ သွေးတွေနဲ့ မျောက်ဆိုတာ ဇော်ကြီး သေချာပြီပေါ့။

ဘာဖြစ်လို့ပါလိမ့်...

ကိုမိုးခွန်ထူး အပြောအရဆို သူ့အစ်ကို ဟိုလူဆိုး သိသွားလို့များ ဇော်ကြီးအရိုက်ခံရလေသလား။

" မြေပဲလှော် စားမလား ဇော်ကြီး... ရော့"

မြေပဲလှော်ပေးပေမယ့် မယူ...။ ခဏနေတော့ သစ်ကိုင်းပေါ် ခုန်ကူးမည်ပြုစဉ်...။

" ဇော်ကြီး... ဇော်ကြီး... ပြန်လာခဲ့တော့... ပြန်လာခဲ့... အရိုက်ခံရမယ် ပြန်လာခဲ့..."

ပီပီသသ အသံကို အနီးကပ် သစ်ပင်ပေါ်က ကြားလို့ ညိုကဖြင့် ခင်မွန့် နောက်ကျောနား ကပ်နေပြီ။

ဒါပေမယ့်... ဝရန်တာလက်တန်းပေါ်က ဇော်ကြီး အနီးကို ပျံဆင်းလာတဲ့ ကြက်တူရွေးကြီး တစ်ကောင်ကိုလည်း မြင်ရော... ခင်မွန်နဲ့ ညို ဘာမှ မပြောနိုင်လောက်အောင် ငေးကြည့်နေမိပါပြီ။

" ခင်မွန်... ခင်မွန်..."

" ဟင် "

" ခင်မွန် "

လက်စသတ်တော့ ခင်မွန် ခင်မွန်နှင့် ဟိုဒီက ခေါ်သံကြားရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ တရားခံက ဒီမှာပါလား။

" ဖော်ကြီး ပြန်တော့... ခင်မွန် ချစ်တယ် "

ဒီအချိန်မှာတော့ ခင်မွန် ဟိုးတစ်ခါကလည်း ကြားဖူးသော လေချွန်သံ။

လေချွန်သံကြားတာနှင့် ဖော်ကြီးထွက်ပြေးသွားတာ... မြန်ဆန်လွန်းသလို... ကြက်တူရွေးကလည်း မရှိတော့ပါဘူး။

" ခင်မွန်... ခင်မွန်... ငါ့သူငယ်ချင်းတစ်ယောက် စွံမယ့်စွံတော့လည်း... ကြက်တူရွေးက ရည်းစားစကားပြောသွားပါရောလား... ကြက်တူရွေးရဲ့ သခင်ကလည်း လျှင်လိုက်တာ... ရင်ထဲကရင်ဖွင့်ပြနေပုံရတယ်..."

" ကြက်တူရွေးက လိမ္မာလိုက်တာ "

" သဘောကျတယ် ဆိုပါတော့ "

" မဟုတ်ပါဘူး ညီုရယ်... ဖော်ကြီးကို ပြန်လာခဲ့ပါ အရိုက်ခံရမယ်လို့ ခေါ်နေတာ သနားစရာပါလား... ဖော်ကြီး တကယ် အရိုက်ခံရသလားမသိဘူး... တိရစ္ဆာန်လေးတွေကို မညှာတာတတ်တဲ့ ဒီလူ့ကို ခင်မွန် ကြည့်မရဘူး "

" ဒီလူ့ကိုပဲ ကြည့်မရတာ မဟုတ်လား... ဒီလူ့ညီကိုတော့ ကြည့်လို့ရတယ်လေ..."

" ညီု... မစနဲ့နော်... စိတ်ဆိုးရင် ပြန်သွားလိုက်မယ်... အခုဆို ညီု့မှာ ဒေါ်ဒေါ်လှနဲ့ ဒေါ်ဒေါ်မြရှိနေပြီ... ခင်မွန် ပြန်မယ်"

အဲလိုပြောမှ မစတော့ပေမယ့် ပြုံးရင်း ကြည့်ကြည့်နေပြန်ရောဘယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

မျိုးခွန်ထူး ဆိုတဲ့ လူကြီးကို ကြည့်မရပေမယ့် ဖော်ကြီး အကြောင်းကိုတော့ ခင်မွန်သိချင်နေပါတယ်။ ဒါပေမယ့်လည်း မိုးခွန် ထူးနဲ့ တွေ့ရမှာလည်း မတွေ့ချင်သလိုပါပဲလေ...။ ကြက်တူရွေးကို တမင်သင်ပေးတာလား... ဒါမှမဟုတ် ကြက်တူရွေးရှေ့ ပြောပြောနေလို့ လိုက်ပြောတတ်သွားတာလား မသိ...။

အခုဆို ညို့ တီဗွီဝယ်လိုက်တယ်လေ... အရာရာ ကြောက် တတ်လွန်းသော ဒေါ်ဒေါ်မြကတော့ တီဗွီဆို အလွန်ကြိုက်ပါပဲ။ တီဗွီရှေ့က မခွာတော့တာ... အမြဲတစေ့စေ့ နေပါလို့ ကတိတောင်းထား တဲ့ ဒေါ်ဒေါ်လှနဲ့တောင် အတူမနေလို့ ရနေပြီ။

" မြမြ... ငါအိပ်တော့မယ် "

" လှလှကလည်း... ငါ့ဘေးနားလာအိပ် "

ဒေါ်ဒေါ်လှခမျာ တီဗွီရှေ့ ဒေါ်ဒေါ်မြ အနားမှာ အိပ်ရရှာ ပါတယ်။

ဒေါ်ဒေါ်မြက ဒေါ်ဒေါ်လှ မီးဖိုချောင်ပစ္စည်းတွေ သိမ်းရင်း ညိုနဲ့အတူ ဇာတ်လမ်းကြည့်နေတာပါပဲ...။

" ညိုညို တီဗွီဝယ်လိုက်တာ တကယ် ကျေးဇူးတင်ရမယ်... မဟုတ်ရင် မြမြကို ခွာလို့ကို မရဘူး... ခုတော့ ရုပ်ရှင်ဇာတ်လမ်း လာရင်... ဒေါ်ဒေါ်လှ အလုပ်လုပ်ရ လွတ်လပ်ပြီ "

www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သရဲကားပြဦးမှ ထင်တယ် "

" ခင်မွှန်ရေ... အဲဒါမှ လက်ချင်း ကြိုးချည်ထားနေရပါမယ်... မလုပ်ပါနဲ့နော် "

" ညီုကလည်း ကြောက်ကြောက် ဒေါ်ဒေါ်မြကလည်း ကြောက်ကြောက်... သရဲကားကောင်းကောင်း ပြလိုက်လို့ကတော့ ဒေါ်ဒေါ်လှနဲ့ ခင်မွှန် အိပ်ရပါ့မလား မသိဘူး..."

မကြောက်တတ်ပါဘူး ဆိုသော ခင်မွှန်တောင်မှ မျောက်တွေလို လန့်ရ... ဆင်တွေလို အော်ရနဲ့... နောက်တစ်ခါ ကြက်တူရွေးကို တွေ့ပြန်တော့ရော...။

" ခင်မွှန်... ညီညီုက ခြံစည်းရိုး ပြန်ခတ်ပေးမယ် ဆိုလို့သာ... မနေ့က ဟိုဘက်ခြံက အဖိုးကြီး ဝင်လာသေးတယ်... ဒီတစ်ခါရော ရှင်လာတာ ကြောင်ပျောက်လို့လားဆိုတော့... ဒေါ်ဒေါ်လှကို ဘုကြည့်ကြည့်ပြီး တစ်ခွန်းမှ ပြန်မဖြေပဲ ထွက်သွားတယ်လေ..."

" သူတို့အိမ်က လူတွေက တစ်မျိုးပါပဲ... ဆင်ကြီးစီးပြီး သွားတတ်တဲ့ ကိုဒေါ်သအိုးကလည်း တစ်မျိုး..."

" ကြက်တူရွေးကတဆင့် ရည်းစားစကားပြောတဲ့ လူက တစ်မျိုး "

ညီုတော့ ပြောစရာရနေပါပြီ။

ဟုတ်တော့လည်း ဟုတ်ပါတယ်။

" ခင်မွှန်... အခွေတွေ ငှားလာတယ်... ဘာလုပ်မလို့လဲ အခွေတွေ ညလုံးပေါက်ကြည့်မလို့လား... အင်း... ကြည့်ချင်လည်း ကြည့်လေ... မနက်ဖြန် နေ့ခင်းမှာ ခင်မွှန်အိပ်ရင်လည်း ရတာပါပဲ..."

" ညီုနဲ့ ဒေါ်ဒေါ်မြတို့ အိပ်ကြပါတော့လား ညဥ့်နက်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ..."

ဒေါ်ဒေါ်မြကတော့ အိပ်မည်ဆိုမှ... ဒေါ်ဒေါ်လှကို နှိုးခေါ်သွားပါပြီ။ ညိုက ကြောက်တယ်ဆိုပေမယ့် ဒေါ်ဒေါ်မြလောက်တော့ မဆိုးပါဘူး။ ဒါပေမယ့် မီးဖွင့်အိပ်တုန်းပါပဲ... မီးမှိတ်ရင်တော့ ကြောက်သတဲ့လေ။

ညိုနဲ့ ဒေါ်ဒေါ်မြက မြန်မာရုပ်ရှင်ကားတွေကို ကြိုက်သလောက်... ခင်မွန်ကတော့ အင်္ဂလိပ်အက်ရှင်ကားတွေ ကြိုက်ပါတယ်။

တစ်ယောက်တည်း အသံနှိမ့်ပြီး ဇာတ်လမ်းကြည့်နေတာ...။ ဒေါ်ဒေါ်လှပြောတဲ့ အချိန်မျိုး စောင့်နေတာပေါ့ အခွေသုံးခွေမြောက်လည်း စဖွင့်ရော။

"ခင်မွန်... ခင်မွန် မြန်မြန်လာ..."

ဒေါ်ဒေါ်လှက အခန်းထဲမှ ထွက်ခေါ်ပါပြီ။ ဒါကြောင့်မို့ ညိုဖွင့်ထားတဲ့မီးကို ပိတ်ပစ်လိုက်ပါတယ်။

"ဒီဘက် ဝရန်တာကိုလာ ဒေါ်ဒေါ်လှ... ပိုနီးတယ်"

ဝရန်တာကနေ ငြိမ်သက်စွာ ကြည့်နေမိပါရော... ခွေးအူသံတွေ ဆူဆူညံညံ ကြားရပြီးတော့ ဟုတ်တာပါလား။ လူတစ်ယောက် အရွယ်အထုပ်ကြီးကို ထမ်းပြီးဝင်လာနေလိုက်တာ။ ဘာပါလိမ့်... လူတစ်ယောက်ကို ထမ်းလာတာလား။ လူသတ်လာတာလား... ဒါတော့ မဖြစ်နိုင်ဘူး... သတ်ပြီးရင် အပြင်ကနေ ခြံထဲယူလာပါ့မလား။

ဘာလုပ်တယ်သာ မသိတာ။

ဒီအချိန်မှာမှ ခွေးတွေက ဆူဆူညံညံဟောင်ပါလေရော...။ ခွေးအူသံဟောင်သံတွေက ထိတ်လန့်စရာလိုပါလား...

www.burmeseclassic.com

www.burmeseclassic.com



"ဦးဒိပ... ဦးဒိပ... ခွေးတွေ ဘာလို့သိမ်းမထားတာလဲ..."

အဲဒါ ဘယ်သူ့အသံလဲ...

မိုးခွန်ထူးအသံလား... မျိုးခွန်ထူး အသံလား... သူတို့ အသံတွေက အရမ်းတူသလိုပါလား။

ပခုံးပေါ်က ပစ္စည်းကြီးကို ဝုန်းခနဲ ပစ်ချလိုက်တာပါလား...။

"လူသတ်တာမျိုး မဟုတ်နိုင်ပါဘူး ဒေါ်ဒေါ်လှ... ဒါပေမယ့် ဘာတွေသယ်လာတာလဲ..."

"အင်းလေ... ခုလို ညကြီးမိုးချုပ် လူမမြင်တဲ့အချိန် သယ်တယ်ဆိုတာကတော့ ကောင်းပါ့မလား"

"တရားဥပဒေနဲ့ မလွတ်ကင်းတဲ့ ပစ္စည်းတွေများ လားဟင်..."

"ဒါဆိုသူတို့ဟာ လူဆိုးတွေများလား... ကြောက်စရာပါပဲ..."

"သူတို့ဘာသာ နေနေတာပဲလေ..."

အတော်ကြာကြာထိ အိမ်ရှေ့မှာ လူရိပ်တွေ တွေ့ရပြီးတော့မှ ငြိမ်သက်သွားပါလား။ ငြိမ်သွားလို့ အိမ်ထဲလည်း ပြန်ဝင်မယ် လုပ်ရော... ရှူးရှူးဝါးဝါးနဲ့ ထိတ်ထိတ်လန့်လန့် အော်လိုက်တဲ့ အသံကို ကြားရတာပါလား။

"ဘာသံလဲ ခင်မွန်... ဘာသံကြီးလဲ"

"လူတစ်ယောက်လား... ကြောက်လို့အော်တဲ့ အသံတော့ ဟုတ်တယ်... ဒါပေမယ့် ဘာကောင်လဲ... အကောင်တစ်ကောင် ကြောက်ကြောက်ရွံ့ရွံ့ အော်တာမျိုး..."

"ဘယ်လိုလူတွေပါလိမ့်..."

ဒီအိမ်မှာ ထူးဆန်းအံ့သြစရာတွေကတော့ ပြည့်နေပါလား။

www.burmeseclassic.com

www.burmeseclassic.com



ခုရက်ပိုင်း ခင်မွန့်စိတ်မှာတော့ ဇော်ကြီးကိုပဲ သတိရပြီး မေးကြည့်ချင်စိတ်တွေ ဖြစ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ညီ[ကို့မျှား မနက်အစောကြီး လမ်းလျှောက်ရအောင်ပါဆို နိုးမရတော့...။ ညက အိပ်ရေးပျက်ခဲ့တဲ့ ခင်မွန်ကမှ အစောကြီးနဲ့ နိုးတာပါလား။ ဒါကြောင့်မို့ တစ်ယောက်တည်းပဲ ခြံထဲဆင်းခဲ့တာ...။ ဒီခြံကျတော့လည်း သစ်ပင်ကြီးတွေ ရှားလိုက်တာမှ။

" ဟယ်... စံပယ်ပန်းတွေပါလား "

စံပယ်ခြုံကြီးမှာ စံပယ်ပန်းတွေ တွေ့ရပါတယ်...

ဝမ်းသာစွာ ခူးယူချင်စိတ်နဲ့ သွားသာသွားရတာ။ အောက်ခြေမှာတော့ မြက်ရိုင်းတွေရှိလို့ ဂရုစိုက်ရမယ်လေ။

ပန်းခြုံတွေက အုတ်စည်းရိုးကြီးသောမှာ ကပ်ပြီး ပေါက်နေလိုက်တာ...။

တစ်ပွင့်နှစ်ပွင့် သုံးလေးပွင့် ခူးနေဆဲ...။

" မလုပ်ပါနဲ့လား... မောင်မျိုး... မလုပ်ပါနဲ့ကွယ်... "

" ဖယ်ပါ ဦးဒီပ... ဖယ် "

" မင်းကို ဦးလေးတောင်းပန်ပါတယ် "

" မတောင်းပန်ပါနဲ့ မကြိုက်ဘူး ပြောထားတယ်... ဖယ်... မဖယ်ရင်... ဦးဒီပအလှည့် ဖြစ်သွားမယ် "

ဘုရား... ဘုရား...

ဒီနေရာလောက်ဆို အိမ်ကြီးရဲ့ ဟိုးနောက်ဘက်ထဲလောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ… အိမ်ပေါ်က ကြည့်ရင် မြင်ဖို့မလွယ်… အသံကတော့ အပီအပြင် ကြားရတာ။

ဦးဒီပဆိုတာ ဟိုအဖိုးကြီးနေမှာ။ မောင်မျိုးလို့ခေါ်ပုံထောက်ရင် မျိုးခွန်ထူးနဲ့ ဖြစ်နေကြတာနေမှာ…။

ရုတ်တရက် ထွက်လာတာက တရွှမ်းရွှမ်းနဲ့ ကြာပွတ်သံ… တအိအိနဲ့ ကြောက်လွန်းလို့ အော်နေတဲ့ အသံတစ်သံ…။ ပြီးတော့ နာကျင်လွန်းစွာ ထွက်ပေါ်လာတဲ့အသံ…။ ကြာပွတ်နဲ့ ရိုက်နေတာ ဘာကောင်ကိုလဲ။ ခွေးတစ်ကောင်ကို ဖြစ်လိမ့်မယ်။

နာကျင်လွန်းလို့ ဝမ်းခေါင်းထဲကနေ ထွက်လာတဲ့အသံဟာ… ခင်မွန့်နှလုံးသားကိုတောင် နာကျင်စေပါလား။

ကြမ်းတမ်းလိုက်တဲ့လူ…

ကြောက်စရာလူ…။

ဒီလူတွေနဲ့ ဝေးဝေးနေမှပါ… မိုးခွန်ထူး ကြည့်ရတာတော့ ဒီလူ့ထက်စာ ပိုပြီးသပ်ရပ်ချော့မော့ နူးညံ့ပုံရပေမယ့် အမြွာညီအစ်ကိုလေ…။

ထူးမခြားနားပဲ နေမှာပါ…။

"မှတ်ပြီလား… နောက်တစ်ခါ စကားနားမထောင်ရင်တော့ ထိုးစံအတိုင်းပဲ…"

ရင်ထဲ ကတုန်ကရင်လိုဖြစ်လာတာမို့ ပန်းလည်း ဆက်မခူးဖြစ်တော့ပါဘူး။ ခြံရှေ့ထွက်လာခဲ့ပါပြီ။ အကြင်နာတရား ကင်းမဲ့လိုက်တာ…။ အလင်းရောင်က ပီပီပြင်ပြင်ရှိပေမယ့်… နှင်းအနည်းငယ်တော့ ရှိပါလား။

"ခင်မွန် "

www.burmeseclassic.com

www.burmeseclassic.com



" ဟင်... ရှင်... ဩော် ကိုမိုးခွန်ထူး "

မိုးခွန်ထူးကို ရုတ်တရက် တွေ့လိုက်ရလို့ ဝမ်းတော့ သာသွားပါတယ်။

" ခင်မွန် လမ်းလျှောက်တာလား "

" ဟုတ်ကဲ့ "

" ကိုယ် သတိရနေတာ "

" သတိရနေတယ်..."

" ဟုတ်တယ်... အိမ်ဘက်တောင် လာလည်မလို့... ကြိုက်မှာစိုးလို့ "

" လာလည်ပါ... ရပါတယ်... ဒါနဲ့ ကိုမိုးခွန်ထူးကို မေးမလို့... ဖော်ကြီးမှာ ဒဏ်ရာတွေနဲ့ တွေ့တယ်... အဲဒါ ရှင့်အစ်ကို သက်ချက်လားဟင် "

ခင်မွန်မေးတော့ ကြည့်နေသေးတယ်...

ပြီးမှ... ခင်မွန် ဘယ်လိုသိလဲတဲ့။ ရှင်ပဲ ဖော်ကြီးကားပေါ်က ချန်ချတာ ရှင့်အစ်ကိုကို တိုင်ရင် ရိုက်မယ်လို့ ပြောတယ်လေ... ဟိုနေ့က ဝရန်တာမှာ ဖော်ကြီးကို ဒဏ်ရာတွေနဲ့ တွေ့လို့ သတိရမိတာလို့ ပြောမိတာ။

" ကိုယ်က မတိုင်ပါဘူး... ဒါပေမယ့် ဖော်ကြီးက ဆော့တယ်လေ... အစ်ကိုကြီးက သူ့စကားနားမထောင်ရင် နားမထောင်တဲ့ အိရွှာန်တွေကို ရိုက်နှက်ဆုံးမတာ... ကိုယ်က သူရိုက်ပြီးရင် ဆေးထည့်ပေး ပတ်တီးစီးပေးနဲ့ပေါ့..."

" မရိုက်ဖို့ ပြောပေါ့ "

" မရဘူးခင်မွန်... အစ်ကိုကြီးက ငယ်တည်းက ဆိုးတာ...

www.burmeseclassic.com

www.burmeseclassic.com



အဖိုးရှိတုန်းက သစ်တောထဲမှာ အတူလိုက်နေရင်းက... အမဲပစ်တာ အရမ်းဝါသနာပါသွားတယ်... အစ်ကိုကြီးက ကျား ကျားသစ်တွေလည်း ပစ်နိုင်တယ် ပြီးတော့ ဘာကောင်ကိုမှ မကြောက်ဘူး..."

" ဒါကြောင့် ဆင်ကြီးစီးနေတာလား "

" ခင်မွန်တွေ့ဖူးတာပေါ့ ဟုတ်လား "

" ဟုတ်တယ်... ဆင်စီးသွားတာ..."

" သူက ကျားလည်း ပစ်ရဲတယ်... တစ်ခါလောက် ကိုယ်တို့အိမ် လိုက်လည်ပါလား... ဧည့်ခန်းမှာ သူပစ်ထားတဲ့ တိရစ္ဆာန်ခေါင်းတွေ အရေတွေကို ရှုပ်ပွနေတာ "

" အဝဲလေ... ဒါဆိုလည်း ရက်စက်နိုင်မှာပေါ့... အသည်းနှလုံး ဘယ်လောက်တောင် မာကျောသလဲ မသိ "

" ကိုယ့်အသည်းနှလုံးကတော့ အဲလိုမျိုး မမာကျောပါဘူး နူးညံ့ပါတယ်..."

ခင်မွန့်နှယ်နော်... သွားဆွမိသလိုတော့ ဖြစ်ဦးမယ်။

" ရှင်တို့အိမ်မှာ ဆင်လည်းရှိ ခွေးလည်းရှိ... ကြောင်လည်းရှိ မျောက်လည်းရှိ... ကြက်တူရွေးလည်းရှိ... နောက် ဘာကောင်တွေ ရှိသေးလဲ "

" ကြက်တူရွေး ရှိတာကို ခင်မွန်သိတယ်လား... အဲဒီကောင် နာမည်က ရောင်စုံတဲ့... ကြက်တူရွေးသာဆိုတယ်... သူ့အတောင်ပံ တွေက အရောင်တော်တော်စုံလို့ ရောင်စုံလို့ ခေါ်တာ... သူက ကိုယ့်ကို ချစ်တယ်... ကိုယ့်အခန်းမှာပဲနေတယ်... ရောင်စုံလည်း ကံကောင်းလို့ မသေတာ... တစ်ခါက အစ်ကိုကြီး ဦးထုပ်ကို ရောင်စုံက ချိတ်ထားတာ သွားဖြုတ်ယူပေးတယ်လေ... ပြုတ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



ဘာကို စိတ်ဆိုးပြီး သတ်မလို့... ကိုယ့်မှာ တားလိုက်ရတာ... အစ်ကိုကြီးကို ကိုယ်ကလွဲပြီး သူ့ကို ဘယ်သူမှ မတားရဲကြဘူး..."

" အဲလောက်ဆိုးတဲ့လူနဲ့ တစ်အိမ်တည်းမှာ နေတဲ့လူတွေ အံ့ဩပါရဲ့ "

" ဒီလိုပေါ့ ခင်မွန်ရယ်... အစ်ကိုကြီးက အဲလိုမျိုးသာ ဆိုးတာ... တစ်အိမ်သားလုံးကို သူပဲ ရှာဖွေကျွေးနေတာကိုး..."

" သူရှာဖွေကျွေးတယ်ဆိုပြီး ဒီလိုမျိုး ရိုက်နှက်နှိပ်စက်တာ တော့ ဘယ်ကောင်းပါ့မလဲ... မုန်းစရာ..."

" ကိုယ့်ကိုတော့ မမုန်းပါဘူးနော် "

" အို..."

ရုတ်တရက် စိတ်ထဲရှိသလို လွှတ်ခနဲ ပြောမိတာပါ...။

ဒါပေမယ့် ကြက်တူရွေးလေး ပြောနေတတ်တဲ့ ခင်မွန် ချစ်တယ်ဆိုတာကို မေ့သွားမိတယ်လေ။

" တစ်ယောက်တည်း တစ်ရက်လောက် ကိုယ်တို့အိမ် လိုက်လည်ပါလား... အိမ်မှာ ဦးဒီပနဲ့ သူ့မိန်းမ ဒေါ်သစ္စာလည်း ရှိတယ်... သူ့သားလေးနဲ့ သမီးလေးလည်း ရှိပါတယ်... ခင်မွန် သာလည်ရင် ကိုယ်သိပ်ပျော်မှာပါ... ကိုယ်ဆေးကုပေးထားတဲ့ ဆန်ကလေးတွေ မျောက်ကလေးတွေလည်း ရှိတယ်... ပြီးတော့ ဟိုတလောက အစ်ကိုကြီးပစ်လာတဲ့ သမင်လေးတစ်ကောင်က မသေ သေးလို့ ကိုယ်တောင်းယူပြီး ဆေးကုပေးထားတာ လာကြည့်ပါလား..."

" သမင်လေးလည်း ရှိတယ်လား... တစ်ရက်တော့ ခင်မွန် လိုက်ကြည့်မယ်လေ... ရှင့်အစ်ကိုကြီး မရှိတဲ့နေ့ပေါ့..."

" ဒါဆိုရင် အစ်ကိုကြီး တောလိုက်ဆို သုံးလေးရက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတဲ့အခါ ကိုယ်လာခေါ်မယ်…"

မိုးခွန်ထူးကျတော့လည်း နှုးညံ့ယဉ်ကျေးသားပဲ။ သူတို့ ညီအစ်ကိုဟာ အမြွှာလို့သာ ပြော… စိတ်ဓာတ်ချင်း မတူကြပါလား။

နွေးထွေးနေတဲ့ မျက်ဝန်းတွေကအကြည့်ကို ခင်မွန် မမြင်ချင် ယောင်ဆောင်နေပေမယ့်… သိနေတယ် မဟုတ်လားကွယ်…။

ရှင့်ကို သံယောဇဉ်မတွယ်ချင်ပါဘူး…

ရှင့်ကို သံယောဇဉ်ဖြစ်ရင် ခင်မွန် စိတ်ပျက်တဲ့ ရှင့်အစ်ကို ကြီးနဲ့ တွေ့နေရတော့မှာ… ခင်မွန့်စိတ်နဲ့တော့ မဖြစ်ပါဘူးလေ…

www.burmeseclassic.com

www.burmeseclassic.com

" ဒါဆို ဒီလူ အတော်ဆိုးတာပေါ့ ခင်မွန်..."

" ဟုတ်တယ် "

" ဆွေမျိုးတော်ရမှာ ကြောက်စရာကြီးပဲ... တော်ပြီ... ခင်မွန် သတိထားတော့... မိုးခွန်ထူးကိုလည်း ရှောင်တော့ အကောင်းဆုံး အတော့ ကိုစိုးဝေကိုပဲ စဉ်းစား "

မျိုးခွန်ထူးအကြောင်း ညို့ကို ပြောပြတော့ ဒီလိုမျိုး ပြောလာပါပြီ။ ဒါကြောင့်မို့ တော်ပါ... ကိုစိုးဝေလည်း မစဉ်းစားဘူး... ဘယ်သူ့မှ မစဉ်းစားဘူး... ညို့မှာလည်း ဒေါ်ဒေါ်လှတို့ အဖော်ရနေပြီ အမေ့ဆီ ပြန်မယ်လို့ ပြောလိုက်တာပေါ့။

" ရန်စကားမပြောနဲ့ "

" တကယ်ပြန်မှာ "

" ခွဲနိုင်လို့လား "

" ဘာလို့မခွဲနိုင်ရမှာလဲ..."

" တော်ကြာမှ သူ့ညီလေး အသည်းကွဲရအောင်လားဆို ခင်ကိုကြီးက ဆင်ကြီးစီးပြီး ကြာပွတ်ကြီးကိုင်လို့ ရှင့်နောက်ကို လိုက်လာရင်ကော..."

" ဒါမျိုးကျတော့ မရွှေညို့တို့ အတော်ပြောတတ်..."

" ည ည အထုပ်ကြီး ထမ်းဝင်သွားတာကရော..."

www.burmeseclassic.com

www.burmeseclassic.com



" ဒီလိုလုပ်မယ် ညို... အဲဒီအိမ်က သူတို့အိမ်မှာ သူတို့ ဘာသာ ဘာဖြစ်ဖြစ် ခင်မွှန်တို့ စိတ်မဝင်စားကြပါစို့နဲ့... တိရစ္ဆာန် လေးတွေ အနှိပ်စက်ခံရတာကို သနားလို့ ဝင်ပြောလို့လည်း မရဘူး လေ... မျိုးခွန်ထူး ကြည့်ရတာ ရက်စက်တတ်ပါတယ် "

" ညီလေးကတော့ ကြင်နာတတ်မှာပါ... တိရိစ္ဆာန်လေးတွေ ကိုတောင် ဆေးကုပေးနေတဲ့ လူပဲဟာ "

" ညိုပဟာလေ "

သည်မျှ ပြောနေတဲ့ကြားက ပါလာပြန်ပါပြီ...။

" ကျောင်းသွားမယ့်လူ သွားမှာသွား..."

" နေ့ခင်းဆို ကြက်တူရွေးတို့ မျောက်တို့ အလည်လာရင် လည်း ကောင်းကောင်း ညှော်ခံလိုက်နော်..."

တွေ့လား...

လှေကားထိပ်ရောက်သည်ထိ ပြောတုန်း။

အခန်းပြန်ပြီး စာဖတ်မယ်လို့ပဲ အလုပ်ရှိပါလား။

ထမင်းဟင်းအားလုံး ဒေါ်ဒေါ်လှတို့က ချက်ပြုတ်နေတာ ခင်မွှန့်အလုပ် ဘာမှလည်း မရှိပါလား။

အမေ့ကိုတော့ သတိရမိတယ်... ဒါပေမယ့် ပြန်သွားရင် ညိုတစ်ယောက်တည်း ကျန်ခဲ့မယ်ဆို အမေကလည်း ပြောဦးမှာ အမေက ကျေးဇူးဆိုတာ သေးမွှားတယ် မရှိ... သိရမယ်... ဆပ်ရမယ် လို့ ပြောမှာပါ...။

တံခါးဝက ဘဲလ်သံကြောင့် ထွက်ကြည့်မိတဲ့အခါ...။

" ဟင်... ကိုမိုးခွန်ထူး..."

" လာလည်လို့ ရပါတယ်နော်... ခင်မွှန် "

www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ်ရှင်... ထိုင်ပါဦး..."

ကိုမိုးခွန်ထူးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်တော့ ဒေါ်ဒေါ်လှကို ညှော့သည်အတွက် စားစရာလေးတစ်ခုခု စီစဉ်ပေးဖို့ ပြောရပါတယ်။

" ဒီအိမ်က ပိတ်ထားတာ ကြာပြီ "

" ဟုတ်တယ်... ညီ့မိတ်ဆွေအိမ်ပါ... ညီတို့အကြောင်းလေးတစ်ခုရှိလို့ ငှားလိုက်တာပါ... ခင်မွန်က ရန်ကုန်မှာ အလုပ်ရှိတယ်... အခုလည်းရှိတော့ ပြန်ချင်ပြီ... ညီက မခွဲချင်လို့သာ..."

" ပြန်မယ်... ခင်မွန်ကလည်း မပြန်ပါနဲ့... ကိုယ်တို့လည်း သတိရနေတော့မှာပေါ့... ဘယ်တော့ပြန်မှာလဲဟင်..."

" ချက်ချင်းတော့ မပြန်နိုင်သေးပါဘူး... ဒါပေမယ့်... ဧည့်သည်ဆိုတာ အချိန်တန် အိမ်ပြန်ရမှာပေါ့..."

ဒေါ်ဒေါ်လှက ကော်ဖီနဲ့မုန့် စီစဉ်ပေးပါတယ်။

ကိုမိုးခွန်ထူးက စားပွဲပေါ်က မဂ္ဂဇင်းစာအုပ်ကို ယူဖတ်ကြည့်တယ်... ဒီလူ့လက်ကလေးတွေ သိပ်လှပါလား။ သူတို့က အမြဲညီအစ်ကိုဆိုတော့ ဟိုလူ့လက်ကလေးတွေရော လှမယ်ထင်တယ်...

သိပ်လှတဲ့ လက်ကလေးတွေကနေ တိရစ္ဆာန်လေးတွေကို သတ်ဖြတ်ရိုက်နှက်နဲ့ အလှအပလေးတွေရပါလျှက် နှမြောစရာ...။

" ခင်မွန်ကြည့်နေတာ ကိုယ်မနေတတ်တော့ဘူး..."

" ဆောရီး ဆောရီး... ခင်မွန် အတွေးလွန်သွားလို့ပါ "

" ဘာတွေ အတွေးလွန်သွားသလဲ... ကိုယ့်ကိုပြောပါဦး..."

" ခင်မွန်သိတာကတော့ ဟိုးဘဝက မေတ္တာတရားများခဲ့တဲ့သူတွေဟာ ဒီဘဝမှာ ရုပ်ရည်ချောမောလှပကြသတဲ့... ကိုမိုးခွန်ထူးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဟာ အရင်ဘဝက မေတ္တာများခဲ့လို့ ဒီဘဝ ရုပ်ရည်ချောမောပါလျက် ခုအဝကျတော့ တိရစ္ဆာန်လေးတွေကို သတ်ဖြတ် ရိုက်နှက်ဆို ဘယ်ကောင်းပါတော့မလဲ..."

" ဟုတ်ပါတယ်... ကိုယ်လည်းပြောတာပါပဲ... အစ်ကိုကြီးက ပင်ကိုယ်စိတ်ရင်းကောင်းပါတယ် "

ခင်မွန်ရယ်နေတော့ ကိုယ့်အစ်ကိုဘက်က လိုက်ပြောတာ မဟုတ်ပါဘူးဗျာ... သူက တောကောင်ကြီးတွေကို ပစ်ရင်းက အကျင့်ပါသွားတာပါတဲ့။

" ဟုတ်ပါပြီလေ... လူတွေကို နှိပ်စက်ပြီး ရွာတွေမှာ ဒုက္ခပေးနေတဲ့ တောကောင်ကြီးတွေ ပစ်တာက ထားပါ... အိမ်မှာမွေးတဲ့ တိရစ္ဆာန်လေးတွေကို ဘာလို့နှိပ်စက်ရတာလဲ..."

" အစ်ကိုဆိုတော့လည်း ဆုံးမချင်တဲ့ စိတ်နဲ့ ဖြစ်မှာပါ..." သူ့အစ်ကိုဘက်က လိုက်ပြောနေတယ်...

ဒါပေါ့လေ... ညီအစ်ကိုဆိုတော့လည်း ချစ်ကြမှာပေါ့...။

" အစ်ကိုကြီးက ပြောတယ်... မိန်းမလှဆိုတာ ပန်းပွင့်လေးနဲ့ တွေ့ရင် ပန်းပွင့်တောင် အရှုံးပေးရအောင် လှတယ်ဆိုပါလား..."

" ရှင်..."

" ကိုယ်နည်းနည်းတော့ ရင်ပူမိတယ်... အစ်ကိုကြီးနှုတ်ဖျားက မိန်းကလေးတစ်ယောက်အကြောင်းပြောတာ ကြားရခဲတာကိုး... ပြီးတော့ ကိုယ်နောက်ကျသွားမလားလို့လည်း စိတ်ပူတယ် "

စကားပြောတာ မဟုတ်တော့ဘူး။ ဒီအချိန်မှာ တင်းဘက်ခြံကနေ ခွေးတွေ တဝုန်းဝုန်း ဆူညံအောင် ဟောင်နေသံကို ကြားရပါလေရော...။

www.burmeseclassic.com

www.burmeseclassic.com



" ကိုယ်ပြန်မှပဲ..."

" ရှင့်အစ်ကိုရှိတယ်လား "

" ရှိနေတယ်... တော်ကြာ စိတ်ဆိုးနေဦးမယ်..."

ကိုမိုးခွန်ထူးက ချက်ချင်းပဲ နှုတ်ဆက်ပြန်သွားပါတယ်...

ဆွေ့ညည်နေအောင် ယောင်လိုက်တဲ့ ခွေးတွေကိုပဲ ကျေးဇူးတင်ရမလိုပါ... မဟုတ်ရင် သူက ခင်မွန့်ကို ရင်ဖွင့်တော့မှာလား။

www.burmeseclassic.com

www.burmeseclassic.com

" ခင်မွန်... ခင်မွန်... အမြှာညီအစ်ကိုဆိုတာ ရုပ်ရည်တင် တူတာမဟုတ်ဘူး တချို့က စိတ်ပါတူကြတယ်... ဖော်ကြာ ညီအစ်ကို နှစ်ယောက်လုံးက ချစ်လှပါချည်ရဲ့ဆို ဘယ်လိုလုပ်မလဲ..."

" တော်ပါတော့... ဘယ်သူ့မှ မချစ်ဘူး..."

" ကိုစိုးဝေကြီးကလည်း တွေ့လိုက်ရင်... ခင်မွန် နေကောင်း လား... ခင်မွန်နေကောင်းလားနဲ့မို့ အမြင်ကပ်ပြီး ပြောလိုက်တယ်... ခင်မွန်က လူရှင် လူ... တိရစ္ဆာန် မဟုတ်တော့ ရှင်ဆေးကုပေးဖို့ မလိုဘူးလို့ ပြောလိုက်တော့မှ ရှက်နေတယ်... ကိုမျိုးခွန်ထူးကြီးကိုတော့ တစ်ခါလောက် တွေ့ဖူးချင်ပါတိ "

" မျက်နှာကြီးက တင်းပြီးတော့ တစ်လောကလုံး သူ့ထမင်းစားတဲ့ ရုပ်ပါဟာ..."

ခင်မွန်ကတော့ မတွေ့ချင်ပါဘူး။ ကြာပွတ်သံကြီး တရွှမ်းရွှမ်း ကြားရပြီးတည်းက စိတ်ပျက်လိုက်တာ...။ မျက်ဝန်းနဲ့ မမြင်ရပေမယ့် နားနဲ့ကြားပြီးပြီလေ...။

" ညဘက်တွေမှာ အစထုပ်ကြီးထမ်းထမ်း ဝင်လာတာ ဘာလဲဆိုတာ မမေးလိုက်ဘူးလား "

" အဲလိုကြီးတော့လည်း ပေါ်ပေါ်တင်တင်ကြီး မေးလို့ဖြစ် မလား ညီ့ရဲ့... ညာပြောချင် ပြောမှာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



" အလည်တော့ လာတတ်နေပြီနော်... သိပ်မကြာခင်မှာတော့ ရင်ဖွင့်တော့မယ် ထင်တယ်... အရင်ကတော့ ကြက်တူရွေးက ခင်မွန် ချစ်တယ်တဲ့... အခုတော့ လူက ခင်မွန်ချစ်တယ်ဆို ဘယ်လိုဖြေမလဲ..."

" ဟင့်အင်း... မချစ်ဘူးလို့ ဖြေမယ်..."

" မချစ်ဘူး... မချစ်ဘူး... မချစ်ဘူး "

" ဟင်... ကြက်တူရွေး "

" ရောင်စုံ..."

ညိုနဲ့ ခင်မွန် စကားပြောနေတာ အနားက သရက်ကိုင်းမှာ ရောင်စုံ ရှိနေတာကို ခင်မွန်တို့ မသိလိုက်...။ မချစ်ဘူး... မချစ်ဘူး... ချစ်ဘူးလို့ အော်ရင်း ဟိုဒီပျံဝဲနေမှ တွေ့ရတာပါလား။

" ဒီကြက်တူရွေးက စကားတစ်ခွန်းကို လွယ်လွယ်တတ်ပုံ ရတယ်... စကားပြောတော့ ဆင်ခြင်မှပါ..."

ကြက်တူရွေးဆိုတော့လည်း ဟိုဒီလျှောက်သွားနေမှာပေါ့လေ... အဲဒီကြက်တူရွေးခများလည်း ကံကောင်းလို့ မသေတဲ့အကြောင်း ပြောပြရတယ်။

" ကိုမိုးခွန်ထူးနဲ့ ခင်မွန့်ကို ညိုသဘောမတူချင်ဘူး... ဒီလူနဲ့ လက်ထပ်ရင် ခင်မွန် အဲဒီအိမ်ကြီးမှာ လိုက်နေရမယ်... သူ့အစ်ကိုကြီးလို့ စရိုက်ကြမ်းတဲ့လူနဲ့ တွေ့နေရမယ်... ညီကလည်း အစ်ကိုကို သိပ်ချစ်ပုံရတော့ ခွဲနေမယ့်ပုံမရှိဘူး... ခင်မွန် စိတ်ရှုပ်ရ သိမ့်မယ်..."

" ဘာစိတ်ရှုပ်စရာမှ မရှိဘူး... ခင်မွန် ဘယ်သူ့မှ မနေပါ ဘူး..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဝေးဝေးနေတော့ကွာ..."

"ကိုယ့်အိမ်လာလည်ပြန်တော့ မလာနဲ့လို့ ပြောရခက်မယ်... လမ်းတွေ့ရင် နှုတ်မဆက်လို့က မဖြစ်နဲ့ မိတ်ဆွေအနေနဲ့တော့ နေရမှာပဲလေ ညို... ချစ်သူအဖြစ် မချစ်ရင် ပြီးတာပါပဲ..."

ချစ်သူအဖြစ် မချစ်ပါဘူးလို့ ဆိုတဲ့အခါ...

သူ့ရဲ့ နွေးထွေးစွာ ကြည့်နေတတ်သော မျက်ဝန်းတစ်စုံကို ဘာလို့များ အမှတ်ထင်ထင် ဖြစ်နေရပါသလဲ...။

"ဟယ်တော့ ခင်မွန်... ဟိုမှာ... ဟိုမှာ..."

ညိုက အလန့်တကြား အော်ပါလေရော...။ ညို့ကြောင့် ကြည့်မိတဲ့အခါ ခင်မွန်တောင်မှ ရုတ်တရက် ထိတ်လန့်ရပါလား။ အုတ်စည်းရိုးပေါ်မှာ ဦးဒီပက ထိုင်နေလိုက်တာ... ပြီးတော့ ခင်မွန်တို့ ဘက်ကို အသေအချာ စိုက်ကြည့်နေတာ...။

"ဟယ်... မြန်လိုက်တာ..."

ဟုတ်ပါရဲ့...

ခင်မွန်တို့လည်း မြင်ရော... အဲဒီလောက်မြင့်တဲ့ အုတ်စည်းရိုး ပေါ်က ခုန်ချပျောက်ကွယ်သွားတာ မြန်လိုက်တာမှ...။

"ဒီလူတွေဟာ ရိုးသားရဲ့လား ခင်မွန်... ပြီးတော့ သူတို့ သိပ်လျှင်မြန်လွန်းတယ်... ညိုတို့အိမ်ပေါ်ကို ခိုတက်လာဖို့ လွယ်လွန်း ပါတယ်..."

ဟုတ်တယ်ညို လို့ပဲ ဖြေလိုက်ရတယ်...။

"ညို ကျောင်းသွားချိန် အိမ်မှာ ဒေါ်ဒေါ်လှတို့ရှိတယ် ဆိုပေမယ့်... ဝရန်တာတံခါးတွေတော့ ပိတ်ပိတ်ထားပါ ခင်မွန်... ညို စိတ်မချဘူး..."

www.burmeseclassic.com

www.burmeseclassic.com



" ခင်မွန်တို့မှာ... ဘာငွေကြေးဥစ္စာမှ များများမရှိပါဘူး ခြကြာက်စရာလား "

" ဟဲ့... ငွေမရှိလည်း အန္တရာယ်မရှိတော့ဘူးလား... ခေတ်တခေတ်များ ရှင့်ကို ချစ်လှပါချည်ရဲ့ဆို ပခုံးပေါ်ထမ်းခေါ်သွားမှ မိန်းကလေးနော် မိန်းကလေး... "

ညို ကြဲကြဲဖန်ဖန် ပြောတာကို နားထောင်ပြီးတော့ ခင်မွန် ပြုံးရင်းမှ ရမလား... ဥပဒေမဲ့ လုပ်လို့ရမလားလို့ ပြောလိုက်တယ်...

" ဥပဒေကို နောက်မှကြည့်ရှင်းမယ်ဆို ရှင် အရင်ဆုံး အဲဒီ မိုးခွန်ထူးနဲ့ လက်ထပ်နေရမယ်... ကြည့်လည်းနေဦး... အဲလိုလူရဲ့ မိန်းမဖြစ်လို့ကတော့... တစ်သက်သွားပြီ "

ဒါလည်း ဟုတ်ပါရဲ့။ ဒီလူ့ မိန်းမများဆို တိရစ္ဆာန်လေး ဆွေကို ရိုက်နှက်နှိပ်စက်သလိုများ နှိပ်စက်နေဒလမလား။

www.burmeseclassic.com

www.burmeseclassic.com

" ငါတို့လမ်းလျှောက်တဲ့ ဒီမနက်မှ နှင်းပါးလိုက်တာ..."

ညို့အပြောကြောင့် ပြုံးရတယ်... ညို့ကို အတင်းနိုးခေါ်လာမှ နှင်းက သိပ်မကျတဲ့နေ့ ဖြစ်နေပါလား။ ဒါပေမယ့် အအေးဓာတ်နဲ့ အတူ လေတစ်ချက်တိုက်ရင် စိမ့်နေတာပါပဲလေ...။

" အအေးကြောက်တဲ့ ခင်မွန်ဖြင့် ခုလိုမနက်တိုင်း လမ်းလျှောက်ရတာကို ခုတော့လည်း ကြိုက်တတ်နေပါပြီ..."

" ဒီမြို့လေးမှာ တစ်သက်လုံး နေဖို့ရော စိတ်မကူးဘူးလား"

" မကူးပါဘူး... ညိုနော်..."

ညိုကရယ်နေတယ်။ ဈေးဘက်သွားတဲ့ ညို့အသိတွေနဲ့ တွေ့လို့ ညိုက ရပ်စကားပြောနေပြန်တာပေါ့...။ ခင်မွန်ကတော့ ရောက်လေရာ ပွင့်နေတတ်သော ပန်းကလေးတွေကို ခူးရတာကိုပဲ ပျော်လှပါပြီ...။

" အဲဒီလို ပန်းခူးနေတုန်း မြင်ဖူးသွားတာ ထင်ပါရဲ့... လူကလည်းလှ ပန်းကလေးလှလေ..."

ညို့ပခုံးကို လှမ်းထုတော့ ရှောင်ရင်း ရှေ့ကပြေးနှင့်တယ်...

ခပ်လှမ်းလှမ်းက မြင်းခွာသံကြောင့် ညိုနဲ့ခင်မွန်... လမ်းဘေးနားထိ ဆင်းရပ်တဲ့အခါ... မြင်းစီးလာတဲ့လူတစ်ယောက်က ဘေးကနေ ဖြတ်ကျော်သွားပြီးတော့မှ...

www.burmeseclassic.com

www.burmeseclassic.com



" ခင်မွန် ပြန်လှည့်လာပြီ "

ခင်မွန့်ဘေးနားမှာ ရပ်လိုက်တယ်... မြင်းပေါ်မှာ ရှိနေတဲ့လူကို ခင်မွန် ကြည့်တဲ့အခါမှာတော့ မျက်မှန်တစ်လက်က သူ ဘယ်သူဆိုတာ အဖြေပေးပါတယ်။

" ခင်မွန့်လတ်... "

ခင်မွန့်ကို ခေါ်လိုက်ရင်း မြင်းပေါ်က ဆင်းလိုက်တယ်။

ခင်မွန့်မျက်ဝန်းတွေက သူ့လက်ကလေးတွေကို ရအောင် လိုက်ကြည့်မိတာပေါ့...။ ဒါပေမယ့် လက်အိတ်စွပ်ထားတာတွေလို့ ရင်ထဲက မြုံးမိသား...။ သူ့ရဲ့ ကြမ်းတမ်းရက်စက်သော လက်တွေက လှလှမလှလှ ခင်မွန်နှင့် ဘာဆိုင်တာလိုက်လို့...။

" ဘယ်သွားမလို့လဲ "

" လမ်းလျှောက်တာပါ... "

" နှင်းတွေသိပ်ကျနေတုန်း မြင်းစီးကြည့်ပါလား "

" ခင်မွန်မှ မြင်းမစီးတတ်ပဲ "

" ကိုယ်နဲ့ အတူစီးပေါ့... "

" အို... မစီးချင်ပါဘူး... သွားတော့မယ်... "

" နေပါဦး... မနေ့က တောထဲကနေ မင်းအတွက် ကိုယ် ငှက်နှစ်ကောင် ဖမ်းလာတယ်... အဲဒါ "

" ဟင့်အင်း... ခင်မွန့် မလိုချင်ပါဘူး... တိရစ္ဆာန်တွေကို မမုန်းပေမယ့်... ကရိကထခံပြီး မွေးမြူရတာတော့ မနှစ်သက်လို့ပါ... "

" မင်းအတွက် ရည်စူးပြီးရင် မင်း ယူကိုယူရမယ်... မင်းလက်ထဲရောက်မှ အဲဒီငှက်တွေကို သတ်ချင်သတ်ပစ်... ကိုယ့်စိတ်က ရည်စူးတဲ့သူကို ပေးမယ်ဆိုပေးရမှ... မိုးလေးကို ပေးခိုင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မြင်းပေါ်တက်လို့ မြားတစ်စင်းနှယ် မြန်ဆန်စွာ ပျောက်ကွယ်သွားပါပေါ့။

" ခင်မွန်... နင်တော့ မလွယ်ဘူး "

" ဘာမလွယ်ရမှာလဲ..."

" ဒီလူက ကြမ်းတမ်းသလို ခေါင်းမာမာ တဖွတ်ထိုးဆန်ပုံ ရတယ်... ညိုတော့ မနှစ်သက်လှပါဘူး... တော်ကြာ ခင်မွန့်ကို ချစ်တယ်ဆိုရင် ရှောင်ရခက်မယ် ခင်မွန်..."

" မခက်ပါဘူး... ကောင်းကောင်းမွန်မွန် ခင်ခင်မင်မင် မဆက်ဆံဘူးဆို ခင်မွန်ပြန်မှာပေါ့ ညိုရယ် "

" ဟုတ်ပါတယ် ခင်မွန်ပြန်သွားရင် ရတာပါပဲ "

" စိတ်မပူပါနဲ့ ညို..."

နေခြည်နုနုလေး ထွက်လာချိန်မှာမှ နှင်းပိုပြီး သိမ်သည်းလာ သလိုပါလား။ ခုနကထက် ပိုပြီး မှုန်မှိုင်းအုံ့ဆိုင်းနေပါတယ်။

" အဲဒါ ညိုတို့ကျောင်းက ဆရာမ ဝင်းဝင်းနွယ်တို့ အိမ်လေ ခင်မွန် "

" အိမ်ကလေးက ချစ်စရာလေး..."

" လာ ဝင်ကြည့်မယ်... ဝင်းနွယ်ရှိမလားပဲ..."

ခြံဝကနေ အော်ခေါ်တဲ့အခါမှာတော့ အထဲက ထူးသံကြားရ ပြီး လူတစ်ယောက် ထွက်လာပါပြီ။

" ဟယ်... မမညို လာလေ ဝင်လာတာ မဟုတ်ဘူး..."

" ဝင်းနွယ်မှ ရှိရဲ့လားလို့ "

" ရှိပါတယ်... အမေလည်း ရှိတယ် လာ..."

ညိုက ခင်မွန်နဲ့ ဝင်းဝင်းနွယ်ကို မိတ်ဆက်ပေးပါတယ်...

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူမှာ ပါးနီနီလေးနဲ့ ချစ်စရာလေးပါ။

" အမေ... သမီးတို့ကျောင်းကဆရာမပဲလေ... မမညို... ဒီဘက်က မခင်မွန်လတ်တဲ့ ဝင်းနွယ် အမေလေ... ဒေါ်ကျော့ခင်ပါ... အမေက လမ်းလျှောက်ထွက်သွားတယ် "

ကော်ဖီနဲ့ မုန့်စားခဲ့ပါပြီ ပြောမရပါပဲ... မုန့်တွေကျွေးနေတာ။

" ဆီထမင်းနဲ့ ဆိတ်သားခြောက်ဖုတ်စားပါ... အဲဒါ ဆိတ်သားခြောက် အစစ် မမညို... စားပါ... ဟိုတစ်နေ့ကပဲ မညိုတို့ ခြေရင်းခြံက ဦးဒီပကြီး လာပို့ပေးတာ "

"ခြေရင်းခြံက ဦးဒီပ ဟုတ်လား. ဝင်းနွယ်တို့နဲ့ ခင်သားပဲ"

" ခင်တယ် မမညို... သူတို့ သဘောကောင်းကြပါတယ်... အစ်ကိုကြီးကြောင့်လည်း အမေ အသက်ရှင်တာ... အမေ လေဖြတ်ပြီး ရောဂါသည်းတုန်းက ဆေးဆရာက စပါးကြီးသည်းခြေလိုတယ် ဆိုလည်း အစ်ကိုကြီးပဲ ရှာပေးတာ..."

" ဝင်းနွယ်နဲ့ရော ခင်သလား "

" တွေ့ဖူးတယ် ဆိုရုံပါပဲ... မခင်လှပါဘူး... လိုချင်တာ အားလုံး ဦးဒီပကို မှာတာပေါ့..."

မခင်တဲ့လူတစ်ယောက်ကို စိတ်သဘောကောင်းတယ်လို့ သဘောမှတ်ရင် ယေဘုယျပဲရမှာပေါ့လေ...။ ဝင်းဝင်းနွယ်ကျွေးတဲ့ ဆီထမင်းနဲ့ ဆိတ်သားခြောက်ဖုတ်ကို ညိုကတော့ ကောင်းကောင်းစားရင်း တိုးတိုးပြောသေးတာ။

" အမဲပစ်တဲ့လူကိုသာ ရက်စက်တယ်ဆို သဘောမကျတာ... သူပစ်လာတဲ့ ဆိတ်သားခြောက်ဖုတ်ကျတော့လည်း စားလို့ကောင်းသား "

www.burmeseclassic.com

www.burmeseclassic.com



" ညီပြာလေ..."

" အမေက ဖိုက်လည်းခွဲဖူးတယ် မညို... အမေ့ကို အစ်ကိုကြီးပဲ သွေးသွင်းပေးတာပါ..."

" အဲဒီလူက ကြမ်းတမ်းရက်စက်ပုံ ရတယ်နော် "

" မဟုတ်တာ... စိတ်သဘောကောင်းပါတယ်... လိုရင် ဘယ်သူ့ဖြစ်ဖြစ် ကူညီတာပါပဲ... သူ့ဘာသာဆိုရင်တော့ ပုံစံက ကြမ်းတမ်းပုံပေါ်နေလို့ပါ..."

ဝင်းဝင်းနွယ်ကတော့ မျိုးခွန်ထူး သဘောမကောင်းဘူး ပြောရင် လက်ခံမည့်ပုံမရှိ...။ အပြန်လမ်းမှာတော့ ညို့ကို ပြောပြ ရတယ်...

" သူတို့က အဝေးမှာ နေတာလေ ညို... တိရစ္ဆာန်လေး တွေကို ရိုက်နှက်နှိပ်စက်နေတာ မမြင်ရ မကြားရလေတော့ လက်ခံလို့ ရမှာပေါ့... သူ့အမေကို အမျိုးမျိုး ကူညီတာကိုး..."

" လူ့အကြောင်းဆိုတာကလည်း ကြာကြာပေါင်းမှ အကြောင်းသိရတာလေ... အဲဒီလူ မူရင်းစိတ်ကို သိချင်ရင် ကြာကြာ ပေါင်းမှ သိနိုင်မှာပေါ့..."

" ညို့အပြောအရဆို ကြာကြာပေါင်းရမယ် "

" အင်း... ဒါဆို ကြာကြာသာပေါင်းလိုက်..."

ညို သဘောကျစွာ ရယ်နေပြန်ပါပြီ။ ကြာကြာပေါင်းဖို့ နေနေသာသာ အဲဒီတစ္ဆေ်ထိုး ပုံစံကြီးကို စိတ်ပျက်လွန်းလို့ပါ...။

www.burmeseclassic.com

www.burmeseclassic.com

" ဟင်... ကိုမိုးခွန်ထူး..."

အပြန်မှာတော့ ခြံဝအုတ်ခုံလေးမှာ ကိုမိုးခွန်ထူး ထိုင်နေ ပါတယ်... ဘေးမှာ ချထားတဲ့ ငှက်လှောင်အိမ်နဲ့ ငှက်ကလေး များကောင်ကို မြင်တာနှင့် သိလိုက်ပါပြီ။ ခင်မွန့်အတွက် ငှက်ကလေး နှစ်ကောင် ပေးမယ်လို့ ဆိုတာကိုး...။

" အစ်ကိုကြီးဆီကနေ ခင်မွန့်အတွက် ငှက်ကလေး နှစ်ကောင်တောင်းထားတယ်..."

" ရှင့်အစ်ကိုကြီးနဲ့ တွေ့ပြီးပါပြီ... ခင်မွန်မလိုချင်ဘူးလို့ ပြောလိုက်တော့ ပြန်ပြောပုံက ကြည့်လို့ကို မရဘူး..."

" သူက လူဖြောင့်စိတ်တိုလေ..."

" ဖြောင့်တာမှ ဖြောင့်... စိတ်တိုတာကတော့ တရေးလွန်ပါပဲ"

" ခင်မွန်က အပြစ်မြင်နေပြီ ထင်တယ်..."

" သူ ကြာပွတ်ကြီးနဲ့ တရှမ်းရှမ်း ရိုက်နေတာ ခင်မွန် နဲ့ ဆတ်ဆတ်ကြားရပြီးကတည်းက မခင်တော့ဘူး..."

" ကိုယ်ကတော့ ကိုယ့်အစ်ကိုကြီးလည်း ဖြစ်သလို အသက်သခင်ဆိုတော့ အပြစ်မမြင်ရက်ပါဘူး... သူရိုက်လိုက်လို့ ထိရာရတဲ့ တိရစ္ဆာန်တွေကို ဆေးကုပေးမယ် ကြင်နာပေးမယ်... ဒဏ်ရာမခံရအောင် ဂရုစိုက်ပေးမယ်လေ..."

" သူက ရှင့်ရဲ့အသက်သခင် "

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်... အစ်ကိုကြီးကသာ တောကျွမ်းတာ... ကိုယ်က လုံးဝ တောမကျွမ်းကျင်ဘူး... ဆယ့်လေးငါးနှစ်က အဖိုး တောထဲလိုက်သွားတာ... ကံကောင်းလို့ ကျားသစ်ကိုက်သေမည် အစ်ကိုကြီး ပစ်ပေးလို့ မသေတာ..."

အင်းပေါ့လေ...

အစ်ကိုလည်း အစ်ကို...

အသက်သခင်ဆိုတော့လည်း သူ့အစ်ကိုကို မိုးခွန် ချစ်ခင်တယ်ဆိုတာ သိပ်တော့ မဆန်းလှပါဘူး...။

" ငှက်ကလေး နှစ်ကောင်က ချစ်စရာလေးပါ... ဒီမှာကြည့် ပါလား... အတောင်လေးတွေက အပြာရောင်လေးတွေ... တစ်ကောင် က ခင်မွှန်... တစ်ကောင်က ကိုယ်လို့ မှတ်ထားပြီး ယူထားပေး ပါလား..."

" မလိုချင်ပါဘူး "

" ဘာလို့လဲ "

" တိရစ္ဆာန်လေးတွေကို သနားလည်း သနားပါတယ်... ချစ်လည်းချစ်ပါတယ်... ဒါပေမယ့် မလိုချင်ဘူး... သံယောဇဉ် တွယ်တယ် မတော်တဆ သူတို့သေဆုံးသွားရင် ခင်မွှန် စိတ်မကောင်း ဖြစ်ရမှာ... အဲလိုမျိုး မဖြစ်ချင်ပါဘူး..."

" တော်ရုံမသေပါဘူး... ယူထားပေးပါ ခင်မွှန်... တော်ကြာ အစ်ကိုကြီးက ခင်မွှန် မယူဘူးဆို လှောင်အိမ်က လွှတ်လိုက် တော်ပါရဲ့... သတ်ပစ်လိုက်မှာ စိုးရိမ်လို့ပါ..."

" သတ်ပစ်မယ် "

" ဘယ်ပြောနိုင်မလဲ... သူစိတ်တိုရင် လှောင်အိမ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွင့်ပစ်ချင်ပစ်မှာ..."

" သူ့ကို အဲလောက် ကြောက်နေစရာလိုလို့လား "

" ကြောက်တယ်တော့ မဟုတ်ဘူးပေါ့... သူ့ဆန္ဒလိုက်လျှော ဆိုက်ရင် ပြီးသွားတာမျိုးပါပဲ..."

သူနှင့်နှစ်ယောက် အုတ်ခုံလေးမှာ စကား ထိုင်ပြောနေမိပါတယ်။

" မြို့ပြင်ရေတံခွန်ဘက် ခင်မွန် ရောက်ပြီးပြီလား "

" ဟင့်အင်း မရောက်သေးပါဘူး... ရေတံခွန် ရှိတယ်လား"

" ရှိတယ်... ပျော်စရာကောင်းမှာပါတယ်... အဲဒီဘက်မှာတော့ ငှက်ကလေးတွေ ရှဥ့်ကလေးတွေကို သဘာဝအတိုင်း တွေ့ရတာတယ်... ရေစီးနေတဲ့ အလှကို တစ်ခါတလေ ကိုယ်တစ်နေကုန် ထိုင်ကြည့်နေဖူးတယ်... အစ်ကိုကြီး ငါးဖမ်းတဲ့အခါမှာတော့ ကိုယ်က ဟိုငေးဒီငေး တမေ့တမောပေါ့..."

" ရှင့်အစ်ကိုကလည်း အကုသိုလ်အလုပ် အကုန်ဝါသနာပါ ပုံရတယ် "

ခင်မွန့်စကားကြောင့် မိုးခွန်ထူး ရယ်နေပါတယ်။ သူတို့ အမြွာက အတော်တူတာပါလား... သူက ခဏခဏ ရယ်မောတတ် တော့ ပိုနုပျိုပါတယ်... ဟိုလူကတော့ မျက်မှန်ကြီးကလည်း ထူ... မျက်နှာက အရယ်အပြုံးမရှိ ခပ်တင်းတင်းကြီးဆိုတော့ သူ့ထက်စာရင် ရုပ်ပိုရင့်သလိုပါပဲ...။

" ဖော်ကြီးရော..."

" ခင်မွန်က ဖော်ကြီးကို အမြဲသတိတရရှိတယ်နော်"

" ခင်မွန် ပြောပါကော... ခင်မွန်က သံယောဇဉ် ကြီးတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်... ဇော်ကြီးကို မြင်ဖူးလိုက်ပြီလေ... ပြီးတော့ သူ့အရိုက်ခံရတာ ဒဏ်ရာတွေရတာမြင်တော့ စိတ်ထိခိုက်ရတယ်... ဒါကြောင့် တိရစ္ဆာန်တွေကို မတွယ်တာချင်ဘူး "

" ဒါဆို လူကို တွယ်တာပါလား... ဒီညနေတော့ အစ်ကိုကြီးကို ပြောမယ်... ကိုယ့်ကိုလည်း ဒဏ်ရာအနာတရဖြစ်အောင် ရိုက်ပေးပါ... ဒါမှ ခင်မွန်စိတ်မကောင်းဖြစ်ပြီး သနားချစ်ကလေး ချစ်လာအောင်... ခင်မွန့်ကို ကိုယ်ချစ်တယ် "

ဇော်ကြီးအကြောင်းပြောနေပါတယ်ဆိုမှ... ဘယ်ကဘယ်လိုဖြစ်ပြီးတော့ သူ့အချစ်အကြောင်း ရောက်သွားပါလိမ့်။

" ကိုယ့်ကို ပြန်ချစ်ပါ..."

" ဟင့်အင်း... ခင်မွန် တစ်ရွာသားကို ရည်းစားမလုပ်ချင်ဘူး... ခင်မွန်က အမေ့ဆီ ပြန်မှာ... ဒီမှာလည်း မနေနိုင်ပါဘူး... ပြီးတော့ မချစ်ချင်ပါဘူး... သွားတော့မယ်..."

ခင်မွန်ပြေးထွက်လာခဲ့ပြီးမှ အိမ်ပေါ်လည်း ရောက်ရော ငှက်ကလေးတွေ ကျွန်ခဲ့တာ အမှတ်ရတယ်... ငှက်ကလေးတွေတော့ သတ်များ အသတ်ခံရမလား။

www.burmeseclassic.com

www.burmeseclassic.com

" ညီက ရင်ဖွင့်ပြီဆိုတော့ အစ်ကိုရင်ဖွင့်ဖို့ပဲ ကျန်တော့တယ်"

" ညီ့ရယ်... ခင်မွှန် အချစ်ကို စိတ်မဝင်စားပါဘူး... ...ယ်... ဟိုမှာကြည့်စမ်းညီ..."

ဝရန်တာမှာ ထိုင်မိရင်ကို သစ်သားတန်းလေးတွေကြားက ...ဘက်ခြံကို ကြည့်မိစမြဲ... အိမ်ကြီးရှေ့ကွက်လပ်မှာ တိရစ္ဆာန် ...စ်ကောင်က မြေကြီးတွေကို ယက်နေတယ်...။ ခပ်ကိုင်းကိုင်း ...နေအထားနဲ့မို့ ခွေးတစ်ကောင်လား ဆိုတော့လည်း မဟုတ်နိုင်...

" အဲဒါ... ဘာကောင်လဲ ညီ"

" အင်းနော်... ဘာကောင်ပါလိမ့်... လုံးတုံးတုံးကြီး ...လည်းမဟုတ်... နောက်ဘက်က မြင်ရတာမျိုး..."

" သူတို့က တောပစ်ထွက်တော့ အကောင်တွေ ပစ်လည်း ...ယူလည်းယူလာနဲ့ ထင်တယ်..."

" ဟယ်... ဟယ်... ကြည့်စမ်း ညီ... ကြည့်စမ်း..."

ခုနအကောင်ကြီးက မတ်မတ်လည်းရပ်လိုက်ရော... ခင်မွှန်နဲ့ ...ညီ တအံ့တသြကို ဖြစ်ရတာ။

" ဝက်ဝံ... ဝက်ဝံ "

အညိုရောင် ဝက်ဝံတစ်ကောင်ပါလား...။ ဝက်ဝံကြီး... ...လေးဘက်သွား အနေအထားနဲ့နေတော့ ဘာကောင်မှန်း မှန်း ...ဖြစ်နေတာ... အခု မတ်မတ်ရပ်လိုက်တော့မှ ဝက်ဝံမှန်းသိရတာ...။

www.burmeseclassic.com

www.burmeseclassic.com



" အဲဒီခြံထဲမှာ ဘယ်လိုအကောင်တွေ ရှိသလဲ... ဆင်မြင်း မျောက် ခွေး ငှက် တိရစ္ဆာန်ရုံတော့ ဖြစ်တော့မယ်..."

" တိရစ္ဆာန်တွေ မွေးတာကော ထားပါ... ရိုက်နှက်နှိပ်စက်မထင်ရင် သတ်တာကတော့ လွန်လွန်းတယ် "

" ဒါကတော့ ညီဖုရယ်... သူက မုဆိုးလေ မုဆိုး... မုဆိုးမှာ အသည်းနှလုံး ရှိပါ့မလား "

" မုဆိုးရဲ့ အသည်းနှလုံးက ခင်မွန်လတ်ဆိုတဲ့ သမင်မလေးတွေမှ "

" တော်ပါတော့ အဲဒီအိမ်မှာ သမင်လည်း ရှိတယ်တဲ့..."

မျိုးခွန်ထူး မရှိတဲ့ရက်မှာ လိုက်လည်ပါလို့ ခေါ်ထားပါတယ်... ဒါပေမယ့် ချစ်တယ်လို့ ပြောတဲ့လူတစ်ယောက် ခေါ်ရာကိုမလိုက်ချင်ပါဘူး။

လေတစ်ချက် ပြင်းပြင်းတိုက်ရင် ဝါးရုံပင်ကြီးတွေကတငြိမ့်ငြိမ့် လှုပ်ရမ်းလို့ပါ...။ ရတ်တရက် ခွေးတွေရဲ့ ဆူဆူညံညံဟောင်သံကို ကြားရပြီးတဲ့အခါမှာတော့...။

" ညီ... ဝက်ဝံကြီးကို ခွေးသုံးကောင် ဝိုင်းနေပါရောလား... ဒိုက္ခပါပဲ..."

" ဟုတ်ပါရဲ့... ဟိုမှာ... ဟိုမှာ... ဟိုလူ မဟုတ်လား..."

နေအတော်ကျနေပြီမို့ အလင်းရောင် မပီပြင်ချင်တော့ပေမယ့်... မြင်နေရသေးတဲ့ အနေအထားပါ..။ ညီဖုနဲ့နှစ်ယောက် ငြိမ်ငြိမ်လေး တိတ်တိတ်ကလေး ကြည့်နေမိပါတယ်... ဝက်ဝံကြီးကို ခွေးကောင်က ဟိုဒီလှည့်ပတ်ချောင်းနေတာက အသည်းယားစရာ...ဝက်ဝံကြီးကလည်း ပြန်ကုတ်ဖို့ ပြင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



" သူရပ်ကြည့်နေနိုင်တယ် "

" နှလုံးသားမရှိတဲ့လူ..."

ဝက်ဝံနှင့် ခွေးတွေရဲ့ တိုက်ပွဲကို အမှောင်ဖုံးစမှာ ရင်ထိတ်ဆာ မြင်ရ ကြားရနဲ့ ကြာတော့ ခင်မွန် မကြည့်ချင်တော့ပါဘူး... ကြောင့် အခန်းထဲ ပြန်ဝင်လာခဲ့တယ်...

" ညို "

" ဟင် "

" နယ့်ကျောင်းနဲ့ နီးတဲ့နေရာမှာ အိမ်ခန်းခပ်ကျဉ်းကျဉ်း ရှာပြီး ဒေါ်ဒေါ်လှတို့နဲ့ နေပါလားဟာ... ငါ အမေတို့ဆီ ခဲ့မယ်..."

" ဘာဖြစ်လို့လဲ "

" အဲလိုမျိုး ရက်စက်နေတာတွေ ကြည့်လည်းမကြည့်ချင် လည်း မမြင်ချင်ဘူးဟယ်... အခု ကြားနေရတာ နားချမ်းသာလို့ ... ရင်ထဲ စိတ်မကောင်းလိုက်တာ..."

" နောက်ဆို ဝရန်တာဘက် သိပ်မထွက်နဲ့ပေါ့..."

" အင်း... သူ့ကို အပြစ်တင်မယ့်အစား... ကိုယ့်ရဲ့ကြည့်မိတဲ့ ချာစီ... ကြားမိတဲ့နားပဲ အပြစ်တင်ရတော့မလိုပါလား..."

ကိုမိုးခွန်ထူးဟာ သူ့အစ်ကိုကို ပြောတော့ပြောသင့်ပါတယ်... ပြောရဘူး ထင်ပါရဲ့လေ။ ဒီလောက် ကြမ်းတမ်းလေတော့ ဒီလူကို မယ့်လူလည်း ဘယ်ရှိပါ့မလဲ...။ မိန်းမရှိလည်း မိန်းမက သူ့ ကြောက်နေရမယ့်ပုံပါ... စိတ်မထင်ရင် မိန်းမလည်း ရိုက်နှက်သတ်နေမှ ...။

www.burmeseclassic.com

" ညို... ဒေါ်ဒေါ်လှ နောက်ဘက်က ခြံတွေကို ရှင်းချ
တယ်... ကျောင်းစောင့်ကြီးတူလေး မောင်သိန်းကို လွှတ်ပေးမလာ
ဒေါ်ဒေါ်လှတို့ သုံးယောက်ရှင်းရင် တစ်ရက်နှစ်ရက်ဆို အတော်ရှင်
မယ်... တစ်နေ့က လှေကားရင်းမှာ မြွေကလေးတစ်ကောင် တွေ့လို့
" မြွေ... အမလေး မြွေတော့ ညိုကြောက်တယ်... ရှင်းပါ
ရှင်း ဒေါ်ဒေါ်လှ... လူလိုရင်လည်း များများခေါ်ပေးမယ်..."
ညိုကတော့လေ ကြောက်လိုက်ရင် အသည်းအသန်။
" ဒေါ်ဒေါ်လှ... စံပယ်ခြံလေးတွေတော့ ချန်ထားပေးပါ
ဘုရားတင်ဖို့ ခူးရတာပေါ့ "
" အေး... အေး "
ညိုကျောင်းသွားကာနီး ဒေါ်ဒေါ်လှက လာပြောပါတယ်
ခင်မွန်ကတော့ အဝတ်တွေ မီးပူတိုက်မယ်ဆို ပြင်ဆင်နေတုန်း
တံခါးကို တဒေါက်ဒေါက် အပြင်က ခေါက်နေတယ်... ဝရန်တာ
တံခါးပိတ်ထားတာ ခေါက်တယ်ဆို ဘယ်သူလဲ အထူးအဆန်းပါလား
လို့ တံခါးကို ဖွင့်လိုက်တဲ့ အခါမှာတော့။
" ဟင်... ဇော်ကြီး "
ဇော်ကြီးကို တွေ့ရလို့ အံ့သြရပါလား...။ ဇော်ကြီးက
ခင်မွန့်ကို လက်ကာမ်းလို့ ယူလိုက်တဲ့အခါ စာတစ်စောင်... ညိုက

www.burmeseclassic.com

www.burmeseclassic.com



ရယ်ပါလေရော...။

"ကျေးဇူးတမန်ပဲ ကြားဖူးပါတယ်... ခင်မွန့် လက်ထက်ကျမှ မျောက်စေတမာန်နဲ့ပါလား..."

"ညိုရယ်... နင်ကတော့လေ..."

စာဖတ်ကြည့်မိတဲ့အခါမှာတော့... ငှက်ကလေးနှစ်ကောင်ကို ဘာလို့ ထားနေခဲ့ရတာလဲ...။ အစ်ကိုကြီးက စိတ်ဆိုးပြီး လွှင့်ပစ်လိုက်ပြီတဲ့...။ သိပ်သတိရတာပါပဲ... ချစ်တယ်တဲ့။

တော်ပါတော့...

အဲလောက် စိတ်ရှုပ်ထွေးစရာကောင်းတဲ့ အိမ်ကြီးမှာ ခင်မွန် သွားနေဖို့ လုံးဝမရည်ရွယ်ပါဘူး။ မိုးခွန်ထူးဆိုတဲ့ လူကလည်း တစ်လောကလုံး သူ့သဘောချည်းပဲ ဖြစ်နေတာပါလား။

"ခင်မွန်... မိုးခွန်ထူးဆိုတဲ့ လူကတော့ မဆိုးပါဘူး... ဒါပေမယ့် သူ့အစ်ကိုနဲ့ ဆွေမျိုးတော်ပြီး အဲဒီအိမ်မှာနေဖို့ ဆိုတာ ကြောက်စရာကြီးပါဟာ..."

"အင်းလေ... ခင်မွန်ဖြင့် အဲဒီအိမ်ကို အေးကနေ မြင်ရတာ တောင် စိတ်ပျက်လှပါပြီ..."

ဖော်ကြီးက ဝရန်တာလက်တန်းလေးပေါ်မှာ ခင်မွန်ပေးထားတဲ့ မြေပဲလေးတွေကို ခွာစားနေပါတယ်။

"ခင်မွန်..."

"ခင်မွန်ရေ... ကြက်တူရွေးကလည်း ရောက်လာပြန်ပါရော... နင်တော့ တိရစ္ဆာန်ရုံဖွင့်ဖို့ ကောင်းနေပြီ..."

ရောင်စုံက ဖော်ကြီးဆီက မြေပဲကို လိုက်လုနေတယ်။

"ဟိုနေ့က ဝက်ဝံကြီး သနားပါတယ်ဟယ်... ခွေးကိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



သေများသေပြီလားမသိ…”

“ မသေပါဘူး… မသေပါဘူး ”

ညီ့အပြောကို ရောင်စုံက ပြန်ဖြေလို့ ခင်မွန်တို့ ရယ်ရပါသေးတယ်…။

လေချွန်သံကြားလိုက်တာနဲ့ တပြိုင်နက် ဖော်ကြီးရော ရောင်စုံပါ ပြေးထွက်သွားကြတာ မြန်မှမြန်ပါလား။

“ တိရစ္ဆာန်လေးတွေတောင် ဒီလောက် ကြောက်နေရတာ… ငါ့သူငယ်ချင်းကို ဒီလိုအိမ်မျိုးထဲ မဝင်စေရဘူး…”

“ ခင်မွန်ကလည်း မဝင်ပါဘူး…”

“ ခင်မွန်နဲ့ ညီ… ညကလေ… အထုပ်ကြီး ထမ်းပြီး ပြန်လာသေးတယ်… အဲဒီအချိန်မှာ ခွေးတွေဟောင်တာလည်း ဆူညံနေတာပဲ… ဒေါ်ဒေါ်လှက ခင်မွန်တို့ နိုးမယ်မှတ်တာ…”

ညက မနိုးပါဘူး…

အိပ်တာကလည်း ညဉ့်နက်သွားတယ်လေ…။ အဲဒီအထုပ်ကြီး ထမ်းထမ်းလာတာ ဘာလုပ်တာပါလိမ့်။ တစ်ရက်လောက်တော့ အဲဒီအချိန်မှာ ခြံပြင်က ထွက်စောင့်ကြည့်ဦးမယ်လို့ ပြောမိတယ်…

“ မလုပ်ပါနဲ့ ခင်မွန်ရယ်… တော်ကြာမှ လူသေကောင် ထမ်းလာတာမျိုးဆို… ကိုယ်ပါ အမှုပတ်မှာ ကြောက်ပါတယ် ”

“ မကြောက်ပါဘူး… ညီကြောက်ရင် နေပေါ့… ဒေါ်ဒေါ်လှနဲ့ ခင်မွန်… တစ်ရက် အိမ်ရှေ့ခြံစည်းရိုးနားက စောင့်ကြည့်မယ်… ကြည့်မလား ဒေါ်ဒေါ်လှ ”

“ ကြည့်လေ…”

“ ခင်မွန်… အေးအေးနေပါဟာ… သူတို့အသာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်လုပ်… မဟုတ်တာလုပ်ရင် တစ်နေ့ပေါ်လာမှာပဲ… နင် ဝင်မပါစမ်းပါနဲ့…"

" ငါတို့သိချင်နေတာကရော… စောင့်မနေချင်ဘူး "

ဒေါ်ဒေါ်လှနှင့်ပဲ ထွက်စောင့်ကြည့်ကြမယ်…။ ညိုကတော့ ခင်မွန်နဲ့တော့ မဟုတ်တော့ဘူး… အိမ်ပြောင်းဖို့ အိမ်ရှာတာ ကောင်းမယ်တဲ့…။ လှေကားထိပ်ရောက်လို့ ရှိမှ ပြန်လှည့်ပြောသေးတာ။

" အိမ်ရှာရမလား… ခွဲရောခွဲနိုင်ရဲ့လား "

" ညို… နင်ပဲမခွဲနိုင်မှာ "

" သိဘူးလေ… ကြက်တူရွေးက ချစ်တယ်ပြောလိုက်မျောက်က ချစ်သက်လွှာပို့လိုက်နဲ့ မဟုတ်လား… ဒီနေ့လည်းကြည့်နေဦး…"

ညိုကျောင်းသွားပြီဆို ဒေါ်ဒေါ်လှတို့ကလည်း သူတို့အလုပ်တွေနဲ့ သူတို့ပါပဲ…။

ဘုရားစင်မှာ ပန်းတွေခြောက်နေပါလား… မနက်က ဒေါ်ဒေါ်လှ ဈေးကဝယ်မလာဘူးလား…။

ဒါကြောင့်မို့ ပန်းရှူးမယ်ဆို ခြံထဲဆင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

သပြေပင်ကြီးက ဘယ်လိုခူးခူး... မကုန်နိုင်ဘူးဆိုတဲ့ အရွယ်ပါပဲ... စံပယ်ပွင့်တွေလည်း ခူးမိတယ်။ ဒီဘက်ကို လာသာ လာရတယ်... ဟိုအရင်တစ်ခါကလို ရင်တုန်စရာတွေကြားရမှာလည်း ကြောက်ရသေးတာ...။

" ဦးဒီပ... ဒီကောင် စားတာ သိပ်များလာတယ်... မျှောက်တစ်ကောင် စားရတာတောင် သူက မဝချင်တော့ဘူး..."

"အကောင်ကလည်း အရမ်းထွားလာပြီကိုး မောင်မျိုးရဲ့..."

ဘုရားရေ...

မျှောက်တစ်ကောင်တောင် စားတယ်တဲ့... ဒါဆို ဘာကောင် လဲ။ ဝက်ဝံဆိုတာကတော့ ပျားရည်တို့ အသီးအနှံတို့ပဲ စားတာပါ... မျှောက်တော့ မစားလောက်ပါဘူး။ မျှောက်ကိုစားတယ်ဆိုတာ ကျားလား ခြင်္သေ့လား...။

ဒီလူက ကျားတွေ ခြင်္သေ့တွေလည်း မွေးထားလား...။

ကျားတို့ ခြင်္သေ့တို့ ရှိရင် ဟိန်းသံကြားရမှာပေါ့...။ အခုတော့ မကြားရပါလား။

"ဟိုတ်ကောင်ကြီး... နောက်တစ်ခါကျရင် မင်း မျှောက် ဘယ်နှစ်ကောင် စားမလဲ... ဒါမှမဟုတ် သမင်တစ်ကောင်လောက် ဆိုရင်ကော..."

www.burmeseclassic.com

www.burmeseclassic.com



အုတ်နံရံကို မီရင်း ခင်မွန့်စိတ်မှာ သိချင်စိတ်တွေ အရမ်းများ ရပါရောလား။ ဘာကြောင်လဲ... ကျားထင်တယ်... ဟုတ်မယ်... ကျားမို့သာ မျောက်စား သမင်စားနဲ့။

အသည်းနှလုံး မရှိလိုက်တဲ့လူ...။

ခုနေတော့ နေဦး...

အသံတွေ မကြားရတဲ့အချိန် တစ်ချိန်တော့ ဟိုဘက်ကို အုတ်စည်းရိုးပေါ်ကနေ တက်ချောင်းကြည့်မယ်...။

ခင်မွန်လတ်ဆိုတာ... တက္ကသိုလ်တုန်းက ခြေလျှင် ဆောင်တက်အဖွဲ့ ဝင်လာတာ... ဒီအုတ်စည်းရိုးလောက်ကတော့... ဆားနားက သစ်ပင်ပေါ်ကနေတက်လည်း ရတယ်...

ညီ့ကို မပြောဘူး...

ညီ့ကို ပြောရင် တားနေဦးမယ်...။

ဒါမှမဟုတ်...

မိုးခွန်ထူးခေါ်တဲ့ တစ်နေ့ အဲဒီအိမ်ထဲ လိုက်လည်ရင်ကော...။

ချစ်တယ်ဆိုတဲ့ လူတစ်ယောက်နောက် လိုက်လည်ဖို့ ဆိုတာ ဆုံးကြည့်ရပါ့မလား။

" ဦးဒိပ... မိုးလေးကို ပြောလိုက် ဘယ်ကျောင်းကိုမှ အလိုသင်ပါလိုက်နဲ့လို့... ဒီကောင်တွေက မိုးလေး သဘောကောင်းမှန်း သိလို့ ရောင့်တက်ချင်နေကြပြီ.... တော်ကြာ ကျွန်တော့်ဒေါသက မိုးလေးလည်း ရှောင်မှာ မဟုတ်ဘူး... "

" အေးပါကွယ်... ပြောပါမယ်... "

မျိုးခွန်ထူးဆိုတဲ့လူကတော့ စကားပြောတာက ဒေါ်ပြတ်နဲ့ ပြောနေတာ။ မိုးခွန်ထူးကိုတောင် အလွတ်မပေးဘူးလို့ ကြိမ်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



ပါလား...။

" ဦးဒီပ... ဖမ်းလာတဲ့ ယုန်နှစ်ကောင်ကို လှောင်အိမ်ထဲ ထည့်ပေး "

" ဟိုမိန်းကလေးကို ပေးမလို့လား.. မယူဘူးဆိုလို့ ငှက်လေးတွေလည်း မိုးလေးလွှတ်ပစ်လိုက်ပြီ..."

" ဒီတစ်ခါ မယူဘူးဆိုရင်... အဲဒီယုန်နှစ်ကောင် သတ်ပစ်မယ် "

အသံကာ တိုးသွားပြီး ထွက်သွားကြပြီ ထင်ပါရဲ့... ကြားရပုံအရဆို ခင်မွန့်ကို ယုန်နှစ်ကောင် ပေးမလို့ ထင်ပါရဲ့... ဒီတစ်ခါ မယူရင် သတ်ပစ်မယ်တဲ့...။

ဒုက္ခပဲ... ယူထားလိုက်ပြီးတော့ နောက်မှ မြို့ပြင်ထွက်လွှတ်လိုက်ရမလား...။

မိုးခွန်ထူးကို ပေးခိုင်းဦးတော့မယ် ထင်ပါရဲ့...။

သခြေပြပန်းတွေ စံပယ်ပန်းတွေ ယူပြီး အိမ်ရှေ့ပြန်ထွက်လာခဲ့တဲ့အခါ...။

" ခင်မွန် "

" ဩော် ကိုစိုးဝေ... ညို့ ကျောင်းသွားပြီရှင့် "

" ဟုတ်ကဲ့ပါ ကျွန်တော်သိပါတယ်... ခင်မွန့်ကို ပေးချင်လို့လာတာ "

" ဟယ်... ဒေလီယာ ပန်းတွေပါလား ဝမ်းသာလိုက်တာ... ခင်မွန် ဘုရားပန်းလဲမလို့ ဈေးလည်း နောက်တစ်ခေါက် မသွားချင်လို့ သခြေပြပန်းခူးလာတာ..."

" ဒါဆို အတော်ပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



" ဒီရေစည်မှာပဲ လဲလိုက်မယ်... ကိုစိုးဝေ ဒီမှာ ခဏထိုင်မလား... အိမ်ပေါ်တက်မလား "

" ခင်မွန်နဲ့ စကားပြောရင်း ဒီမှာပဲ ထိုင်ပါမယ်..."

ရေစည်အောက်မှာ ပန်းအိုးလဲဖို့ ပြင်နေတာပါ...။ ကိုစိုးဝေ အလုပ်မသွားရဘူးလားဆိုတော့ သွားပါတယ်... ပန်းတွေရလို့ ခဏလာပို့တာတဲ့...။

လှပလွန်းတဲ့ ဒေလီယာပန်းလေးတွေကို သဘောကျစွာ ကြည့်နေခိုက်... ပြင်းစွာသော မြင်းခွာသံကြောင့် ကြည့်မိပြန်ပါရော...။

" မိုးခွန်ထူးပါလား..."

" အဲဒါ ဘယ်က မိုးခွန်ထူးရမှာလဲ... သူ့အမြွာအစ်ကို မျိုးခွန်ထူးတဲ့ "

" ဟုတ်လား... အစ်ကိုရှိသလား "

" ရှိ..."

စကားတောင် ပြီးအောင် မပြောရသေး... မြင်းခွာသံနဲ့ ပြန်လှည့်လာတဲ့လူက ရှေ့မဆက်ပါပဲ... ခင်မွန့်အနားထိ ရောက်လာခဲ့တဲ့ အခါမှာတော့...။

" ရှင့်မြင်းကြီးက ခင်မွန့်အနားရောက်လာပြီ... ကိုက်ဦးမယ်..."

" ခင်မွန်လတ်ကို ကိုက်ရင် ခုချက်ချင်း သတ်ပစ်လိုက်မှာပေါ့..."

စကားပြောပုံကိုက...။

ပြောမနေနဲ့...

တိရစ္ဆာန်တွေအပေါ် ရှင်မကြင်နာတတ်သလို ရှက်စက်တတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ခင်မွှန်သိနေတာ...။

" ကျွန်တော် ပြန်ဦးမယ် ခင်မွှန်..."

ကိုစိုးဝေက နှုတ်ဆက်နေပြီ။ ကိုစိုးဝေကို သူနှင့် မိတ်ဆက် မပေးချင်။ သူက ထင်ရာပြောလိုက်မှာလည်း စိုးရိမ်တာကိုး...။ ကိုစိုးဝေ ထွက်သွားတာကို သူကကြည့်နေတယ်လေ...။

" တီရစ္ဆာန်ဆေးကု ဆရာဝန်ဆိုတော့ မိုးလေးလိုပဲ... ခပ်နူနူနေမှာပါ..."

" ကိုစိုးဝေကို ရှင်သိတယ် "

" ဘာမသိစရာရှိလဲ... တစ်မြို့တည်းနေတာ... တစ်ခုတော့ ပြောလိုက်မယ် ခင်မွှန်လတ်... ကိုယ် ငယ်ငယ်တည်းက လိုချင်ရင် ရမှ... ကိုယ်လိုချင်တဲ့ ပစ္စည်းတစ်ခုကို တခြားလူလက်ထဲ ဘယ်တော့မှ အရောက်ခံလေ့ မရှိဘူး..."

ဘာတွေလာပြောနေပါလိမ့်။

စကားပြောတာက ခြိမ်းခြောက်တဲ့ လေသံမျိုးကြီး။

ကြောက်မယ်မှတ်နေလား။

ရှင့်ရဲ့ အဲလိုလေသံတွေကို ရှင့်အိမ်မှာ ရှင့်ကို မှီခိုနေတဲ့ လူတွေနဲ့ပဲ ပြောလို့ရမယ်။

" ခဏလောက်ကျရင် မိုးလေးနဲ့ လက်ဆောင်တစ်ခု ပေး လိုက်မယ်..."

ပြောပြီးတော့ ထွက်သွားပါပြီ။

ခင်မွှန်သိပါတယ်... သူ့ဆီမှာ ခင်မွှန့်ကို ပေးဖို့ ယုန်ကလေး နှစ်ကောင် ရှိနေတယ်။ မိုးခွန်ထူးကို ပို့ခိုင်းလိမ့်မယ်... ပြန်ပေးလိုက်ရင် သတ်ပစ်မယ်လို့ ဦးဒီပကို ပြောနေသံ ခင်မွှန် ကြားပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလူဟာ သူဖြစ်ချင်ရာကို ဖြစ်အောင်လုပ်မယ့် လူမျိုးလား။

ရေရှည် ဒီလူနှင့် နီးနီးနေရင် စိတ်ရှုပ်စရာတွေ ရှိလာနိုင်သလား။ ခင်မွန်ရှောင်နေလည်း သူက ထိပ်တိုက်လာတွေ့နေဦးတော့မှာလား။

လုပသော ဒေလီယာ့တွေကို ကြည့်ရင်း... ကိုစိုးဝေကို သတိတရ မဖြစ်ပါပဲ... အဲဒီလူကြောင့် စိတ်ရှုပ်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com

ခြံစည်းရိုးတွေ ပြန်ပြင်ဖို့ ငှားထားတဲ့ ဦးလေးကြီး နှစ်ယောက် နဲ့ ဒေါ်ဒေါ်လှ အလုပ်ရှုပ်နေကြပြီလေ။ ခြံထဲက ခြုံတွေကိုပါ တစ်ခါတည်း ရှင်းပေးပါလို့... ပြောထားတယ်။ ဒေါ်ဒေါ်လှက ဝင်ကူရင်း စကားတွေပြောနေတော့တာပါ...။ ဒေါ်ဒေါ်မြက အနားမှာ သာ ကူရပ်နေတာ ဘာမှဝင်မလုပ်ပါဘူး...။

" ဒေါ်ဒေါ်လှ... ခင်မွန် အပြင်ခဏသွားမလို့ပါ "

" အေး... သွား... သွား..."

" ညီ ပြန်လာလို့ မေးရင် ဖုန်းသွားဆက်တယ် ပြောပါ"

" အေး၊ အေး..."

မိုးခွန်ထူးတို့ ခြံဘက်လည်း ထွက်ရော... တွေ့ပါလေရော ထင်တဲ့အတိုင်း ယုန်ကလေးနှစ်ကောင်ကို လှောင်ချိုင့်လေးထဲထည့်လို့

" ခင်မွန်..."

" ခင်မွန် စိတ်ရှုပ်လာပြီ ကိုမိုးခွန်ထူး... ရှင့်အစ်ကို အတ္တသမားပဲ... သူဖြစ်ချင်ရာ ဖြစ်ရမှဆိုတာ ရှင်တို့ သည်းခံနိုင်ပေမဲ့ ခင်မွန် သည်းမခံနိုင်ဘူး..."

" ယုန်ကလေးနှစ်ကောင်ကို ယူထားလိုက်စမ်းပါခင်မွန်ရယ် တစ်ဝတ်ဆယ်ရက်နေလို့ ခင်မွန် မယူချင်ရင် တစ်ယောက်ယောက် ပေးလိုက်ပါ... နေမကောင်းဖြစ်ရင်လည်း ကိုယ်ဆေးကုပေးပါမယ် ယူထားလိုက်ပါ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်မွန်မှ ယူမထားရင် သတ်ပစ်မယ်ဆိုတာ ကြားထားပြီး ပါပြီ။ ရှင်တို့အိမ်မှာ ကျား ကျားသစ် မွေးထားသလားလို့ မေးတော့ မိုးခွန်ထူးက ရယ်တယ်။ မရှိပါဘူးတဲ့... ဟုတ်ပ့ါမလား...။ မျောက် တစ်ကောင်လောက် အသားလေးစားတဲ့ အကောင်က ကျား ကျားသစ်ပဲ နေမှာပါ။

" အစ်ကိုကြီးကတော့ပစ်ရင်... သေအောင် ပစ်သလို တစ်ခါတစ်ရံ နာအောင်လည်း ပစ်တယ်... ကျားသစ်ပေါက်လေး တစ်ကောင်ဆို ခြေထောက်ကျိုးအောင်ဆို ပစ်တော့ ကိုယ့်မှာ ဆေးကုပေးရပြန်ပါရော..."

ကြည့်ရတာ အဲဒီ ကျားသစ်ပေါက်ကလေးကို ဆေးကုပြီး မွေးထားပါလိမ့်မယ်...။

" ဇော်ကြီးရော..."

" ခင်မွန်လည်း ဇော်ကြီးပဲ သတိတရ ဖြစ်နေတာ "

" ခင်မွန်သနားနေတယ်... ပတ်တီးတွေ ဒဏ်ရာတွေနဲ့ ဇော်ကြီးကို မြင်ရတာ ရင်ထဲအရမ်းထိခိုက်ရတာ..."

" ဒါဆို ဇော်ကြီးကို အပိုင်ယူမလားဟင်... အစ်ကိုကြီးဆီက တောင်းယူလိုက်ပါလား... ခင်မွန့်ဆီရောက်သွားရင် ဇော်ကြီး စိတ် ချမ်းသာသွားမှာ... ရိုက်နှက်နှိပ်စက်မယ့် လူမရှိဘူး... သေအောင် သတ်စရာ အကြောင်းလည်း မရှိဘူး... ဒီတစ်ခါ အစ်ကိုကြီးနဲ့ တွေ့ရင် ဇော်ကြီးကို တောင်းယူလိုက်ပါ..."

ဒါတော့ဟုတ်တယ်...

ဇော်ကြီးဟာ အဲဒီအိမ်ကြီးမှာနေရင် တစ်နေ့တစ်နေ့ အရိုက် ခံရင်လည်း ခံရမယ်။ တစ်နေ့မဟုတ် တစ်နေ့မှာ အသတ်ခံချင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခံရလိမ့်မယ်…။ ခင်မွန်ခေါ်ထားလိုက်ရင်တော့ သူ့ဘာသာ ရောဂါကြောင့် သေချင်သာသေမှာ… မသေခင် ရိုက်နှက်နှိပ်စက်ခံနေရတဲ့ အခြေအနေကတော့ လွတ်သွားမှာပါပဲ…။

" ဟုတ်တယ် ဒီတစ်ခါ ရှင့်အစ်ကိုကြီး တွေ့ရင် ဖော်ကြီးကို တောင်းရဦးမယ်… "

" ကြားရတာ ဝမ်းသာပါပြီဗျာ "

" ဒါနဲ့ ဝက်ဝံကြီးရော ခွေးတွေကိုက်တာ ဘယ်လိုနေလဲ… "

" ခင်မွန် အကုန်သိနေတာပါလား… ကိုယ်အတော်ကြီး ဆေးကုယူရတယ်… အစ်ကိုကြီးက ဒီလိုပဲ သူလုပ်ချင်ရာ လုပ်သမျှ ကိုယ်ပဲ အနည်းငယ် ပြောရဲတာပါ… "

" ရှင့်လည်း အလွတ်ပေးမယ် မထင်ပါဘူး "

" ကိုယ့်အလွတ်မပေးတာ အရေးမကြီးပါဘူး… ကိုယ့် နှလုံးသားလေး ခင်မွန်ကို အလွတ်ပေးရင် တော်ပါပြီ… "

" တော်ပါတော့… ရှင့်ကို မိတ်ဆွေတစ်ယောက်လို ခင်ခင်မင်မင် နေစေချင်ရင်… အဲဒီအချစ်အကြောင်း မပြောပါနဲ့ "

" ကိုယ့်ကို စဉ်းစားပေးပါ ခင်မွန်ရယ် "

" တော်ပါတော့ ဆိုမှပဲ… ရှင့်ကို စဉ်းစားရင် ရှင့်အစ်ကိုပါ ရောစဉ်းစားပေးရမလို ဖြစ်နေပြီ… အဲလိုလူကို ဆွေမျိုးတော်ဖို့ ကြောက်လွန်းလို့ပါ "

" ခင်မွန့်ရှေ့က ကိုယ် မားမားမတ်မတ် ရပ်တည်ပေးပါမယ် "

ခင်မွန် မပြောချင်လို့သာ…

ခင်မွန့်ရှေ့ကရပ်ပေးဖို့ ထားဦး… ကိုယ့်ဘာသာတောင် အဲဒီ အစ်ကိုရဲ့ ဒေါသရှေ့က လွတ်အောင် နေပါလား…။ မလွယ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မိုးလေးကို ပြောထား... ကျွန်တော့်ဒေါ်သက မိုးလေးလည်း ချောင်မှာ မဟုတ်ဘူးဆိုတာလေ...။

" အခု ဘယ်သွားမှာလဲ..."

" ဖုန်းသွားဆက်မလို့... မလိုက်ခဲ့နဲ့တော့ "

" ယုန်လေးတွေကို အိမ်ပို့ပေးလိုက်ရမလား... ကိုယ်က မြို့ထဲထိ မလိုက်ချင်တော့ပါဘူး... တော်ကြာ မြို့ထဲက လူတွေထဲ လျှောက်သွားနေတာ အစ်ကိုကြီးသိရင် စိတ်ဆိုးမယ်... ကိုယ် မလိုက်တော့ဘူးနော်..."

တွေ့တယ် မဟုတ်လား။ သူ့အစ်ကိုကြီး မကြိုက်တာ မလုပ်ချင်တဲ့ လူကများ ခင်မွန့်ရှေ့ မားမားမတ်မတ် ရပ်တည်ပေးဦး မယ်တဲ့။ ယုံကြည်စရာပဲ။ ခုတော့ ခင်မွန်တစ်ယောက်တည်း သွားတာ ဖြစ်ချင်ရာဖြစ် လွှတ်လိုက်တာ ချစ်တာလား... ဘာချစ်တာလဲ...။

" တစ်ယောက်တည်း ဘာတွေရှုတ်လာသလဲ ခင်မွန် "

" ဪ... ကိုစိုးဝေ ဘယ်လာလဲ..."

" ဟိုရှေ့နားက နွားခြံဘက် ခဏလာတာပါ... အဲဒီမှာ ဆေးကုပြန်လာတာ... ခင်မွန့်ကိုတွေ့လို့..."

ဒီနေ့တော့ ကိုစိုးဝေက စက်ဘီးနဲ့။ မြို့ပြင်ဝေးဝေး ထွက်မှ ချိတ်ကား... ဆိုင်ကယ် တစ်ခုခုနဲ့ သွားပါတယ်။ အခုက နီးနေလို့ စက်ဘီးနဲ့ သွားတာတဲ့။

" အိမ်လာလည်ချင်တာ... ခင်မွန် စိတ်ဆိုးမလားလို့ "

" လာလည်ပါ... ညနေဘက် ညီလည်းရှိချိန်ပေါ့..."

" ဒါနဲ့ ဟိုတစ်နေ့က ကျွန်တော် မိုးခွန်ထူးနဲ့ တွေ့တယ်... သူတို့ညီအစ်ကို အပြင်အဆင်ပဲ မတူတာ... ရုပ်ချင်းသိပ်တူတယ်...

www.burmeseclassic.com

www.burmeseclassic.com



အမြွာတွေက ဒီလိုပါပဲလေ… မိုးခွန်ထူးကတော့ ဖော်ဖော်ရွေရွေပါပဲ… အဲဒီ့နေ့ကတောင် တိရစ္ဆာန်လေးတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေ မှာနေသေးတာ… ရှင် သူ့အိမ်လာပို့ရမလားဆိုတော့ သူ့အိမ်တော့ မလာပါနဲ့ ခင်မွန့်ပေးထားတဲ့ ”

“ အဲလိုပဲ ပြောလား ”

“ ပြောတယ်…”

ကိုစိုးဝေကို ပြောရတာယ်။ ရှင် အဲဒီ့အိမ်မသွားတာ အကောင်းဆုံးပါပဲ… တော်ကြာ မျိုးခွန်ထူးဆိုတဲ့ လူရဲ့ ဒေါသက ကြောက်စရာကောင်းကြောင်း ပြောပြမိတာပေါ့။

“ ကျွန်တော် မကြောက်ပါဘူး… ဥပဒေမဲ့တဲ့ တိုင်းပြည်မှ မဟုတ်တာ ”

“ ရှင်က အဲလိုပြောနေ… ဥပဒေနဲ့အရေးယူမှာက နောက်မှ… သူက ဒေါသထွက်ရင် တိရစ္ဆာန်တွေတောင် ရိုက်နှက်သတ်ဖြတ်နေတာ… ကျားသစ်မွေးပြီး မျောက်တွေကို အစာကျွေးလိုကျွေး… ရှင် အရင်သေသွားမှ ဟုတ်နေမယ်…”

“ လူသတ်ရဲပါ့မလား ”

“ ပြောနိုင်လား ”

ကိုစိုးဝေကတော့ မကြောက်ပါဘူးတဲ့။ ခွေးသုံးကောင်ဝိုင်းကိုက်နေတဲ့ ဝက်ဝံကြီးဘဝလို ရှင့်ကို ခွေးစာကျွေးပစ်လိုက်လို့ဆို ခင်မွန်ပြောမိပါတယ်။

“ အင်း… ခွေးစားလို့ သေရမှာတော့ လန့်စရာပဲ… မျက်နှာတစ်ခုလုံး စုတ်ပြတ်… အသားထစ်တွေထွက် ခွေးစားရင် အုံးယားစရာပဲဗျာ… ကျွန်တော့်ကို ခင်မွန်လာကြည့်လို့မှ လှလှပပ

www.burmeseclassic.com

www.burmeseclassic.com



ရှိ...”

“ ကိုစိုးဝေ ဘာတွေလျှောက်ပြောနေလဲ ”

အတွေးနဲ့တင် ရင်ထိတ်ရပါတယ်...

ဝက်ဝံကြီးရဲ့ မာန်ဖီသံတွေ... ခွေးတွေရဲ့ ဆူးဆူးဝါးဝါး ဟောင်ကြ အော်ကြနဲ့။ အဲဒီ အသံတွေရဲ့ နားမချမ်းသာစရာတွေ ပြန်ကြားရင် စိတ်ပျက်စရာကောင်းလိုက်တာ။

“ ခင်မွန့်ကို ကျွန်တော် လက်ထပ်ပါရစေလား ”

“ ရှင် ”

“ လက်ထပ်ပါရစေဆိုလို့ အဆင့်ကျော်လာတယ် ဖြစ်နေပြီ ထင်ပါရဲ့... တကယ်ချစ်လို့ လက်ထပ်ချင်တာပါ... ဘဝခရီး လျှောက် ခင်မွန်နဲ့ လျှောက်ပါရစေ ”

“ ခင်မွန် အိမ်ထောင်ပြုဖို့ကို စိတ်မရှိလို့ပါ... အမေနဲ့ပဲ နေချင်တယ်... ညီ့ကို ထားခဲ့ရမှာ သနားလို့ပါ...”

“ အမေ့ကိုပါ ကျွန်တော် စောင့်ရှောက်ပါမယ်...”

“ ဟင့်အင်း ”

“ စဉ်းစားပေးပါလား ခင်မွန်... ”

“ ခင်မွန် အိမ်ထောင်ပြုဖို့ကို မစဉ်းစားသေးလို့ပါ...”

တယ်လီဖုန်းပြောမယ့်ဆိုင်ရှေ့မှာ လမ်းခွဲလိုက်တယ်..။ သာသိရင်တော့ တစ်ခါတည်းမှာ စဉ်းစားပေးပါဆိုတဲ့ လူ ယောက်နဲ့ တွေ့ရတယ်။ ဘယ်လိုလဲ ခင်မွန် ဘယ်သူ့ကို စဉ်းစား လဲဆို မေးလာရင်တော့...

ဘယ်သူ့မှ မစဉ်းစားဘူးလို့ပဲ ပြောမယ်။

www.burmeseclassic.com

www.burmeseclassic.com

ညို ပြန်မရောက်သေးပါလား။ ခုချိန်ဆို နေအတော်ကျပြီး အအေးဓာတ်ရှိလာပြီလေ။ ဝရန်တာမှာရပ်ရင်း တစ်ဘက်ခြံဆီ မကြည့်လည်း ရှေ့တည့်တည့်မှာ ရှိနေတော့ မြင်နေရတာပါပဲ...။ သမင်လေးတစ်ကောင်ကို ခြံရှေ့မြက်ခင်းဆီ ထွက်လာတာ မြင်လို့ ခင်မွန် နှစ်သက်စွာ ကြည့်နေမိတာပါ။

" ဟာင်..."

အိမ်ကြီးရဲ့ ဘေးဘက်နံရံကို မှီပြီး ကြည့်နေတဲ့ လူကို ခင်မွန် မမြင်မိတာ...

ခင်မွန့်ကို ကြည့်နေတယ်...

အိမ်ထဲ ပြန်ဝင်မည်အပြု...

ရိပ်ခနဲဆို ရပ်နေရာက ခုန်ပြီး သစ်ကိုင်းကို ခိုလိုက်လို့ သစ်ပင်ပေါ်ရောက်လာတာ မြန်ဆန်လွန်းလှပါလား။

မျောက်တစ်ကောင်လိုကို လျှင်မြန်တာပါ...။

" ရှင်... ရှင် "

သစ်ပင်ပေါ်ကနေ ဝရန်တာလက်တန်းကို ဖမ်းဆွဲခုန်ကူး လိုက်တာ... ခင်မွန့်ရှေ့ ချက်ချင်းကို ရောက်လာတာ။

" ရှင်... ရှင်... ဘာလုပ်တာလဲ..."

" တွေ့ချင်လို့လာတာလေ..."

" လူကြီးလူကောင်း မပီသလိုက်တာ... ညှို့သည်း

www.burmeseclassic.com

www.burmeseclassic.com



ညီခန်းကို လာပါလား... အခုတော့ ”

ပထမတော့ စိတ်ဆိုးလို့ ပြောပစ်မလို့ပါ။ ဒါပေမယ့် သူ့ဆီကနေ ဖော်ကြီးကို တောင်းယူရမယ်လို့ သတိရတဲ့အခါမှာတော့... စိတ်ကို ခဏ လျှော့ချလိုက်ပါတယ်။

“ မင်းကိုမြင်ရတော့ လာချင်လို့လာတာလေ... မတွေ့ရတဲ့အခါ တွေ့ချင်တယ်... လှမ်းတွေ့ရပြီဆိုတော့ ဘယ်လိုနေနိုင်ပါ့မလဲ”

“ ရှင့်ကို ပြောရဦးမယ်... ပြောပြီးရင် ရှင်ပြန်ပါ... တော်ကြာ ဒေါ်ဒေါ်လှတို့တွေ့သွားရင် မကောင်းဘူး... ရှင့်ကို ခင်မွှန်က ဝရန်တာ ဆီ ခေါ်တွေ့တယ် ထင်ရင် ခင်မွှန့်ကို ဣန္ဒြေမရှိတဲ့ မိန်းကလေးလို့ ထင်နေမယ်...”

“ ဘယ်သူက ပြောမှာလဲ ခင်မွှန်လတ်ကို ပြောတဲ့လူဆို ကိုယ်သတ်ပစ်မယ် ”

“ ရှင်ဟာလေ...”

အမြဲလို ကြမ်းကြမ်းတမ်းတမ်း ဖြစ်နေတဲ့ ပုံစံက နှစ်သက်စရာမှ မရှိတာပဲ။ ဝရန်တာလက်တန်းပေါ်မှာ ထိုင်နေလိုက်တာ နောက်ပြန်ကျသွားပါ့မယ်... အူယားစရာပါလားနော်။

“ ရှင်ငြိမ်ငြိမ်ထိုင်ပါ... ခင်မွှန် ကြည့်ရတာလန့်လာပြီ ”

“ လိမ့်မကျပါဘူး ခင်မွှန်ရာ... ဘာလဲ စိတ်ပူလို့လား ”

“ ဝေးသေး...”

ရုပ်ကိုက...။ စကားသာပြောနေတာ... အပြုံးတော့ မရှိ... ခပ်တည်တည်နဲ့ ကြည့်ရင်းပြောတာ... အဲဒီ ခပ်တင်းတင်း အကြည့်တွေက နှစ်သက်စရာမကောင်းပါဘူး။

“ ရှင့်ဆီမှာ တစ်ခု ခွင့်တောင်းမလို့ ”

www.burmeseclassic.com

www.burmeseclassic.com



" ပြော... ဘာခွင့်တောင်းမလဲ... ခင်မွန်လတ်အတွက်ဆို ကိုယ် အကုန်ဖြစ်အောင် လုပ်ပေးပါမယ်..."

" ဖော်ကြီးကို ခင်မွန့်ကို ပေးပါလား "

" ဖော်ကြီးကို..."

" အင်း..."

" ဘာများလဲလို့ ဒီလောကဲဆေ့ပြီး အမြဲပြသနာရှာလွန်းလို့ ဒဏ်ရာအမြဲရှိနေတတ်တဲ့ မျောက်ကိုများ "

" ဘာဖြစ်ဖြစ် ခင်မွန်လိုချင်တယ် "

" ခင်မွန်လတ် လိုချင်ရင် ယူစေဗျား... ယူစေ..."

" ရှင်... လေချွန်ချွန် မခေါ်နဲ့နော်..."

" အဲလိုခေါ်မှန်း ခင်မွန်သိတယ်လား... စိတ်ချ... မခေါ်တော့ဘူး... နောက် ဘာလိုချင်သေးလဲ..."

" ရောင်စုံ့ကိုလည်း လိုချင်တယ် "

ဖော်ကြီးကတော့ ခင်မွန်နဲ့ အတူနေရင် လွှတ်လပ်သွားပြီ... ရောင်စုံ့ကိုကျတော့ ဒီလူက သတ်ပစ်နိုင်တာကို...။

" ဟာ... ရောင်စုံကတော့ မဖြစ်ဘူး... ရောင်စုံက ကိုယ် မပိုင်ဘူး... မိုးလေးရဲ့ ကြက်တူရွေး..."

" မိုးခွန်ထူး ပိုင်တာဆိုပေမယ့်... ရှင်သတ်ပစ်နိုင်တယ်လေ"

" သူတို့က ဆိုးတာလေ..."

" အဲဒါတိရစ္ဆာန်တွေရှင့်... တိရစ္ဆာန်... ရှင်ကလူ... လူဆိုတာ အသိဉာဏ်ရှိတယ်... တိရိစ္ဆာန်တွေကို ခွင့်လွှတ်သင့် လွှတ်ရမယ်..."

" ပြောပါဦး... ဆက်ပြော..."

လှောင်သလိုရုပ်နဲ့ကြည့်နေပါလား။ မုန်းစရာ ကောင်းလိုက်

www.burmeseclassic.com



ဘာ... ဒါကြောင့် ရှင်ပြန်တော့လို့ ပြောလိုက်တယ်။ အခန်းထဲ ပြန်ဝင်တော့မယ်ဆို ခြေလှမ်းတဲ့အခါမှာတော့ သူကလေချွန်တယ်လေ။ အဲဒီအခါမှာ ခင်မွန် ကြောင်ပြီး ရပ်ကြည့်နေမိပြန်ရော... သူ့ လေချွန်သံမှာ ချက်ချင်းဆိုသလို ရောက်လာတာ... ဖော်ကြီးပါလား။ ဆောင်စုံကတော့ ခပ်လှမ်းလှမ်း သစ်ကိုင်းလေးပေါ်မှာ နားနေတယ်... သူ့အရိပ်အကဲ ကြည့်နေတာများလား။

" ဖော်ကြီး... မင်းကို သူ့ဆီမှာ အပိုင်ပေးလိုက်ပြီ... အဲဒါ မင်းရဲ့သခင်မအသစ်ပဲ... စကားနားမထောင်ဘူး ငါမကြားချင်ဘူး... ကြားတယ်နော်... မင်း သူနဲ့ နေခဲ့တော့..."

ပြောပြီးတာနဲ့ လှစ်ခနဲဆို သစ်ပင်ပေါ်ကနေ ခုန်ချပြီး ထွက်သွားတာ မြန်လှချည်လား။ ဒီလို မြန်ဆန်ပုံမျိုးနဲ့များ ညဘက် ခင်မွန်တို့ ဝရန်တာကို ကူးလာခဲ့ရင်...။

ဘုရားရေ...။

ညီ့ကိုတော့ ပြောပြထားမှပါ...။

ဖော်ကြီးက ဝရန်တာလက်တန်းပေါ်ထိုင်လို့။ သူပြောသွားတာကို သိလေသလား။

" ဖော်ကြီး... ခင်မွန်နဲ့ နေနော်... မဟုတ်ရင် မင်းမှာ အဆာရာတွေရနေတာ... ခင်မွန် စိတ်မကောင်းလို့ပါ..."

နားလည်တဲ့ ပုံစံလေးနဲ့ ခေါင်းလေးတညိတ်ညိတ်လုပ်လို့...

သနားစရာလေး။ သနားရတာကတော့ ဟုတ်ပါပြီ... ရန်ကုန် ပြန်ရမယ်ဆို ဒီမျောက်က တစ်ကောင် ယုန်ကလည်း နှစ်ကောင်... ခင်မွန့်နှယ်နော် ဘယ်လိုဖြစ်ပြီး တိရစ္ဆာန်တွေ တိုးပွားနေပါလိမ့်...။

www.burmeseclassic.com

www.burmeseclassic.com

ညီကြကတော့ ယုန်တွေကြည့်လိုက်... မျောက်ကြည့်လိုက်နဲ့ ကြည့်ပြီး ရယ်တယ်။

" ခင်မွန်... ခင်မွန်... နင်တော့ တိရစ္ဆာန်ဆေးကု ဆရာဝန် ကတော်လုပ်တာ အဆင်ပြေဆုံးဆိုတာ ပြလာပြီလေ... တိရစ္ဆာန်တွေ ရှိတော့ နေမကောင်းရင် ဆရာဝန်ဆီ သွားပြနေရမယ့်အစား ဆရာဝန်ကို အိမ်မှာ အပိုင်ခေါ်ထားလိုက်... အကောင်းဆုံး အစီအစဉ် ပါပဲ... ကိုစိုးဝေ... ကိုစိုးဝေ ကံကောင်းလာပြီဆိုတာ ဒါကိုခေါ်တာ နေမှာ..."

ညီကြကတော့ ရယ်မောပြောပါတယ်။

တိရစ္ဆာန်ဆေးကု ဆရာဝန်ဆိုတာနှင့် ကိုစိုးဝေလို့ ညီ ဘာလို့ မြင်ရသလဲ။

မိုးခွန်ထူးကရော တိရစ္ဆာန်ဆရာဝန် မဟုတ်လို့လား။

ခင်မွန်ကရော... မိုးခွန်ထူးကိုပဲ မြင်နေတာများလား။ ဘာလို့လဲ။ ရင်ထဲမှာ ရှိနေလို့လား။ မဟုတ်ပါဘူး။ ခင်မွန်က အမေ့ဆီ ပြန်မှာပါ...

ရုတ်တရက် ခင်မွန့်လက်ကလေးကို လာကိုင်လိုက်တော့ အံ့သြပြီး ငုံ့ကြည့်မိပါတယ်။

ဖော်ကြီးက ခင်မွန့်ပြက်ကို သူ့လက်ကလေးနှစ်ဘက်နဲ့ ဆုပ်ကိုင်ပြီး ကြည့်နေပါရောလား။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မွန်တို့တော့ ညို့ဆီလာလိုက်တာ... ကံဇာတာ အထူးမြင့်မားလာတယ်... လူကလည်းချစ်... မျောက်ကလည်းချစ်နဲ့... ဒီလိုပုံဆိုရင် အမေစောတစ်ယောက်တော့ သားမက်မျှော်နေတာ သူ့သမီးက မျောက်တစ်ကောင် လက်ဆွဲပြန်လာမှာ မြင်ယောင်ပါရဲ့..."

ဖော်ကြီးကို ထားခဲ့နိုင်မလား...

ဟုဝတ်တယ်နော် ညို... ဖော်ကြီးကို ခင်မွန်ထားခဲ့နိုင်ပါ့မလား လို့ ပြောမိတဲ့အခါမှာတော့။

" ဖော်ကြီးကို မထားခဲ့နိုင်မှာလား... ဖော်ကြီးသခင်ကို ထားခဲ့နိုင်မှာလား... မခင်မွန်လတ်ကလေးတစ်ယောက် တိရစ္ဆာန်ရုံကြီးထဲ တိရစ္ဆာန်ဆေးကု ဆရာဝန်လေးကိုပဲ ချစ်မှာလား... မုဆိုးကျော်ကြီးကိုပဲ ချစ်မလား... ကိုစိုးဝေတစ်ယောက်တော့ ရင်ကွဲနာကျ ကျန်ခဲ့မှာ မြင်ယောင်ပါရဲ့....."

ညိုကတော့ သိပ်ကို ပြောစရာရနေတာပေါ့လေ။

" ခင်မွန် "

" ရှင်..."

" ညက ဟိုအထုပ်ကြီးနဲ့ ပြန်လာတော့လေ... ခွေးတွေ အူလိုက်တာ ကြောက်စရာလိုပါလား... ဒေါ်ဒေါ်လှ မကြောက်တတ်တဲ့လူ ကြက်သီးထချင်လာတယ်... ခွေးတွေ အူတယ်ကွယ်... နာနာဘာဝ ဆိုတာ ရှိတယ်လေ... ဒေါ်ဒေါ်လှ မကြောက်တတ်ပေမယ့်... အတော် စိတ်ဝင်စားမိပါရဲ့..."

" တစ်ရက်ရက် ချောင်းကြည့်မယ်... ညိုကြောက်ရှင် နေခဲ့ပေါ့ "

" ခင်မွန်တို့ အွန္တရာယ်ဖြစ်ပါမယ်ကွယ်..."

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့ အထုပ်ကြီးထမ်းထားတဲ့ လူကြီးလိုလို အရိပ်ကြီးက မိုးခွန်ထူးတို့ခြံထဲ ဝင်သွားတာကတော့ အသေအချာပါပဲလေ... ခင်မွန်ကတော့ မကြောက်ဘူး... စောင့်ကြည့်နေ... တစ်နေ့နေ့ အမိဖမ်းမယ်။

"ခင်မွန့်မျောက်ကလေးက ကြောက်တတ်ပုံရတယ် ညို... ဒေါ်ဒေါ်လှကမင်းနော်... တီဗွီပေါ်တွေတော့ လျှောက်မတက်နဲ့ဆိုတော့လေ... ငြိမ်ကြည့်နေပြီး... ကုလားထိုင်လေးဘေး ထိုင်နေတယ် မျောက်ဆိုတာ ပြေးလွှားခုန်ပေါက်နေတာပါကွယ်... ဒီမျောက်ကျ ငြိမ်ငြိမ်ကုပ်ကုပ်လေး... နေရောကောင်းရဲ့လား မသိ..."

ဒေါ်ဒေါ်လှကတော့ ဇော်ကြီးကြောင့် ကွဲစရာ ကျစရာ ပစ္စည်းတွေ ထိခိုက်မှာ စိုးရိမ်နေရာက ဒီလိုပြောလာပါတယ်။ ညိုကတော့ ခင်မွန် နင်ရဲ့ မုဆိုးကျော်ကြီးက တိရစ္ဆာန်တွေကို ဘယ်လို ပုံစံပေးလိုက်တယ် မသိဘူး...

မျောက်တောင်မှ အပိုးကျိုးနေတယ်တဲ့။

ဘယ်လိုပုံစံပေးရမှာလဲ... အသက်နဲ့ရင်းရတဲ့ပုံစံ ပေးထားမှာပေါ့။ သူမကျေနပ်ရင် သတ်ပစ်မယ်ချည်း ပြောခဲ့သလို တကယ်လည်း သတ်ပစ်လိုက်တော့ ကြောက်ကြမှာပေါ့လေ...။

"မျောက်ကလေးတွေကို ကျားသစ်စာ ကျွေးတာ ညို... ဒီတော့ ဇော်ကြီးဟာ အဲဒီ့အဖြစ်ကို မြင်ချင်လည်း မြင်မှာပေါ့... ပြီးတော့ သူ့ကို ရိုက်နှက်နှိပ်စက်နေတာလေ... ကြောက်မှာပေါ့... ဒီလူဟာ အသည်းနှလုံးမရှိလိုက်တာ... ကိုယ့်ကိုရန်မူတဲ့ တိရစ္ဆာန်ကို သတ်ရတယ်ဆိုတာ ထားဦး... ဒီသတ္တဝါငယ်လေးတွေက ဘာများ ရန်မူနိုင်လို့လဲ..."

ညိုကရယ်ပြီး ပြောတော့တာ... ဘယ့်နှယ် အသည်းနှလုံး

www.burmeseclassic.com



မရှိရမှာလဲ... အသည်းနှလုံးရှိလို့ ခင်မွန်လတ်ဆိုတဲ့ မိန်းမလှကို ခွဲလန်းပြီး မောင်ကြီးက ဆောင်တော်ကူးချင်တာ မဟုတ်လားတဲ့။

" ဝရန်တာတောင် ထွက်ရမှာ ကြောက်ကြောက်လာပြီ..."

" အေး... ညီ့ရှိတုန်းတော့ အရေးမကြီးဘူးနော်... ညီမရှိရင်တော့ မထွက်နဲ့... ဒေါ်ဒေါ်လှတို့က မီးဖိုထဲမှာ နေနေတာ... ခင်မွန်အော်လို့လည်း မကြားရဘူး... နှမတော်လေးကို ပွေ့ချီပြီး သစ်ပင်ကတဆင့် ဟိုဘက်နန်းတော်ကြီးထဲ ခေါ်သွားလို့ကတော့... တွေးရင်းတောင် ကြောက်မိတယ်... ကိုယ့်ကို ချစ်ရင်ချစ်... မချစ်ရင်တော့ မင်းကို ကျားသစ်စာကျွေးပစ်မယ်ဆို... အချစ်ကျားသစ်ကြီး အစားခံမလား... တိရစ္ဆာန်ကျားသစ်ကြီး အစားခံမလား..."

ညီ့က လက်ကြီးနှစ်ဘက်နဲ့ လက်သည်းတွေ ထုတ်ပြီး ရျက်နှာနား ကျားသစ်တစ်ကောင်လို လာနှောက်နေပြန်တယ်။ သတ္တိကောင်းပါတယ်ဆိုတဲ့ ခင်မွန်တောင်မှ အဲလိုမျိုး ခေါ်သွားမလားတော့ ကြောက်တယ်...။ မိန်းမသားဘဝဆိုတော့ အမည်းစက် စွန်းလို့ မဖြစ်ဘူးလေ...။

" ညီ့... နင် အိမ်သေးသေးလေးတစ်ခု ငှားပါ... ဒေါ်ဒေါ်လှ တို့နဲ့ပဲ ဆက်နေ... ခင်မွန် ရန်ကုန်ပြန်ပါရစေ "

" ချစ်ရသူ မရှာပါပဲ မျောက်ကလေး လက်ဆွဲပြန်မယ် ဆိုပါတော့..."

ဖေါ်ကြီးကလည်းလေ... ခင်မွန့်မို့ မမြင်လိုက်နှင့်... လက်ကို လာလာဆွဲပြီးတော့ ဟိုဒီလွှဲယမ်းနေတတ်တယ်။ ခင်မွန် သံယောဇဉ် ဆိုတာကို ဘယ်သူ့အပေါ်မှ မထားချင်ပါဘူး ဆိုမှပဲ။

www.burmeseclassic.com

www.burmeseclassic.com

ခြံကကျယ်တယ်ဆိုပေမယ့်... သုံးလေးရက် ရှင်းလင်းလိုက်တော့ အတော်ရှင်းလင်းပြီး ကြည့်ကောင်းသွားပါတယ်။ စံပယ်ပင်တွေ အများကြီးကို ခြုံတွေမရှိတော့ တွေ့လာရတာ ခင်မွန်အနှစ်သက်ဆုံးပါ။

" ဒေါ်ဒေါ်လှ... ဟိုဘက်ခြံအကြောင်း ခြံရှင်းတဲ့ ဦးလေးတွေက ဘာပြောသေးလဲ "

" သူတို့ပြောတာကတော့... အဲဒီအိမ်မှာ သစ်တောဝန်ထောက်ကြီး ရှိတုန်းက ရောက်ဖူးတယ်... နောက်ပိုင်း သစ်တောဝန်ထောက်ကြီးရဲ့သား သေသွားတယ် ပြောတယ်... သရက်ပင်ကြီးမှာ ကြိုးဆွဲချ သေတာတဲ့..."

" ဒါဆို မိုးခွန်ထူးတို့ အဖေများလား "

" နာမည်တော့ မပြောတတ်ကြဘူး... အခု လူတွေကတော့ ဘယ်သူနဲ့မှ သိပ်ပတ်ပတ်သက်သက် မနေဘူး... ဦးဒီပဆိုတဲ့ အဖိုးကြီးနဲ့တော့ သိကြတယ်တဲ့ "

" ဟုတ်လား... ဦးဒီပ မိသားစုအကြောင်းရော ပြောလား"

" မပြောဘူး..."

ဒီ့ထက် ပို မသိနိုင်တော့ဘူးလား။ အရင်တစ်ခါ ရောက်ဖူးတဲ့... အုပ်တံတိုင်းနားကို ကပ်လာခဲ့တဲ့အခါမှာတော့...။

သဠ္ဌဂါတစ်ကောင်ကောင်ရဲ့ ကြောက်ရွံ့နေတဲ့ အသံတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရတယ်။ ဘယ်လိုအသံပါလိမ့်...။ မြင့်မားတဲ့ အုတ်တံတိုင်းကို မော့ကြည့်မိပြီး ဒီအုပ်တံတိုင်းပေါ်သာ တက်ကြည့်နိုင်ရင်... မြင်ရမှာ။

နေနှင့်ဦး...

တစ်ရက်ရက်ပေါ့...။

ညို့ကိုလည်း မပြောဘူး... ဒီပိန္နဲပင်ကြီးက ကိုင်းခွတွေများတယ် အသာလေးတက်သွားမယ်... အုပ်တံတိုင်း ဟိုဘက်မှာ စိန်ပန်းပင်တစ်ပင်ရှိတယ်။

သွားကြည့်မယ်။

ခင်မွန်ထင်တာက ဒီဘက်မှာ ကျားသစ်လှောင်အိမ် ရှိလိမ့်မယ်ထင်တယ်...

ဒါကြောင့် တိရစ္ဆာန်လေးတွေဟာ အစားခံရကာနီးမှာ ကြောက်ရွံ့စွာ တအီအီနဲ့ သနားစဖွယ် ဖြစ်နေကြတာ။

ခက်တာက ကျားသစ်ရဲ့ မာန်ဖီသံ မကြားရပါလား။ အစာတစ်ခုခု စားရရင် ဒီလို တောရိုင်းတိရစ္ဆာန်တွေ မာန်ဖီတတ်ကြတယ်ဆို...။ အခု အသံမကြားရဘူး...။

" ဟော့ကောင်... တိုးပွား... တိုးပွား... မင်းခြေထောက်နာနေပြန်ပြီလား... လာ... လာ ကိုမိုး ဆေးထည့်ပေးပါမယ် မင်းက ဘယ်လောက်တောင် သတ္တိကောင်းနေလို့ အစ်ကိုကြီးကို သွားကျိစယ်ရတာလဲ... ဒီလောက်ခံရတာ ကံကောင်းမှတ်... လာပါကွာ ဆေးထည့်ရအောင်..."

မိုးခွန်ထူးအသံပါလား။ အသံလေးပဲ ကြားရတာတောင် ချိုသာနေတာပါပဲ။ ရုပ်ရည်လှပချောမောမှုနဲ့ အသံက ကရုဏာသံ အတော်ပဲလိုက်ဖက်ညီလှပါရဲ့...။ သူဟာ ခင်မွန်နောက်ကွယ်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကြင်နာတတ်သူပါလား။

" မောင်မိုး... ဖော်ကြီးမတွေ့တော့ဘူး... ဒီကောင် ဘယ်ထွက်သွားလဲ... တော်ကြာမှ အသတ်ခံနေရမယ် "

" ဖော်ကြီးက ပြန်မလာတော့ဘူး ဦးဒီပ ခင်မွန့်ကို ပေးလိုက်ပြီ... ဒီကောင် ဝဋ်ကျွတ်သွားပြီလေ..."

" ကောင်းပါလေ့... အသက်တစ်ချောင်း စိတ်အေးသွား ပြီပေါ့..."

တစ်နေ့... တစ်နေ့ သွားကိုသွားကြည့်မယ်။ မိုးခွန်ထူးနဲ့ လိုက်သွားပြီး ကြည့်ရင် သူ့အစ်ကို မကောင်းဖြစ်မှာ စိုးရိမ်ပြီး ကျားသစ်တွေ ဆင်တွေ ပြချင်မှ ပြမှာ... ပြီးတော့ ဘာကောင်တွေရှိလဲ တစ်ခါတစ်ခါ... မာန်ဖီနေတဲ့ အသံတွေကိုလည်း ကြားတယ်။

ပန်းခူးရင်း နားစွင့်နေမိတယ်။

မျောက်အော်သံလိုလို ရူးရူးဝါးဝါးအော်တဲ့ အသံလည်း ကြားရပြီး ပြန်တိတ်ဆိတ်နေပြန်ပါရော...။

အိမ်ရှေ့ဘက် ပြန်လျှောက်လာတဲ့အခါမှာတော့ ကိုစိုးဝေနဲ့ လူတစ်ယောက်ကို တွေ့ရပါတယ်...

" ညို ပြန်မရောက်သေးဘူး ကိုစိုးဝေ "

" ကျောင်းရောက်ခဲ့ပါပြီ ခင်မွန်... ကျွန်တော်တို့က ဘဲငန်းတွေ ပါလာတော့ ချက်ထားနှင့်ရအောင် ကြိုလာတာပါ... ဒီဘဲငန်းနှစ်ကောင် ဒေါ်ဒေါ်လှကို ချက်ခိုင်းပေးပါလား ခင်မွန်... ညို ပြန်လာရင် ထမင်းလက်ဆုံ စားကြရအောင်..."

ကိုစိုးဝေကလည်းလေ...

ထမင်းလက်ဆုံ စားချင်ပြန်သတဲ့။ အတူပါလာတဲ့ လူနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးတဲ့ အခါမှာတော့။

"ညီဝမ်းကွဲလေ… ဇေယျာထွန်း… သူလည်း တိရစ္ဆာန်ဆေးကု ဆရာဝန်ပါပဲ…"

ညီ့ညာသိရင်တော့ ပြောဦးမယ်။

"မိုးခွန်ထူးရဲ့ သူငယ်ချင်းပေါ့"

"ရှင်"

ဒီတစ်ခါတော့ ခင်မွန် သဘောကျသွားရပါပြီ။ မိုးခွန်ထူးရဲ့ သူငယ်ချင်းတဲ့။ သူ့အကြောင်းတွေကိုတော့ မေးကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဒေါ်လှတို့ ဘဲငန်းသားချက်နေတုန်း ကိုစိုးဝေတို့ ညီအစ်ကိုကို ခေည့်ခံရတာပေါ့။ ညီပြန်မလာသေးပါဘူး။ အဲဒီ ညီက ခက်တယ်… ကိုစိုးဝေနှင့် ခင်မွန့်ကို သိပ်သဘောတူ နေပုံရတယ်လေ…။

" ဟင်… မျောက်ပါလား ခင်မွန် "

ဖော်ကြီးက အိမ်ထဲကနေ ထွက်လာပြီး ခင်မွန့်ခြေထောက် နားလေး ထိုင်နေတယ်။ သူ့လက်ကလေးနဲ့လည်း ခင်မွန့်ဒူးကို လှမ်းဖက်ထားတာပေါ့။

" ဟုတ်တယ်… မိုးခွန်ထူးတို့အိမ်က မျောက်လေး… သနားလို့တောင်းယူထားရတာ… မိုးခွန်ထူးအစ်ကို မျိုးခွန်ထူးက ရက်စက်တယ်… သူက အမဲလိုက်သမားပေါ့… စိတ်မထင်ရင် ဖော်ကြီးကို ရိုက်နှက်နှိပ်စက်တယ်… သတ်ပစ်မှာစိုးလို့ တောင်းထား ရတာ… "

" မိုးခွန်ထူး အစ်ကို ဟုတ်လား "

" ဟုတ်တယ်… အမြွှာအစ်ကိုလေး… ရုပ်ချင်းသိပ်တူတယ် "

" ကျွန်တော်နဲ့ မိုးခွန်ထူး တတိယနှစ်မှာ ဟိုဘက်အဆောင် ဒီဘက်ကုတင် အိပ်ခဲ့တာပါ… သူက တစ်ဦးတည်းသော သားပါ "

" မဟုတ်တာ… သူ့အမြွှာအစ်ကို ရှိပါတယ်… သိပ်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘမ်းတယ် ကိုစိုးဝေတောင် တွေ့ဖူးတယ်… တော်ကြာ ဆင်ကြီးစီး လိုက်… မြင်းစီးလိုက်နဲ့ ကျားသစ်တောင် မွေးတယ်…”

“ ကျွန်တော်သိတာတော့ ညီအစ်ကို မရှိပါဘူး… သူက အဖေလည်းမရှိ အမေလည်းမရှိ… ဘာဆွေမျိုးမှ မရှိဘူး ငွေကတော့ ပေါတယ်…”

“ ဟယ်… အမေရှိပါတယ်… မကျန်းမာဘူး သူပြုစုရတယ် ပြောတာပဲ…”

“ ဟုတ်လို့လား… ကျွန်တော် သွားလည်ချင်တယ် ”

“ ဟယ်… အိမ်ထဲတော့ မလည်ပါနဲ့ ကိုဇေယျရယ်… သူ့အစ်ကိုနဲ့ တွေ့နေပါမယ်… ခြံထဲမှာလည်း ဒိုဘာမင်တွေ ရှိတယ်… သူ့စိတ်ခတ် သိပ်မကောင်းဘူး… မိုးခွန်ထူးနဲ့ တွေ့ရင် ကိုဇေယျတွန်း ရှိတယ် ပြောပေးမယ်လေ… ကိုစိုးဝေနဲ့ ကြာကြာနေဦးမယ် ဟုတ်လား…”

“ တစ်ပတ်လောက်တော့ ရှိနေဦးမှာပါ…”

ညီပြန်ရောက်တော့ ထမင်းဟင်းတွေ ကျက်နေပါပြီ။ ဖော်ကြီးအတွက် ဆွဲခြင်းထဲက ငှက်ပျောသီးလေး ထုတ်ပေးတော့ သဘောကျပြီး လက်ခုပ်တီးနေပါတယ်။ ငှက်ပျောသီးလေးကို ခွာစားမယ်လုပ်ခိုက် ကြားရပါပြီ… လေချွန်သံ။

ဖော်ကြီးဟာ ဆတ်ခနဲဆို နားစွင့်လိုက်ပြီး ငှက်ပျောသီးကို ပစ်ချထားခဲ့လို့ အခန်းထဲပြေးဝင် ပျောက်ကွယ်သွားပါပြီ။ ခင်မွန့်စိတ်မှာ ပြင်းစွာ ဒေါသဖြစ်ရတာပေါ့။ ဖော်ကြီးကို ခင်မွန့်ကို အပိုင်ပေးပြီးသား ဘာလို့ လေချွန်ခေါ်ရတာလဲ…

ဒေါသကြောင့် ဘာမှ မစဉ်းစားနိုင်တော့ပါပဲ အိမ်ပေါ်က

www.burmeseclassic.com



ပြေးဆင်းပြီး တစ်ဘက်အိမ်ဆီ ထွက်လာခဲ့ပါပြီ။ ကြီးမားတဲ့ အုပ်တံတိုင်းနဲ့အတူ ရှိနေတဲ့ ခိုင်ခံ့သော တံခါးကြီး။

တံခါးကို တဝုန်းဝုန်း ထုပစ်လိုက်တယ်...

ပွင့်လာတဲ့အခါမှာတော့ ဦးဒီပကို မြင်ရပါပြီ။

" ဘာကိစ္စလဲ မိန်းကလေး "

" ကိုမျိုးခွန်ထူး ခဏခေါ်ပေး "

" မောင်မျိုး..."

" ဟုတ်တယ်..."

" မောင်မျိုး မရှိဘူးကွဲ့ "

" မရှိဘူး... မဟုတ်နိုင်တာ မညာပါနဲ့ ဦးလေး... ခုလေးပဲ လေချွန်ခေါ်လို့ ဇော်ကြီးထွက်ပြေးသွားရတယ်..."

" တကယ်မရှိပါဘူးကွယ်..."

ပြောပြီး တံခါးကို ပြန်ပိတ်သွားပါပြီ... နောက်ထပ်ဘယ်လိုမှ ခေါ်မရတော့။ ဘယ်လိုအိမ်ကြီးပါလိမ့်... စိတ်ပျက်စရာကောင်းပါလား။

www.burmeseclassic.com

www.burmeseclassic.com

" ဒေါ်သစေ့ လျှော့မှပါ ခင်မွန်... ဇော်ကြီးလည်း ပြန်ရောက်နေပြီပဲဟာ..."

" လူကို လူလို့မမြင်တဲ့ လူတွေပါ..."

" ဟုတ်လား "

ညကြပါ ခင်မွန့်ကို ရယ်ရသလား။ ဘယ်လောက် စိတ်ဆိုးစရာကောင်းသလဲ...။ ဇော်ကြီးပြန်ရောက်လာလို့ စိတ်ကို အတော်လျှော့ချထားရတာ။ ဒါပေမယ့် မျိုးခွန်ထူး ရှိပါလျက် မရှိဘူးလို့ပြောတဲ့ ဦးဒီပကိုလည်း ခင်မွန် စိတ်ဆိုးပါတယ်။

" အဲဒီလူ မရှိလို့ မရှိဘူး ပြောတာလည်းဖြစ်မှာပါ ခင်မွန်ရယ်... နေပါဦး... အဲဒီ ခတ်မီးကြီးက ကောင်းလိုက်တာ... ခင်မွန်ဝယ်လာတာလား... ဘာလုပ်မလို့လဲ..."

" ဘာမှမလုပ်ဘူး... ဦးဒီပလည်း သူတို့နဲ့ တစ်ကြိတ်တည်း တစ်ဥာဏ်တည်း နေမှာ..."

" ဩော်... ဒီကလေးမ ဘယ်လိုဖြစ်နေပါလိမ့်..."

ကိုဇေယျထွန်းကတော့ မိုးခွန်ထူးနှင့် တစ်နှစ်အတူနေခဲ့ရတာ... တလည်းတော်သလို အေးဆေးငြိမ်သက် သဘောကောင်းတဲ့လူပါတဲ့။ ဒါကတော့ဟုတ်မှာပါ... နောက်ကွယ်မှာ ပြောတာဆိုတာ ကြားရသမျှလည်း မိုးခွန်ထူးက ကြင်နာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



" ညီအိပ်တော့လေ..."

" အိပ်မှာပါ... မိုးလည်း အတော်ချုပ်နေပါပြီ... ခင်မွန်လည်း ဒေါ်သလျှော့အိပ်တော့..."

ခင်မွန်က မအိပ်သေးပါဘူး။ ဒါပေမယ့် ညီအိပ်သည် ထိတော့ အိပ်ချင်ယောင်ဆောင်နေရဦးမယ်။ ဒီနေ့ည ဒေါ်ဒေါ်လှနှင့် နှစ်ယောက် ချိန်းထားတယ်လေ...။ ခြံထောင့်မှာ စောင့်ကြမယ်။ ညဥ့်တစ်စတစ်စနက်လာတော့... တစ်ချက်တစ်ချက် တိရစ္ဆာန်တွေရဲ့ အော်သံလိုလို ကြားရပါပြီ...

ဒေါ်ဒေါ်လှက အခန်းဝရောက်လာတာမို့... အသာလေး ထွက်ခဲ့ကြတယ်။

" ခြံထဲမှာ ခြင်တော့ကိုက်မယ် ထင်တယ် ဒေါ်ဒေါ်လှ..."

" အရမ်းအေးနေတာ မကိုက်လောက်ပါဘူး... ဒေါ်ဒေါ်လှလေ သိချင်လွန်းလို့သာ... ရင်တော့တုန်တယ်... လူသေ အလောင်းကြီးများ ထမ်းလာတာလား... ဒါဆိုရင်... ဒေါ်ဒေါ်လှနဲ့ ခင်မွန်က သူတို့လူသတ်တာ သိသွားပြီဆို လာနှုတ်ပိတ်တော့မှာ... ဒေါ်ဒေါ်လှနဲ့ ခင်မွန် အခြောက်တိုက် အသတ်ခံနေရမယ်..."

ဒေါ်ဒေါ်လှစကားကြောင့် ခင်မွန့်မှာ ရယ်ရသေးတယ်။

အရေးထဲ ဒေါ်ဒေါ်လှတစ်ယောက် စုံထောက်ဝတ္ထုများ ရေးနေလေသလား...။ ဒါပေမယ့် ဒေါ်ဒေါ်လှ တွေးသလိုလည်း တွေးရင်တော့ ရပါတယ်။ လူသေအလောင်းကြီးကို ဘာလို့ အိမ်ထဲ သုံးလေးငါးရက်တစ်ခါ ထုလာပါ့မလဲ ဒေါ်ဒေါ်လှရယ်လို့ ပြောချင်တာ ပေါ့...။

" ဟော... ဟော ကြားလား ခွေးအူသံ ဘဲ့သို့ကြားရပြီ–

www.burmeseclassic.com

www.burmeseclassic.com



ခွေးတွေဆူညံအောင် အူကြဟောင်ကြပြီးရင်.. လာတော့တာပဲ...”

ဒေါ်ဒေါ်လှလို မကြောက်တတ်ပါဘူးဆိုတဲ့လူတောင် စိတ်လှုပ်ရှားနေပုံ ရပါတယ်... ခင်မွန့်လက်ကို လာဆုပ်ကိုင်လိုက်တာ အေးစက်နေတာပါပဲ။

အပြင်မှာလည်း အေးစိမ့်နေတဲ့အချိန်ပါ...

အမှန်ဆို အေးတာကို မုန်းတဲ့ ခင်မွန်ဟာ ပွမ်းစောင်ကြီးထဲ တွေးနေရမယ့်အစား မှောင်မှောင်မည်းမည်း ချမ်းချမ်းစိမ့်စိမ့် စောင့်ကြည့်နေရအောင် မိုက်မဲနေတာလား။

“ ခွေးတွေအူစပြုပြီ ခင်မွန်... လာနေပြီ ထင်တယ်...”

ခင်မွန်နှင့် ဒေါ်ဒေါ်လှ စည်းရိုးဘေးကပ်ရင်း စောင့်နေမိပြီ... ညည်းမည်းအရိပ်ကြီးက ကုန်းကုန်းကွကွ တရွေ့ရွေ့လာနေပြီ...

ခင်မွန် အသက်မျှ မရှူနိုင်...

ဓာတ်မီးကြီးကို လက်ထဲအသေအချာ ဆုပ်ကိုင်ပြီးတော့ ဒေါ်ဒေါ်လှလက်ကို ဖြုတ်ထားလိုက်ပြီ။

တွေ့လား တွေ့လား...

မည်းမည်းကြီး ပခုံးပေါ်မှာ လူသေကောင်ကြီး ထမ်းလို့ ဘုရား ဘုရား...

တုန်တုန်ခိုက်ခိုက် ညည်းတွားသံနှင့် ပြောနေသော ဒေါ်ဒေါ်လှအသံ။

အဲဒီ မည်းမည်းကုန်းကုန်းကွကွကြီးလည်း ရှေ့နား ခပ်လှမ်းလှမ်းရောက်ရော... ဓာတ်မီးကိုဖွင့်ပြီး လမ်းပေါ် ချိန်ထွက်လိုက်တာ။

“ ဟင် ”

www.burmeseclassic.com

www.burmeseclassic.com



ခါတော်မီးရောင်က ထင်းနေလိုက်တာမှ...

ဘာကြီးလဲလို့ အသက်မရှူပဲ ကြည့်မိတဲ့အခါ...။ ဦးဒီပရဲ့ စူးရှရှ မျက်လုံးစိမ်းကြီးနဲ့အတူ...။ ပခုံးပေါ်မှာ ပခုံးပေါ်မှာ။

ဆတ်ကြီးလား ကျိုကြီးလားမသိ... ဦးချိုပါတဲ့ သားကောင်ကြီးက သွေးသံတရဲရဲနဲ့ တွဲလောင်းကြီးပါလာတာပါလား။

တနင့်တပိုး ထမ်းလာတာမို့ ဦးဒီပခန္ဓာကိုယ်က ကိုင်းနေပြီး ပခုံးပေါ်က အကောင်ကြီးကြောင့် ကုန်းကုန်းကွကွနှင့် သရဲကြီး တစ်ကောင်လို ဖြစ်နေတာပါလား...။

" ဘာလုပ်တာလဲ ကလေးမ "

" ဟို... ဟို... ခင်မွန့်ယုန်လေး ပျောက်သွားလို့ လိုက်ရှာနေတာပါ..."

" ဒီအချိန်ကြီးမှာတောင် ကိုယ်ပေးတဲ့ ယုန်ကလေး ပျောက်လို့ လိုက်ရှာတယ်ဆိုတော့ ကိုယ့်ကို သိပ်ဂရုစိုက်တယ်လို့ ပြောတာနဲ့ အတူတူပါလား ခင်မွန်လတ်ရယ်..."

" ဟင်... ရှင် "

သူက ဘယ်လိုဘယ်လို ရောက်လာတာလဲ...။ ဒီတစ်ခါ တော့ မြင်းလည်းမပါ ဆင်လည်းမပါ... သေနတ်ကြီး တစ်လက် ပခုံးပေါ်ထမ်းလို့ ဦးဒီပကတော့ တရွေ့ရွေ့ အမှောင်ထဲမှာ ထွက်ခွာ သွားပါပြီ။

" ဘယ်က... ဘယ်က ပြန်လာတာလဲ "

" အမဲပစ်ပြီး ပြန်လာတာလေ... မမြင်ဘူးလား..."

" အဲဒါ ရှင်ပစ်လာတာ... ရှင်အမဲပစ်တာက ညကြီး မိုးချုပ်လား "

www.burmeseclassic.com

www.burmeseclassic.com



" အမဲပစ်ပါတယ်ဆိုမှ နေ့ညရွေးရမလား... ပစ်ချင်တဲ့အချိန် ပစ်မှာပေါ့... မင်းဟာ အံမှောင်ထဲလည်း အတော့်လှတာပါလား"

ကြည့်မရတော့ပါဘူး။ ဒါကြောင့် ဒေါ်ဒေါ်လှရေ... ယုန်လည်းတွေ့မှာ မဟုတ်ပါဘူး... သွားကြပါစို့... ရှင်နော်... လေတော့ ချွန်နဲ့ ဖော်ကြီးကို အပိုင်ပေးပြီးသား ပြန်ယူဖို့လည်း မစဉ်းစားနဲ့ ဆို လှည့်ထွက်လာခဲ့ပါပြီ။

" နောက်တစ်ခါကျရင် ခင်မွန်လတ်အတွက် ချစ်သက် လက်ဆောင်အဖြစ် မြွေနှစ်ကောင်ပေးမယ်... သိပ်စပ်ရတဲ့ ကောင်မလေး ဆိုတော့ အထူးအဆန်းလက်ဆောင် ပေးရမှာပေါ့..."

နောက်ကနေ အော်ပြောသွားသေးတယ်... ဒေါ်ဒေါ်လှက တော့ လူသေအလောင်းကြီးများလားလို့... အမဲကောင် အသေကြီး ပါလားတဲ့... ဒီလူတွေဟာ တိရစ္ဆာန်အသေကောင်ကြီးကို ခုလိုညကြီး မိုးချုပ် သယ်ရတယ်လို့ မကောင်းဆိုးဝါး ကပ်တာတွေ အပမှီတာတွေ မကြောက်ဘူးထင်တယ်တဲ့...။

" မည်းမည်းကုန်းကုန်းကွကွကြီးကတော့ ဘာဆိုတာ သိရပါပြီ... ဒါပေမယ့် ရှေ့လျှောက် ဘာတွေများ အထူးအဆန်း တွေ့ဦးမှာလဲ..."

စိတ်ရှုပ်ထွေးစွာ အိပ်ရာပေါ် ပြန်လှဲနေချိန်... ညီကတော့ ဘွမ်းစောင်ကြီးအောက်မှာ အိပ်မောကျနေလိုက်တာ။ မျိုးခွန်ထူးကို ဆေးဝေးကရှောင်မှ ထင်တယ်... ဒီလူဟာ ခင်မွန့်ကို အန္တရာယ် မပေးဘူး မပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com

" ဒီလူဟာ သူထင်ရာ သူလုပ်နေတဲ့လူမျိုး ဖြစ်မယ် ထင်တယ်... ခင်မွန်... နင်ဟာလေ... နင်လုပ်ချင်တာကို... လျှောက်လုပ်တာပဲ... တော်ကြာ အန္တရာယ်ပြုရင် မခက်ဘူးလား... ခုတောင် မြွေနှစ်ကောင်ပို့မယ်... နင်စပ်စုတယ်ဆိုတော့ စိတ်ထဲ မကြိုက်တော့ဘူးလားမသိ "

တကယ်ပဲ မြွေနှစ်ကောင် ပို့လိုက်မလား...။ စိတ်ထဲတော့ နည်းနည်း ကသိကအောင့် ဖြစ်တာပေါ့။ ဘာလို့ဆို မျိုးခွန်ထူးဆိုတဲ့ လူ ဝရန်တာပေါ် အမြန်ဆုံးတက်လာနိုင်တာ ခင်မွန်သိပြီးပြီ မဟုတ်လား...။ အဲလိုမျိုး ဝရန်တာက တက်လာပြီး... မြွေနှစ်ကောင် လာထားလိုက်ရင် ရတယ်လေ...

" အို... ပြောတိုင်း လုပ်လို့ရမလား "

" ခင်မွန်ရယ်... အဲဒီလူတွေနဲ့ တတ်နိုင်သလောက် မပတ်သက်ပါနဲ့တော့... မျောက်ကို သနား ယုန်ကို သနားလည်း မလုပ်နဲ့... မပတ်သက်တာ အကောင်းဆုံးပဲ... နင့်ဘဝလေး တစ်ခုခု ဖြစ်ရင် ငါရင်ကျိုးရမယ်... ငါ့ကြောင့် ဒီရောက်လာရတာ "

" ဘာမှမဖြစ်ပါဘူး... ညို ဒီလောက် မကြောက်စမ်းပါနဲ့... " ပြောမည့်သာပြောရ...

မျိုးခွန်ထူးရဲ့ စူးစိုက်ကြည့်တတ်သော အကြည့်စူးစူးကို

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရမိပါတယ်။ အဲဒီလိုမျိုးလူနှင့်သာ တစ်သက်လုံး အတူနေရရင် စိတ်ဆင်းရဲရတာနှင့် သေမယ့် ထင်ပါရဲ့...။

ညို့ ပွစိပွစိနဲ့ စိတ်ရှုပ်ထွေးစွာ ပြောနေသမျှ ဖော်ကြီးတောင် သိနေသလို... ငြိမ်ကုပ်ထိုင်နေရှာပါတယ်။ ဖော်ကြီးခမျာ ဘယ်လောက်တောင် ကြောက်တတ်ခဲ့သည် မသိ...။

" ယုန်နှစ်ကောင်ကို မြို့အစွန်ဘက် လမ်းထွက်လျှောက်ရင်း လွှတ်လိုက်ပါတော့ ခင်မွန်... ဖော်ကြီးကိုလည်း ရန်ကုန်ပြန်ရင် ခေါ်သွားပြီး တိရစ္ဆာန်ရုံမှာ သွားလှူလိုက်ပါ... ဒီလောက် အေးချမ်း ငြိမ်သက်ပြီး ကြောက်တတ်တဲ့ ဖော်ကြီးဟာ တိရိစ္ဆာန်ရုံမှာ နေဖို့ အကောင်းဆုံးပါ..."

" ဟုတ်တယ်ညို... အဲဒါ အကောင်းဆုံးပဲ "

" နောက်ကို ဘာကောင်လာပေးပေးလည်း မယူနဲ့... သနားလှချည်ရဲ့ဆိုလည်း မတောင်းနဲ့တော့... သတ္တဝါတစ်ခု ကံတစ်ခုဆိုတာကို လက်ခံလိုက်ပြီးတော့ ဘာမှကို ဝင်မပါပါနဲ့လား ခင်မွန်... ညို ပြောတာ နားထောင်ပါ..."

" အင်းပါဟယ်... ဒီလောက်လည်း မကြောက်ပါနဲ့..."

ခင်မွန့်စိတ်ထဲမှာတော့ ညို့လောက် တွေးပူပန်မနေပါဘူး။ ခင်မွန်က ညို့ကြောင့် ဒီမှာနေနေတာပါ... ခင်မွန့်ဘာသာဆို ရန်ကုန် ပြန်မှာပေါ့...။

" ခင်မွန်... ခင်မွန်..."

" ဘာလဲ ဒေါ်ဒေါ်လှ... ဘာဖြစ်လို့ ခင်မွန့်ကိုလာလား ခေါ်နေတာလဲ... ဟိုဘက်အိမ်က ဘယ်လိုအသံပဲကြားကြား ဘာသွဲ ဆွေတွေ ဒေါ်ဒေါ်လှလည်း စိတ်မဝင်စားပါနဲ့... ခင်မွန့်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့… ညိုတို့ ကိုယ့်အိမ်မှာ ကိုယ်ပျော်အောင် နေမယ်… ဟိုဘက်အိမ်ကို မရှိသလိုသာ နေပါ…"

ညိုပြောလိုက်တော့ ဒေါ်ဒေါ်လှလည်း ဘာပြောချင်တယ် မသိ။ ဘာမှမပြောတော့ပါပဲ ပြန်ထွက်သွားပါပြီ။

"မင်း ရင်ခုန်ခံစားမိရင် ကိုစိုးဝေကိုပဲ ခံစားပါ… ကိုစိုးဝေဟာ ယောက်ျားကောင်း တစ်ယောက်ပါ"

"ညို… ဘာလို့ ခင်မွန့် အချစ်ရေးကိုပါ လိုက်တွက်ဆပေး နေတာလဲ… ဒါတွေ ခင်မွန် စိတ်မဝင်စားပါဘူး… ဘယ်သူ့မှ ခင်မွန် မချစ်ဘူး…"

ညို ဘာလို့ သည်မျှ စိုးရိမ်ပူပန်မှုတွေ များနေရပါသလဲ…။

"ဒီဆောင်းကုန်ချင်ပါပြီ… ဒီဆောင်းကုန်လို့ ကျောင်းပိတ်ရင်… ညို ရန်ကုန်နဲ့အနီးဆုံး ပြန်ပြောင်းတော့မယ်… ခင်မွန်နဲ့လည်း ခွဲမနေချင်တော့ပါဘူး"

"မဆိုင်တာ ညိုရယ်… ငါတို့ရန်ကုန်ပြန်ကြပါပြီတဲ့… မျိုးခွန်ထူးဆိုတဲ့လူဟာ သူလုပ်ချင်ရာကို ဖြစ်အောင်လုပ်တတ်တော့… ရန်ကုန်လိုက်မလာဘူး ပြောနိုင်လား… ခင်မွန်ကတော့လေ… ရှောင်ပြေး မယ်ဆိုတဲ့ စိတ်မရှိပါဘူး… ကိုယ့်ဘက်က မှန်ဖို့ပဲ လိုတာပါ… ညို စိတ်မပူရအောင် ခင်မွန်တတ်နိုင်သရွေ့ ဘာမှမစပ်စုပဲ နေပါမယ်…"

ဒီလိုပြောမှ ညို နည်းနည်း စိတ်အေးသွားပုံရပါတယ်။ ခင်မွန်လည်း ကြောက်တယ်မဟုတ်ပေမယ့်… မျိုးခွန်ထူးရဲ့ ပတ်သက်ချင်စိတ်ကို မရှိသလိုပါပဲလေ…။

ခင်မွန်နဲ့ ညို တိတ်ဆိတ်စွာ အတွေးများနေတော့ ဖော်ကြီး အနားလျှောက်လာပြီး ခင်မွန့်လက်ကို လာကိုင်ပါတယ်… ပြီးတော့

www.burmeseclassic.com



ခင်မွန်ကို ဘာတွေပြောနေတယ် မသိ။

စိတ်ချပါ...

မင်းဟာ ခင်မွန်ဆီ ရောက်လာမှတော့ မင်းကို အေးချမ်းစွာ နေရမယ့်နေရာကို ရောက်အောင် ခင်မွန် ပို့ပေးပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

" နင်တစ်ယောက်တည်း ပြန်လို့ဖြစ်မလား ခင်မွန်- ညို ပြန်ပို့ပေးမယ် "

" နင်ကျောင်းတက်မှာ တက်စမ်းပါ... ငါတစ်ယောက်တည်း ပြန်ပါရစေ... ဘာမှမဖြစ်ပါဘူး... နေ့ခင်းကြီးများဟာယ်... ဒါဆို ငါက အိမ်ထဲမှာပဲ နေရမှာလား ညို..."

ညို့ကို ကျောင်းရှေ့မှာ ထားခဲ့ပြီးတော့ အိမ်ဘက် လမ်း လျှောက်ပြန်ခဲ့တာ။ ခင်မွန်တို့နေတဲ့ လမ်းကတော့ အစွန်အဖျားလည်း ဖြစ်... ခြံတွေကကျယ်နဲ့ လူတော့ ပြတ်တာပေါ့။ ဒါပေမယ့် နေ့ခင်းမှာ ကြောက်စိတ်မရှိပါဘူး။ ပွင့်နေတဲ့ ပန်းမျိုးစုံရဲ့ လှပမှုတွေကို- ငေးကြည့်ရင်း စိတ်အေးအေးနဲ့ပဲ လျှောက်ခဲ့ပါတယ်။

" ခင်မွန်... ခင်မွန်..."

" ဩော်... ကိုမိုးခွန်ထူး "

" မတွေ့တာတောင် ကြာပြီနော် ခင်မွန်..."

" ဟုတ်တယ် "

" ခုတလော အစ်ကိုကြီးက ရက်ဆက်လို အမဲပစ်ထွ နေတာပါ... အိမ်မှာသိပ်မရှိဘူးလေ... ဒဏ်ရာရနေတဲ့ တိရစ္ဆာန်တွေ အခုတလော အိမ်မှာ များနေတယ်... တောထဲမှာ ထောင်ချောက်ထေ ဆင်... ဒဏ်ရာနဲ့ အကောင်လေးတွေ ဖမ်းလာ... ကျွန်တော်

www.burmeseclassic.com



နေနိုင်တော့ ဆေးကုနဲ့ အိမ်မှာ ဂျာအေးသူ့အမေရိုက်နေတာလေ”

မိုးခွန်ထူးပုံကတော့ တကယ့်ကို အေးချမ်းတာပါလား။ ရယ်လိုက်ရင် ပိုပြီး နုပျိုလှပလာသလိုနဲ့... သူ့အရယ်အပြုံးက မြင်ရသူကို နှစ်သက်ချမ်းမြေ့စေတာပါလား။

“ ရှင့်အစ်ကိုနဲ့ ဦးဒီပ ညလယ်ကြီး အမဲကောင် ထမ်း ပြန်လာတယ်... အဲဒါ ခင်မွန်ကလည်း ယုန် လွတ်သွားတာ ဆိုက်ဖမ်းရင်း တွေ့တယ်... ခင်မွန့်ကို ပြောတယ် သိလား ”

ပြောပြမိတယ်...

ကိုမိုးခွန်ထူးကတော့... ပြုံးနေရင်း... အစ်ကိုကြီးက ရက်စက် တဲ့ပုံ ရှိပေမယ့်... ဦးဒီပတို့ကိုတော့ ပါးစပ်က ကြိမ်းနေတာပါ... တစ်ခါမှ နာကျင်အောင် မလုပ်ပါဘူးတဲ့လေ...

“ ရှင် ဇေယျထွန်းကိုရော သိလား... တတိယနှစ်မှာ အတူ တစ်ဆောင်တည်း တစ်ခန်းထဲ နေရတာဆို...”

“ ဇေယျထွန်း... သိပါတယ်... ဘယ်မှာတွေ့လဲ...”

“ ကိုစိုးဝေ ညီဝမ်းကွဲလို့ ပြောတာပဲ...”

“ ကိုစိုးဝေဆိုတာ ကျွန်တော့်ရန်သူတော်ကြီးလား ”

“ ဟင်... ရှင့်ရန်သူ...”

“ ဟုတ်တယ်လေ... အကြံတူ ရန်သူပေါ့... ခင်မွန့်ကို ချစ်နေတာ တူတယ်လေ...”

ဘာများလဲလို့...။

မိုးခွန်ထူးက ဘာဆက်ပြောသေးလဲဆို ကိုစိုးဝေဆိုတဲ့လူနဲ့ ရန်သူဖြစ်ရတာက ထားပါ။ တွေ့စရာ ပြောစရာလည်း မရှိပါဘူး။ အစ်ကိုကြီးနဲ့တော့ ရန်သူမဖြစ်ချင်ပါဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



" ခင်မွန့်ကို အစ်ကိုကြီးက ချစ်နေမှာကို ကျွန်တော် စိတ်ပူတာ "

" ရှင့်အစ်ကိုက ချစ်ချင်စရာကိုး... ခင်မွန်က စိတ်ကူးထဲတောင် မထည့်ဘူး... ခင်မွန်က မကြင်နာတတ်သလို ရက်စက်တတ်တဲ့ လူကို မနှစ်သက်ပါဘူး..."

" အစ်ကိုကြီးကတော့ သူလိုချင်သမျှ ရအောင်ယူတတ်တာ— စိတ်ပူတယ်... ခင်မွန်ရာ... ကိုယ့်ကို မြန်မြန်အဖြေပေးပါလား— ခင်မွန်က ချစ်တယ်ဆိုရင် အစ်ကိုကြီးကို အမြန်ဆုံး ဖွင့်ပြောမယ်— ခင်မွန်နဲ့ အမြန်ဆုံး လက်ထပ်မယ်..."

" ဟင့်အင်း... ကိုမိုးခွန်ထူးနဲ့ အခုမှ တွေ့ရတာ... ပြီးတော့ ခင်မွန် ပြန်မှာပါ... ဘယ်သူ့မှ မချစ်ချင်ပါဘူး..."

" အစ်ကိုကြီးက ချစ်တယ်ဆိုလာရင် အခု ကိုယ့်ကို ခင်မွန် ငြင်းသလို ငြင်းလို့ရမှာ မဟုတ်ဘူး... သူက သူလိုချင်ရင် ရမှ ဖြစ်မှာ..."

" ရမလား... အချစ်ဆိုတာ အတင်းအဓမ္မ ဓားပြတိုက်ယူလို့ ရတာမှ မဟုတ်တာ..."

" ဒါက ခင်မွန်ထင်တာလေ... အစ်ကိုကြီးကတော့ လိုချင်ရင် ရရမှ..."

" အသည်းနှလုံးဆိုတာက လုယူလို့ မရဘူး... ခင်မွန်က လည်း အသက်သာ အသေခံလိုက်မယ် မချစ်တဲ့ လူကို ဘယ်တော့မှ လက်မထပ်ပါဘူး..."

သူနှင့်အတူ စကားတပြောပြော လျှောက်လာခဲ့တာ... အခုတော့ ရှင့်အစ်ကိုကြီး အိမ်မှာလားဆိုတော့ မရှိပါဘူး... တောထဲသွားသတဲ့—

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အစ်ကိုကြီးမရှိရင် လူတွေလည်း စိတ်ချမ်းသာ... တိရစ္ဆာန်တွေလည်း စိတ်ချမ်းသာလို့ မိုးခွန်ထူးက ပြောပါတယ်...။

" သူ့ကိုနိုင်တဲ့လူ မရှိဘူးလား... ဥပမာ... ဦးလေး ဘကြီး စသဖြင့်လေ "

" ဘယ်ကရှိရမှာလဲ... မရှိပါဘူး... ဦးလေးဦးဒီပဆို ဦးလေးပဲဟာ... နိုင်မှမနိုင်တာ "

" ဦးဒီပက ဦးလေးဟုတ်လား... ခင်မွန်ထင်တာက ရှင်တို့ အလုပ်သမား မှတ်တာ "

" ဘယ်ကလာ... ဦးလေးဒီပက အမေ့မောင်အရင်း... "

" ရှင့်အမေရော... "

ခုမှသတိရတယ်... ဖေယျာထွန်း ပြောတော့ မိုးခွန်ထူးဆိုတာ ဖခင်မရှိ ဆွေမျိုးမရှိတဲ့... အမေလည်းမရှိပါဘူးဆို။ အခန့်ရှိပါတယ်... အမေက လေဖြတ်ပြီး အိပ်ရာထဲလဲနေတာ... ကိုယ်နဲ့ဦးလေးဒီပ မိန်းမ ဒေါ်ဒေါ်နဲ့က ပြုစုကြတယ်တဲ့...။

" ရှင့်အမေ မရှိတော့ဘူးဆို "

" ဘယ်သူပြောလဲ "

ဖေယျာထွန်းပြောတယ် မပြောချင်တာနဲ့ ဒီလိုပဲ... ကြားတာလို့ ဖြေလိုက်တယ်။

" ကိုယ့်မိသားစုအကြောင်း ကိုယ့်ထက် ဘယ်သူပိုသိမှာလဲ ခင်မွန်ရယ်... ခင်မွန်မေးတာလေးတွေကို အစ်ကိုကြီးက စပ်စုတယ် ထင်တယ်... ကိုယ်ကတော့ သဘောကျပါတယ်... ကိုယ့်ကို ခင်မွန်က စိတ်ဝင်စားစေချင်တာလေ... ကိုယ့်အကြောင်းကို ခင်မွန် သိချင်မှ ကိုယ့်ကို စိတ်ဝင်စားလာမှာပေါ့... "

www.burmeseclassic.com

www.burmeseclassic.com



ရှင့်မသိလို့ပါ မိုးခွန်ထူးရယ်… ရှင့်ကို စိတ်ဝင်စားချင်ခဲ့ရင်တောင် ရှင့်အစ်ကိုကြီးကို ခင်မွန်စိတ်ပျက်လွန်းလို့ ရင်ခုန်ချင်စိတ်ကလေးတောင်မှ ပျောက်ပျောက်သွားရတယ်လို့လေ…။

" ရှင့်အစ်ကိုကြီး တခြားတိရစ္ဆာန်တွေကို သတ်တာ ဟုတ်ပါပြီ… မြွေတော့ မမွေးပါဘူးနော် "

" မြွေ… မြွေ… ခင်မွန် ဘာထင်လို့လဲ…"

" သူက ခင်မွန့်ကို မြွေနှစ်ကောင် လက်ဆောင်ပေးမယ် ဆိုလို့ပါ…"

" အဲဒါက တမင်နောက်တာမျိုးပါ… မြွေကို မပိုင်ပါဘူး— အစ်ကိုကြီးက သတ်ဖို့ နှိပ်စက်ဖို့ပဲ ဝါသနာပါတာပါ… မြွေအလမ္ပာယ် ဆရာမှ မဟုတ်တာကို…"

အိမ်ရှေ့နားရောက်လာတော့ ပြောပါတယ်။ မခွဲချင်ဘူး ခင်မွန်တဲ့လေ… တစ်ခါတစ်ခါတော့ ခင်မွန့်စိတ်ထဲမှာ ရှင့်ဟာ ဘာလို့များ မိုးခွန်ထူးဆိုတဲ့ အင်မတန်ရက်စက်ပြီး အသည်းနှလုံး မရှိသူရဲ့ ညီမှ လာဖြစ်ရသလဲလို့ပေါ့…။

ရှင်ဟာ ကိုစိုးဝေလို မိုးခွန်ထူးဆိုတဲ့လူနဲ့ ဘာမှမပတ်သက် မသက်ဆိုင်သော လူတစ်ယောက်ဖြစ်ရင် ဘယ်လောက်ကောင်းလိုက် လေမလဲ…။

ရင်ထဲမှာ ရင်ခုန်သံလေးက လှုပ်ခတ်ချင်ရင်တောင် စိုးထိတ် စရာတွေက ဟန့်တားနေသလိုပါလား…။

www.burmeseclassic.com

www.burmeseclassic.com

ဝရန်တာမှာ ထိုင်နေမိတယ်။ အနားမှာ ဖေါ်ကြီးက ထိုင်နေတာပေါ့…။ မျိုးခွန့်ထူးနဲ့တော့ တတ်နိုင်သရွေ့ မပတ်သက်မိအောင် နေရမှာပါပဲ။ ယုန်ကလေးနှစ်ကောင်ကိုတော့ မနေ့က ဒေါ်ဒေါ်လှနှင့် မျိုးခွန်တောစပ်စပ်နေရာလေးမှာ သွားလွှတ်ပေးလိုက်ပါပြီ။

နောက်ထပ် တိရစ္ဆာန်တွေ ပေးလာရင်လည်း… လက်မခံတော့ပါဘူး။ ညီပြောသလို သတ္တဝါတစ်ခု ကံတစ်ခု ရှင် လုပ်ချင်ရာလုပ်လို့သာ ပြောလိုက်တော့မယ်…။

" ခင်မွန်… ထမင်းမစားသေးဘူးလား… နောက်ကျနေပြီ"

" စားမယ်… ဒေါ်ဒေါ်လှ… ညီမရှိတုန်း မေးရဦးမယ်… ဘာပြောစရာရှိလို့လဲဟင်…"

" ဘေးအိမ်မှာရှိတဲ့ မျက်မှန်နဲ့ အမဲပစ်မုဆိုးလေးကို သတ်အားသရွေ့ ရှောင်တော့ ခင်မွန်… အင်မတန် မိုက်ရိုင်းတယ်ကွဲ… သိုအဖိုးကြီးဟာ သူ့အဖေ သူ့ဦးလေးအရွယ်ကို ကြာပွတ်နဲ့ ရိုက်တယ်…"

" ဟင်… ဟုတ်လား… ဒေါ်ဒေါ်လှမြင်ခဲ့တာလား…"

" ဒါပေါ့… မီးဖိုအပေါက်က ညှော်လို့ တံခါးဖွင့်လိုက်တော့ မြင်ရတာ ရင်တွေတောင် တုန်တယ်ကွယ်… တကယ်ဆို လူကြီးကို ဒီလို ပြန်လုပ်နေတာ ရိုင်းစိုင်းလွန်းပြီး ငရဲကြီးဝင့်လိုက်လိမ့်မယ် "

www.burmeseclassic.com



" ဟုတ်ပါပြီ... ခင်မွန်သိပါပြီ... ဒေါ်ဒေါ်လှ..."

မိုးခွန်ထူး အပြောအရဆို ဦးဒီပဟာ ဦးလေးတော်တယ်လို့ ပြောတာပဲ။ ကိုယ့်ဦးလေးကို ဒီလိုရက်စက်တယ်ဆိုရင်တော့ တရားလွန် ရိုင်းစိုင်းလွန်းနေပါပြီ...။ ဒီလိုလူမျိုး ဘယ်တော့မှလည်း အောင်မြင်မှာ မဟုတ်ပါဘူး...။

" ခင်မွန်... ခင်မွန် "

" အမလေး "

နောက်ဘက်လေးမှ ကပ်လျက်ခေါ်တာမို့ လန့်သွားပါတယ်။

" ရောင်စုံ... လန့်လိုက်တာ "

ဘယ်ကပျံလာတယ် မသိ။

ရုတ်တရက် ဒီမှာက အတွေးနဲ့ နေနေတာဆိုတော့ လန့်သွားတာပေါ့...။

ရောင်စုံရှိတယ်ဆို... အနီးအနားမှာ မိုးခွန်ထူးများ ရှိလေမလား။ စိတ်မှာ သတိတရ ရှိမိတာပါလား...။ ဖျတ်ခနဲဆို အုပ်တံတိုင်းပေါ် ထိုင်နေတဲ့လူကို အခုမှ ခင်မွန် မြင်ရတာ။

မိုးခွန်ထူး...။

အုပ်တံတိုင်းပေါ်ကနေ သရက်ကိုင်းပေါ် ဘယ်လို ခုန်တက်လိုက်တယ်မသိ... ပြီးတော့ တစ်ဆင့်တစ်ဆင့် ဝရန်တာ လက်တန်းပေါ် ရောက်လာတဲ့အခါ...။

" ရှင်တို့... ရှင်တို့ ညီအစ်ကိုဟာ..."

" ဘာလဲ... ရှင်တို့ ညီအစ်ကိုဟာ မျောက်တွေနဲ့တူတယ်လို့ ပြောချင်တာလား... ဒါမှ မဟုတ်..."

" ဘာလို့ အခုလို လာရတာလဲ... ရှင်တို့လူကြီးလူကောင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိရင် အိမ်ရှေ့က လာလည်ပါလား… ဒါ ခင်မွှန့်အခန်းက ရနံ့တာ… ဒေါ်ဒေါ်လှတို့ ဝင်ထွက်နေတာ… ခင်မွှန့်ကို တစ်မျိုးမြင်လိမ့်မယ်…"

ဝရန်တာက မင်းသမီးလေးကို မြင်တော့ တွေချင်စိတ်ကြောင့် လာတာပါတဲ့။ ဟိုတစ်ယောက်လည်း ဒီလိုပဲ ပြောတယ်… ရှင်တို့ သိအစ်ကိုဟာ ဘယ်လိုတွေလဲ။ မိုးခွန်ထူးအပေါ် အနည်းငယ်တော့ ခံစားရခြင်းတွေဟာ မျိုးခွန်ထူးကို သတိရမိတာနဲ့ ကြက်မွှေးတစ် ငှက်ပျောက် ပျောက်သွားသလိုပါလား။

" ဇော်ကြီး…"

သူက ဇော်ကြီးကို လှမ်းလက်ကမ်းပါတယ်…

ထူးဆန်းစွာ ဇော်ကြီးက မသွားပါပဲ ဖျတ်ခနဲဆို ခင်မွှန့် ကျောဘက် ဝင်ပုန်းနေတော့တာ…

" ဇော်ကြီး… မင်းက သခင်အသစ်ကို ပိုချစ်သွားပါရောလား… လာပါကွ… ဒီလောက်ကြောက်စရာလား မင်း မလာဘူးနော်…"

မိုးခွန်ထူးက တိုးတိုးလေး လေချွန်လိုက်တဲ့အခါ… ဇော်ကြီး က ခင်မွှန့်ကျောဘက်ကနေ တွန့်ဆုတ်တွန့်ဆုတ် ကြောက်ရွံ့စွာ ထွက်လာတော့တာပါပဲ။ ဇော်ကြီးဆီကို မိုးခွန်ထူးက လက်ကမ်း ပါတယ်။

ဒီအခါမှာမှ ခင်မွှန် မြင်မိတာ…။

လက်ကောက်ဝတ်ကနေ တံတောင်ဆစ်မရောက်ခင်ထိ ရှည်လျားကြီးမားသော အနာရွတ်တွေပါပဲ…။

" ရှင့်လက်က ဒဏ်ရာ ဘာဖြစ်တာလဲ…"

www.burmeseclassic.com

www.burmeseclassic.com



မိုးခွန်ထူးက ခင်မွန်မေးလိုက်တော့မှ သူ့ရုပ်အကျီလက် ခေါက်ထားတာကို ဖြေချပစ်လိုက်ပါတယ်။

" ဘရောင်နီဆိုတဲ့ ခွေးမွေးထားတုန်းက ကိုက်တာ… ကိုယ့်မှာ ဒီလောက် ဒဏ်ရာတွေ ဖြစ်ရပါ့မလားဆို အစ်ကိုကြီးက အပြစ်ပေးလိုက်တယ်… "

" ဘယ်လိုအပြစ်ပေးတာလဲ… အဲဒီခွေးကို ကျားသစ်စာ ကျွေးလိုက်တာမှ ဟုတ်ရဲ့လား "

မိုးခွန်ထူးရဲ့ ရက်စက်မှုတွေကို ခင်မွန် အတော်ကြီး သိနေ ပြီပဲလေ။

" ကျားသစ်စာ… ခင်မွန် ဒီလို ထင်တာလား "

" ဒါပေါ့… "

" သိပ်သေချာပါတယ်… သူဟာ ကိုယ့်ကို ကိုက်ပြီးတော့… အစားအစာဘဝ ရောက်သွားရရှာတာပေါ့… "

ဖော်ကြီးဟာ မိုးခွန်ထူးရှေ့မှာ ကြောက်ရွံ့တဲ့ မျက်နှာလေးနဲ့ ငြိမ်ကုပ်နေရတယ်။ ခုလိုကျတော့ ခင်မွန် သနားပါတယ်။ ခင်မွန် ကိုယ်တိုင်လည်း ဒီလိုမျိုး တစ်ယောက်ယောက်ကို ကြောက်မနေ ချင်ပါဘူး။

" ဖော်ကြီးက ရှင့်အစ်ကိုကြီးကို ကြောက်ရတော့ ရှင့်ကိုပါ ကြောက်နေပြီ ထင်တယ်… သူ လွတ်လွတ်လပ်လပ် နေပါစေလား… ဖော်ကြီး သွားတော့လေ… "

ခင်မွန်က သွားတော့လို့ ပြောတာတောင် မသွားရဲပဲ မိုးခွန်ထူးကို မော့ကြည့်နေဆဲ။

" သွားတော့ "

www.burmeseclassic.com

www.burmeseclassic.com



မိုးခွန်ထူးက သွားတော့လို့ ပြောမှသာ ထွက်သွားရဲ ရှာတာပါလား။

" ရှင့်အစ်ကိုကြီး တစ်နေ့နေ့ ဝင်လိုက်မယ်... တိရစ္ဆာန်လေးတွေလည်း အသက်သေရမှာ ကြောက်ရှာတာပါပဲ... ရှင်လည်း ပြန်တော့... "

" ခင်မွန့်ကို ချစ်တယ်... ပြန်ဖြေပါလားဗျာ... ကိုယ်မို့လို့ ဒီလောက် အနူးအညွတ်တောင်းခံနေတာပါ ခင်မွန်... အစ်ကိုကြီး ဆိုရင်... ခင်မွန့်ကို အစ်ကိုကြီးက မချစ်ပါစေနဲ့လို့ ကိုယ် ဆုတောင်းတယ်... "

ရှင်မသိလို့ပါ မိုးခွန်ထူးရယ်... ရှင်ဟာ မိုးခွန်ထူးဆိုတဲ့လူနဲ့ ဘာမှမပတ်သက်ဘူးဆိုရင် ခင်မွန့်နှလုံးသားက ရှင့်ကို စဉ်းစားမိနိုင်ပါတယ်... ဒါပေမယ့် ရှင့်ကို နူးညံ့စွာ ခံစားလိုက်ရတိုင်းမှာ... မိုးခွန်ထူးရဲ့ အရိပ်က ခြောက်လှန့်ရင် ဘယ်လိုမှကို မစဉ်းစားရဲတော့ အောင်ပါပဲ။

" ခင်မွန့်ကို ချစ်တယ် "

" ရှင့်အစ်ကိုကြီးကို ရှင် ပြတ်နိုင်လို့လား "

" ဗျာ... "

" ခင်မွန်နဲ့အတူ ရန်ကုန်ပြန်လိုက်နိုင်တဲ့လူကိုပဲစဉ်းစားမှာ... ရှင့်အစ်ကိုကြီးကို ရှင် ထားပစ်ခဲ့နိုင်မလား "

ခုလိုကျတော့ ဘာမှမပြောနိုင်တော့ဘူးလား... ခင်မွန့်ကို ချစ်တယ်ဆို။ ဒါဆိုရင်တော့ အဲဒီအိမ်ကြီးနဲ့ အဲဒီရှင့်အစ်ကိုဆိုတဲ့လူကို ထားပစ်ခဲ့နိုင်ရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

" ခင်မွန်... တကယ်လို့များ အစ်ကို အိမ် ဒါတွေကို ထားခဲ့ပါမယ်... ခင်မွန်နဲ့အတူ ရန်ကုန်လည်း ပြန်လိုက်မယ်ဆိုရင်... မိုးခွန်ထူးကို ခင်မွန် စဉ်းစားပေးမှာလား... လက်ခံမှာလား... တကယ်ရော လက်ထပ်မလား..."

ညိုက မေးပါပြီ။ ခင်မွန်ကိုယ်တိုင်တောင် ဘာလို့များ ဒီလို ပြောလိုက်မိတယ်... ပြန်စဉ်းစားနေရဆဲပါ။

ရင်ထဲမှာ ရှိတဲ့ မသိစိတ်ကြောင့်များလား။

ဟုတ်မှာပါလေ။

" ညို... ခင်မွန်လေ... ညို့ကို မညာချင်ပါဘူး... မိုးခွန်ထူးကို တစ်ယောက်တည်း တွေ့ရချိန်ဆို ကြည်နူးစွာ ခံစားမိသလိုပါပဲ... သူ့ကိုသိပ်နှစ်သက်တာပဲလို့ ခံစားလိုက်တယ်ဆိုရင်... မျိုးခွန်ထူးကို ဖျတ်ခနဲ သတိရရော... ဘယ်လိုမှ မနှစ်သက်နိုင်ခြင်းက ရင်ထဲရောက်လာပြီး ကြည်နူးစွာခံစားရမှုလေးဟာ အထိတ်တလန့် ဈောက်ကွယ်သွားသလိုပါပဲ..."

ညိုကတော့ သက်ပြင်းရှိုက်တယ်။

" မိုးခွန်ထူးကို ဟိုးအဝေးကြီး တစ်နေရာရာကို ခေါ်သွားချင်တယ်... ဖြစ်နိုင်ရင် မျိုးခွန်ထူးနဲ့ ဘယ်တော့မှ မတွေ့နိုင်တဲ့ နေရာမျိုးပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



" ခင်မွန်ရယ်... မဖြစ်နိုင်ပါဘူး "

ညိုကပြောတယ်... ညီအစ်ကိုမှ အမြွှာညီအစ်ကို... အဲဒီ အမြွှာညီအစ်ကိုကို ဘယ်လိုမျိုး တစ်သက်လုံး မတွေ့နိုင်အောင် ခွဲနိုင်ပါ့မလဲတဲ့။

" မိုးခွန်ထူးကို မင်းချစ်ရင် ဘယ်လိုပဲဖြစ်ဖြစ် မိုးခွန်ထူးဟာ မင်းရဲ့ခဲအိုလေ... တွေ့ရဆုံရ ပြောရဆိုရနဲ့ ပတ်သက်မှု အမြဲ ရှိလာမှာပဲ..."

" ဟင့်အင်း... အဝေးကြီးကိုပဲ ထွက်ပြေးချင်တယ်..."

မဖြစ်နိုင်တာတွေ ခင်မွန် စိတ်ကူးယဉ်နေမိပါရောလား။

" အကောင်းဆုံးကတော့ မိုးခွန်ထူးကိုပါ မင်းစိတ်ထဲက ဆုတ်လိုက်ပါ ခင်မွန်... ညို စိတ်မကောင်းပါဘူး... ညို့ကြောင့် မင်းဟာ ခုလိုမျိုး... ခံစားနေရတာပါ..."

" မဆိုင်ပါဘူး ညိုရယ်... ခင်မွန့်စိတ်ကြောင့် ခင်မွန် ခံစားရတာပါ... မိုးခွန်ထူးကိုတွေ့ရင် သိပ်ကိုကြင်နာတတ်တဲ့ နှစ်သက်စရာလူတစ်ယောက်လို့ ခံစားရာကနေ ခုလို ရင်ခုန်တတ်လာ ခဲ့တာပါ... ဒါပေမယ့် ခင်မွန်တို့ ကံမကောင်းနိုင်ပါဘူးလေ..."

မိုးခွန်ထူးဆိုတဲ့ အရိပ်ကြီးက ခင်မွန်တို့နှစ်ယောက် အပေါ်က လွှမ်းခြုံနှိပ်စက်နေတော့မှာပါ... ဘယ်လိုလုပ် ကံကောင်းနိုင်မှာတဲ့လဲ။

" သူက ခင်မွန်ပြောသလို ဒီဝန်းကျင်က အပြီးထွက်ခွာ ပါမယ် ဆိုရင်ကော..."

အလွန်နည်းပါးလွန်းသော မျှော်လင့်ချက်ကို တပ်မက်နေဆဲပါလား။ အဲဒီ မျှော်လင့်ချက်ဟာ တစ်ရာခိုင်နှုန်းမျှ မရှိပါ...။

" အဲဒါဟာ ခေတ္တရှိမ်လည်မှုပဲ ဖြစ်မယ် ခင်မွန်...

www.burmeseclassic.com

www.burmeseclassic.com



ငါးရာနှစ်ဆယ်ရှစ်ဟာ တစ်ထောင့်ငါးရာထက် ပိုခိုင်မြဲတယ်... သူ့အသက်သခင် အစ်ကိုကို မင်းကိုချစ်တဲ့ အချစ်ကြောင့် မျက်ကန်းဖြစ်ပြီး ထားခဲ့ရင်... ခဏပဲဖြစ်မယ်... မင်းကိုရပြီးရင် သူ့အစ်ကိုက သေထိ သူ့အစ်ကိုလေ... မင်းမှာသာ တစ်ဘဝလုံး ဆုံးနိုင်တာ..."

မှန်တာတွေ မပြောစေချင်ဘူး ညို...။ ခင်မွန် ကိုယ်တိုင် အမှန်တွေကို မေ့ပျောက်ပြီး စိတ်ကူးယဉ်ကမ္ဘာမှာ သူနှင့် ပျော်ရွှင်ချင်နေမိတာပါ။

မပြောရက်ပေမယ့် ပြောပါရစေ ခင်မွန်...

သူ့ကို မင်းမေ့လိုက်တာ အကောင်းဆုံးပဲတဲ့လား...။

ဟင့်အင်း... ခင်မွန် ရက်ခြည်းတော့ ဘယ်လိုမေ့နိုင်ပါ့မလဲ။ ခင်မွန့်စိတ်ကို ညို့ယူထားတဲ့ ခံစားမှု။ သူ့ကိုတွေ့ရင် ရင်ထဲက တငြိမ့်ငြိမ့်လှုပ်ခတ်နေမှုတွေ...။

တစ်ခါမှ ရင်မခုန်ခဲ့ဘူးပါလျှက်... သူနှင့်မှ...

အချစ်ဦးပါ...။

ခင်မွန် ဘယ်သို့ လွယ်လွယ် မေ့နိုင်မှာတဲ့လဲ...။

" ညိုပြောတာ ဟုတ်ပါတယ်နော် ခင်မွန် "

" ဟုတ်ပါတယ် "

" သိလျှက်နဲ့ မမိုက်မဲပါနဲ့လား... ချစ်ပါ ခင်မွန် မချစ်နဲ့လို့ ညို မတားပါဘူး... ဒါပေမယ့် အချစ်က မျက်ကန်းချစ် ဖြစ်လို့တော့ မဖြစ်ဘူး..."

ခင်မွန် သိပါတယ်။ သိပါတယ်။ မသိနားမလည်စွာနဲ့ မိုက်မဲလိုက်ချင်ပါရဲ့...။ ဒါပေမယ့် ခင်မွန့်ဆီမှာ နှားလည်တတ်သော ဦးနှောက်များကို ပိုင်ဆိုင်ထားလေတော့... နှလုံးသားဟာ မိုက်မဲမှုကို

www.burmeseclassic.com

www.burmeseclassic.com



သက်ခံနိုင်စွမ်းမရှိလောက်အောင် နင့်သီးကြေကွဲခြင်းသာ ရှိနေခဲ့တာ ပါလား...။

မချစ်ရဘူး သိသိကြီးနဲ့ ချစ်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

" ညို ဘာလို့ နောက်ကျနေပါလိမ့်... ခင်မွန် လမ်းထိပ် ထွက်ကြည့်ချင်တယ်... ခြံပေါက်ဝကဖြစ်ဖြစ် စောင့်ဦးမယ် ဒေါ်ဒေါ်လှ..."

" အေး... အေး... အဝေးကြီး မသွားနဲ့နော် ခင်မွန် "

အရင်ဆို ညို ဒီအချိန် ကျောင်းကပြန်လာပါပြီ... ဘာလို့ နောက်ကျနေပါလိမ့်။ ခြံဝကတော့ မျှော်ကြည့်မိပါတယ်... ခေါင်းညနေဟာ အအေးဓာတ်နဲ့အတူ မှုန်မှိုင်းမှိုင်းရှိလိုက်တာ။ ခပ်လှမ်းလှမ်းတောင် မမြင်ရချင်...။

အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စောင့်တာတောင် အတော်ကြာကြာ ပေါ်မလာ...။

စိတ်မရှည်တာတော့တာမို့ ညိုပြန်လာနေကျလမ်းဘက် ထွက်ခဲ့တာ...။

အတော်ခပ်လှမ်းလှမ်းထိ လျှောက်ပြီးမှ လမ်းပေါ်မှာ တိတ်ဆိတ်လွန်းနေပြီလို့ သတိရတယ်... ဒေါ်ဒေါ်လှကို ပြန်ခေါ်မယ် ပြီးမှ ကျောင်းဘက်လိုက်သွားမှပါ။ ဒီဘက်က ခြံကျယ်ကြီးတွေဆိုတော့ မမှောင်ခင်မှာတောင် လူမရှိချင်။

" မင်းအလှက တစိမ့်စိမ့်ကြည့်လေ ပိုလှလာလေဆိုတဲ့ အလှမျိုးပါ... "

www.burmeseclassic.com

www.burmeseclassic.com



" ဟင် "

ရုတ်တရက် တွေ့လိုက်ရတဲ့ မျိုးခွန်ထူးကြောင့် ခင်မွန်လန့်ပြီး ခြေလှမ်းတောင် နောက်ဆုတ်သွားပါတယ်။

" မင်းနဲ့တွေ့ချင်နေတာ အတော်ပဲ... ကိုယ့်အိမ်ကို မင်း လိုက်လည်ပါလား "

" ဟင်... မလိုက်ချင်ပါဘူး "

" ဘာလို့လဲ "

" ဘာမှမဖြစ်ပါဘူး... ခင်မွန် အိမ်လည်တဲ့ အကျင့် မရှိဘူး..."

" ပွဲချီခေါ်သွားရင်ကော "

" ရှင်ရူးနေလား... ဖယ်ပါ "

လမ်းပေါ်မှာ မှောင်စပြုလာပြီ။ ပြီးတော့ မျိုးခွန်ထူးကို ခင်မွန် ကြောက်တယ်။ ဒီလူဟာ... သူလိုချင်ရာရမှ ဆိုတဲ့ အမျိုးလူမျိုး ဟုတ်လား။ ခေါ်ခေါ်လှခေါ်လာရ ကောင်းသား...။

" ဟုတ်တယ် တစ်သက်လုံး သေနတ်တစ်လက်နဲ့ပဲ ပျော်လာတဲ့ ကိုယ်ဟာ ခင်မွန်လက်ကို မြင်မှ သေနတ်ထက် ဒိတ်ဝင်စားစရာ ကောင်းတဲ့ အချစ်ကို သတိရတယ်... ခင်မွန်လက်ကို ချစ်တယ်..."

" အိုး... မဖြစ်နိုင်ပါဘူး..."

ခင်မွန် အိမ်ဘက်ပြန်မယ်ဆိုလည်း မရ... ရှေ့က ပိတ်ရပ် သွားတယ်။

" မဖြစ်နိုင်ဘူးဆိုတာ ကိုယ်မသိဘူး... ခင်မွန်လက်ကို ချစ်တယ် "

www.burmeseclassic.com

www.burmeseclassic.com



" ဖယ်ပါ... ခင်မွန့်မှာ ချစ်သူရှိတယ် "

" ဘာ... မင်းမှာ ချစ်သူရှိတယ် ဟုတ်လား... ဘယ်သူလဲ ဘယ်ကလဲ... ဟိုတိရစ္ဆာန်ဆရာဝန် စိုးဝေဆိုတာလား..."

" မဟုတ်ဘူး... ရှင်ထင်ချင်ရာ လျှောက်ထင်မနေပါနဲ့... ဖယ်ပေးပါ..."

အမှောင်က နှင်းမှုန်တွေကြောင့် ပိုသိပ်သည်းလာပြီလား။ အတင်းတွန်းထုတ်ပစ်ရအောင် သူ့အင်အားကို ခင်မွန်ယှဉ်နိုင်မယ် မထင်။

" ဒါဆိုပြော ဘယ်သူလဲ "

" အမှန်ပြောရင် ဖယ်ပေးမလား..."

" ဖယ်မယ် "

" မိုးခွန်ထူး "

" ဘာ... ဘာပြောတယ်... မိုးလေး.. မိုးလေး ဟုတ်လား.."

" ဟုတ်တယ်..."

မျိုးခွန်ထူး အံ့သြပြီး ငြိမ်သက်သွားပြီးတော့။

" မင်းညာတယ် "

" မညာဘူး.. မယုံရင် ရှင်မေးကြည့်..."

မျိုးခွန်ထူး ငြိမ်သက်ငိုင်တွေနေဆဲ ခင်မွန် ပြေးထွက်လာခဲ့ပါပြီ။ နောက်ဆိုရင်တော့ တတ်နိုင်သရွေ့ မျိုးခွန်ထူးနှင့် မဆုံမိအောင် နေရမယ်။ ဘယ်သွားသွား ညို သို့မဟုတ် ဒေါ်ဒေါ်လှ အဖော်ပါမှ ဖြစ်လိမ့်မယ်။

" ခင်မွန်... နင်တစ်ယောက်တည်း ဘယ်သွားနေလဲ ငါနဲ့ ဒေါ်ဒေါ်လှ စိတ်ပူလို့ လိုက်လာတာ "

www.burmeseclassic.com

www.burmeseclassic.com



" နင်ပြန်မလာလို့ ငါလည်းစိတ်ပူပြီး လိုက်လာတာ "

" ငါ ဘယ်လမ်းက ပြန်မယ် နင်သိလို့လား ခင်မွန်... အိမ်ထဲမှာနေတာ မဟုတ်ဘူးဟယ်... အခုရော ဘာဖြစ်လာလဲ "

" ဘာမှမဖြစ်ပါဘူး..."

ညို့ကိုပြောရင် စိတ်ပူလိမ့်မယ်... မပြောပဲနေလိုက်မယ်လေ... ခင်မွန့်ဘာသာပဲ အဖော်မပါပဲ အပြင်မထွက်တာ အကောင်းဆုံးလို့ ဆုံးဖြတ်လိုက်တယ်။

ခင်မွန်လတ်ကို ကိုယ်ချစ်တယ်တဲ့...

ဟင့်အင်း... ဟင့်အင်းကွယ်

ခင်မွန် ချစ်မိတာက မိုးခွန်ထူးကိုပါ...။

www.burmeseclassic.com

www.burmeseclassic.com

ဝရန်တာကိုတောင် မထွက်ပဲ အခန်းထဲမှာ နေနေမိတယ်။ မျိုးခွန်ထူးက ဝရန်တာကို အမြန်ဆုံးတက်လာနိုင်တာ ခင်မွန် တွေ့ ထားပြီးပြီ မဟုတ်လား။

" ခင်မွန်ရေ... ထမင်းစားပါတော့လား "

" ဟုတ်ကဲ့ စားပါမယ်... ဒါက ဘယ်လဲ ဒေါ်ဒေါ်လှ

" ခင်မွန်ပဲ ရှောက်ရွက် နုနုလေးတွေ တို့ချင်တယ်ဆို ခြံထဲ ဆင်းခူးလိုက်ဦးမယ်... "

ဒေါ်ဒေါ်လှနောက်ကို ဒေါ်ဒေါ်မြလိုက်သွားတာ ကြည့်ပြီး ပြုံးရသေးတယ်။ ခုနေ ရုပ်ရှင်ကား တစ်ကားလောက် ဖွင့်ပြထား ဒေါ်ဒေါ်လှနောက် ဒေါ်ဒေါ်မြ မလိုက်တော့ပါဘူး။

ထမင်းပွဲ ကူပြင်ပေးမယ်ဆို စိတ်ကူးဆဲ...

ခလွမ် ချလွမ်နဲ့ မှန်တွေကျကွဲသံကို ခင်မွန် ကြားလို ရပါတယ်...

" ဒါ... ဒါ ခင်မွန်နဲ့တို့ အခန်းထဲက အသံပဲ... မှန် ဘာလို့ ကွဲရတာလဲ "

အခန်းဆီ ခင်မွန်ပြေးဝင်လိုက်တဲ့အခါ...။

" အမလေး... "

ဝရန်တာ တံခါးကို ခင်မွန် သေချာပိတ်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဝရန်တာတံခါးရဲ့ တံခါးရွက်နေရာက ပြတင်းမှန်ကို ခွဲပြီး ဖွင့်ဝင်လာပါရော။

"ဦးလေးဟာ... အသက်လည်း ကြီးလှပါပြီ... အဘမြစ်တို့ သူတစ်ပါးအခန်းထဲ ခုလို ခိုးဝှက်ဝင်ရတာလဲ..."

ဦးဒီပကို မြင်တော့ ခင်မွန် ဒီလိုမေးရပါပြီ။ ဒီလူတွေဟာ သစ်ပင်တွေပေါ်မှာ လျှင်မြန်စွာ သွားလာနိုင်စွမ်း ရှိတာ ခင်မွန် သိထားပြီးပြီပဲ။

"မင်းဆီကို ခိုးဝှက်မလာချင်ပါဘူး... မင်းကို ငါ ကြည့်ပါ သေးတယ်... မတွေ့လို့ပါ... ငါ တစ်ခု သတိပေးပါရစေ မိန်းကလေး... မင်းကြောင့် ကိုမိုးတို့ စိတ်ဝမ်းကွဲအောင် မလုပ်ပါနဲ့... မင်းကို သတိပေးမယ် မင်း သူတို့ကို တစ်ယောက်မှ မချစ်ပါနဲ့..."

"တစ်ယောက်မှ မချစ်ပါနဲ့..."

တကယ်ဆို ဦးဒီပရဲ့ လေသံမှာ အမိန့်ပေးသံ ပါနေလွန်းပါ သား။

ခင်မွန့်စိတ်ထဲ ဒေါသက ရုတ်ခြည်းရောက်လာတာပါလား။

ခင်မွန့်ကို ဒီလို အမိန့်ပေးတဲ့ လေသံမျိုးနဲ့ ပြောတာကို အမုန်းဆုံး... ပြောချင်ရင် ကောင်းကောင်းမွန်မွန် ပြောပေါ့...။

"ဒါ ခင်မွန့်ကိုယ်ရေးကိုယ်တာပါ... အချစ်ရေး ကိစ္စဆိုတာ အသက်ရှင် နှစ်ယောက်နဲ့ပဲ ဆိုင်ပါတယ်... ဦးလေး ပြောချင်ရင် ဟိုလူတွေ ကိုယ်ပြောပါလား... ခင်မွန့်ကို မပြောပါနဲ့"

"မင်းကြောင့် သူတို့ရန်ဖြစ်ကြတယ်... ကြာရင် တစ်ယောက် တစ်ယောက် သတ်ကုန်ကြလိမ့်မယ်... ငါက စေတနာနဲ့ သတိ ပေးတာ..."

www.burmeseclassic.com

www.burmeseclassic.com



" ဦးလေးစေတနာက မမှန်ကန်ပါဘူး... ဦးလေးပြန်ပါ ခင်မွန်တို့ဝရန်တာကို ခုလို ခိုးဝှက်မလာပါနဲ့... မှန်တံခါးလည်း ခွဲဝစ်တယ်..."

" လူတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်တာ ချစ် မရောက်ပါဘူး... မိုးခွန်ထူးသေမှာ မစိုးရိမ်ရင် မင်းလုပ်ချင် လုပ်တော့..."

ဦးဒီပက ပြောပြီး ဖျတ်ဆို ခုန်ထွက်သွားတာများ မြန်ဆ လွန်းပြီး ချက်ချင်း ပျောက်ကွယ်သွားတာပါလား။ ဝရန်တာ ခင်မွန် မင်သက်စွာ ကျန်ရစ်ပါပြီ။

လူတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်တာ ချစ် မရောက်ဘူးတဲ့။ မိုးခွန်ထူးကို ခင်မွန်ချစ်မိတာဟာ သူ့ ဒုက္ခရောက်အောင် လုပ်တာလား။ မိုးခွန်ထူးသေမှာ မစိုးရိမ် မင်း လုပ်ချင်ရာ လုပ်တဲ့လား။

ဟုတ်နိုင်တယ် ဖြစ်နိုင်တာပေါ့...

မျိုးခွန်ထူးဆိုတဲ့ လူက သူလိုချင်ရာ ရရမှတဲ့... သူ ခင်မွန့်ကိုချစ်တယ်တဲ့။ ခင်မွန်က မိုးခွန်ထူးကို ချစ်တယ်ဆိုရင် မျိုးခွန်ထူးက သူ့ညီအရင်း တစ်ယောက်ကိုတော့ ရက်ရက်စက်စ လုပ်ပါ့မလား...။

မပြောနိုင်တော့ပါဘူး။

" ခင်မွန်... ထမင်းစားမယ်လေ... ဟဲ့ ဒီမှာ မှန်ကွဲ ပါလား "

" ဟုတ်တယ် ဒေါ်ဒေါ်လှ... ဇော်ကြီးဘာဖြစ်တယ် မသိ ဘူး... ခဲနဲ့ပေါက်တယ်လေ "

www.burmeseclassic.com

www.burmeseclassic.com



" အဲဒါပေါ့... အဲဒါပေါ့... တိရစ္ဆာန်ဆိုတာ ဘာမှ စိတ်ချရတာ မဟုတ်ဘူး... မျောက်က မျောက်ပဲ ခင်မွန်... တော်ကြာ သူတွေကို ကိုက်ဟာယ်... ကုတ်ဟာယ်နဲ့ဆို မကောင်းဘူး... ယုန်တွေ အန်းကလိုပဲ တောထဲသွားလွှတ်လိုက်စမ်းပါ... "

ခွင့်လွှတ်ပါ ဖော်ကြီး...

မင်းကို လွှဲချလိုက်ရတယ်...

ဦးဒီပတစ်ယောက် ခုလို မှန်ခဲ့ပြီး တံခါးဖွင့်ပါတယ်ဆိုတာ ဘာသိရင် သူတို့ အရမ်း ကြောက်ကြမယ်လေ။ ညီပြန်မလာခင် မှန်အသစ် ပြန်တပ်ချင်လို့ ထမင်းစားပြီးရင် မှန်သွားဝယ်မယ်ပေါ့လို့ လွှတ်ရပြန်တာပေါ့။

ညီ့ကိုလည်း အကုန်ပြောမပြချင်...

ညီ အရမ်းစိတ်ပူလိမ့်မယ်။

မျိုးခွန်ထူးကို ခင်မွန် ဘယ်လို ရှောင်ရမလဲ။ ညီ့ကို အားရစ်ပြီး ပြန်ရမလား။

" ခင်မွန်... ကိုယ့်ကို ခွဲခွာနိုင်ပြီလား "

ရင်ကရော သည်သို့ မေးမလား မိုးခွန်ထူးရယ်။

ခင်မွန်တို့ ခုချိန် ခွဲခွာလိုက်တာက ပိုကောင်းမယ် ထင်ပါ တယ်။ မခွဲခွာနိုင်လောက်အောင် ချစ်နေမိကြမှဆို...။

မချစ်ရဘူး။

မိုးခွန်ထူးကို ခင်မွန် မချစ်တာဟာ အကောင်းဆုံးပဲ ဖြစ်မယ် ထင်ပါရဲ့...။

www.burmeseclassic.com

" ကျောင်းက မမဝေတို့ အိမ်မှာ ငှားနေတဲ့ အိမ်ငှားတွေ ဒီလကုန်ရင် ပြောင်းကြမယ်တဲ့... ကျောင်းနဲ့လည်း မျက်စောင်းထိုး သာသာလေးမှာဆိုတော့... အတော်ပဲလေ... ဒေါ်ဒေါ်လှနဲ့ ဒေါ်ဒေါ်မြကို ညီုဆက်ခေါ်ထားပါမယ်... ခင်မွန် ပြန်ချင်ပြန်ပါတော့..."

ညီု ဒီလိုပြောတော့လည်း စိတ်ထဲ မကောင်းဖြစ် သွားသလိုပါပဲ။ အမြဲလို အနားမှာ အတူနေစေချင်ပြီး... ခင်မွန့်ကို မပြန်စေချင်ခဲ့တဲ့ ညီုက အခုတော့... ခင်မွန် ပြန်လို့ရအောင် စီစဉ်နေပါကော...။

ခင်မွန့်ကို မရှိစေချင်တော့ဘူးလား။

" ခင်မွန်... စိတ်မကောင်းပါဘူး ညီု... ညီုနဲ့အတူ ခင်မွန့်ကို ရှိမနေစေချင်တော့ဘူးလား... ဒီမှာ မနေတော့ဘူးဆိုတာ ခင်မွန် လက်ခံပါတယ်... အခု ပြောင်းတဲ့အိမ်ကလေးမှာ ခင်မွန်တို့ အတူနေကြမယ်လေ..."

" ခင်မွန် ဒီမှာရှိတာကို သိသရွေ့ မိုးခွန်ထူးနဲ့ ပြတ်သားမှာ မဟုတ်ဘူး... ခင်မွန့်ကို အဲဒီ့ ညီအစ်ကိုနဲ့ မဆုံစေချင်ဘူးလေ..."

" မဆုံစေရပါဘူး ညီု "

" ဒီမှာရှိနေရင်... ကြာရှည်ဆို ခင်မွန် ရှောင်နိုင်မယ် မထင်ပါဘူး... မိုးခွန်ထူးကို ခင်မွန် ချစ်နေတာ... ချစ်တာက ချစ်တာပဲ... မချစ်သင့်တာက မချစ်သင့်တာလေ..."

www.burmeseclassic.com

www.burmeseclassic.com



" မိုးခွန်ထူးကို ခင်မွန် ဘယ်လောက်ချစ်ချစ် ရှောင်နေပါ့မယ်"

" မလွယ်ကူတဲ့ အလုပ်ပါ ခင်မွန်... ချစ်တဲ့လူကို မျက်ဝန်းရှေ့မြင်ရင် မရှောင်နိုင်ပါဘူး..."

" ဟုတ်ပါပြီလေ... ညို စီစဉ်တာ ကောင်းပါတယ်... ဒီလကုန်ရင် ခင်မွန် ပြန်မယ် "

" စိတ်မကောင်း မဖြစ်ပါနဲ့ ခင်မွန်... ညိုလည်း ဆေးကျောင်းပိတ်ဆို ပြန်လာမှာပါ... ကျောင်းပြောင်းဖို့လည်း ပြန်စဉ်းစားမယ်... ညိုတို့နှစ်ယောက် ဒီမြို့လေးနဲ့အတူ ကြုံခဲ့ဆုံခဲ့သမျှ အားလုံး မေ့ပစ်ကြရအောင်လား..."

" ဟုတ်ပါတယ်..."

ခင်မွန် အားလုံးကို မေ့ပစ်ရလိမ့်မယ်။

ဒီမြို့ကလေး။ လှပသော ဆောင်းညချမ်းကလေး၊ သီဝိတို အေးတဲ့ နှစ်သက်စရာ နှင်းတွေရယ်... ပြီးတော့ မိုးခွန်ထူးရယ်...။

ဒါတွေကို ဒါတွေကို... ခင်မွန် မေ့ပစ်လိုက်ရမှာပါလား။ မေ့ပစ်နိုင်မှာပါ...။

" ညို... ညို... ခင်မွန်... ခင်မွန်... မညော်ဘူးလား... တစ်ခုခု ညော်နေသလိုပဲ..."

" ဟုတ်တယ်... ညော်တယ်... လိုက်ရှာရအောင်..."

လေးယောက်သား တစ်အိမ်လုံး လိုက်ရှာလည်း မတွေ့ရပါလား။ နောက်ဆုံးတော့...။

" ဟိုဘက်အိမ်မှာ မီးခိုးတွေ ရှိတယ်... ဘာတွေလုပ်နေပြန်သလဲဟယ်..."

" ကြည့်ရတာ... အမဲကောင်တွေ ကင်တာ ထင်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



ညှော်နေတာပါလား... အဲဒီလူတွေကတော့လေ... အကုသိုလ်များလိုက်တာ... တစ်နေ့တစ်နေ့ အကောင်တွေပဲ သတ်နေတယ်..."

"ချက်စားတာထက် ကင်စားတာက ပိုမွှေးတယ် လှလှရဲ့..."

အဲရေးထဲ ဒေါ်ဒေါ်မြက တစ်မျိုး။ ဒေါ်ဒေါ်လှကတော့ နင်ပဲကောင်းတယ်... မြမြရယ်တဲ့...။ ညည်းညည်းညူညူလေး ပြောသေးတယ်။

" ဟင်... လေချွန်သံ..."

ဒီလေချွန်သံကိုတော့ ခင်မွန်အလွတ်ရပါတယ်... ဒီအသံကြားရင် ဖော်ကြီးနဲ့ ရောင်စုံ နေစရာမရှိအောင် ပျာယာခပ်ကြတယ်။ ရောက်ရာနေရာက ခေါ်တဲ့လူဆီ အပြေးအလွှားနဲ့ သေလုနီးပါး ပြေးကြရတယ်။

အဲလိုမှ မဟုတ်လို့ အရောက်မလာနိုင်ရင်... သူတို့ အသက်သေကြရမှာကို တိရစ္ဆာန်တောင်မှ နားလည်တာပါလား။

အခုရော...

ခေါ်ပြန်ပြီ...

ဘာလို့ခေါ်ရမလဲ။

ဖော်ကြီးကို မခေါ်တော့ဘူးဆို။ ဖော်ကြီးဟာ တဆတ်ဆတ်တုန်ရင်စွာနဲ့ ခင်မွန့်လက်ကို လာကိုင်ထားပါတယ်။ မသွားချင်ဘူးလို့ မင်းပြောချင်တာလား။

မသွားနဲ့ ဖော်ကြီး။

" မင်းမသွားနဲ့... မင်းကို သူက ဘာမှမလုပ်စေရဘူး ဖော်ကြီး... မင်းရှေ့မှာ ခင်မွန် ရှိပါတယ်... မသွားနဲ့..."

ညီုတို့ ဒေါ်ဒေါ်လှတို့တောင် ဖော်ကြီးရဲ့ ကြောက်ရွံ့တုန်လှုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကို အံ့သြစွာ ကြည့်မိကြပါတယ်။

လေချွန်သံကတော့ အဆက်မပြတ် ခေါ်နေတုန်းပါပဲလား။ ဖော်ကြီးခမျာလည်း နေလို့ကို မရနိုင်...

အဲဒါတွေ မုန်းတာ...

အဲဒါတွေ မုန်းတာ...

ဒီလေချွန်သံ ချွန်ပြီးတော့ ဖော်ကြီးကို မခေါ်ပါနဲ့လို့ ပြောထားပါလျှက်...။

ဖော်ကြီးက ခင်မွန့်လက်ကို ဆွဲထားရာကနေ... ဆတ်ခနဲ ဖြုတ်ပြီး ဝရန်တာက တဆင့် ပျောက်ကွယ်သွားခဲ့ပါပြီ။

" ဖော်ကြီး ပြန်ချင်မှ ပြန်လာတော့မယ် ညို..."

" မေ့လိုက်ပါတော့ ခင်မွန်... ညိုတို့ ပြောခဲ့ဖူးသလို သတ္တဝါတစ်ခု ကံတစ်ခုလို့သာ မှတ်လိုက်ပါတော့..."

ခင်မွန် ဘာလို့ မျက်ရည်ကျတာလဲ။ ခင်မွန့်မျက်ရည်က ဖော်ကြီးနှင့် ခွဲခွာရလို့ရော ဟုတ်ရဲ့လား။ ဘယ်သူနှင့် ခွဲခွာရလို့လဲ။ ပြီးတော့ ရင်ထဲမှာ ဝမ်းနည်းကြေကွဲထိခိုက်နေတာတွေက ဘယ်သူ့အတွက်လဲ...။

ဝေးကြတော့မယ်...

ထာဝရ အပြီးတိုင်တဲ့လား...။ ခင်မွန်တို့ ဘယ်လောက် အတိုင်းအတာအထိရော နီးခဲ့ကြတာမို့လဲ။ ဖော်ကြီးကိုရော ကျာသစ်စာ ဘျူးပစ်လိုက်မှာလား...။ ခင်မွန့်ကို မုန်းတာတစ်ခုနဲ့များ...။

www.burmeseclassic.com

www.burmeseclassic.com

ညို ကျောင်းထွက်သွားပြီ။ မသွားခင်မှာ သေချာမှာသွားသေးတာ။ လကုန်ရင် ပြောင်းတော့မှာ... ဒီတော့ ဟိုဘက်အိမ်မှာ မီးတွေလောင်နေပြီဆိုရင်တောင် သွားငြိမ်းပေးဖို့ မစဉ်းစားပါပဲ... ကိုယ့်ဘာသာ ထွက်ပြေးဖို့ပဲ စဉ်းစားတဲ့...။ ဖြစ်နိုင်ရင် ဝရန်တာလည်း ထွက်မနေနဲ့တဲ့။

ဝရန်တာမထွက်လည်း... ဝရန်တာတံခါးဖွင့် ဝင်လာတတ်တဲ့ ဦးဒီပအကြောင်း ညိုမသိလို့... သိများသိရင် ချက်ချင်းများ ပြောင်းပြေးလေမလား။

" ခင်မွန်... အိပ်နေတာလား "

" မအိပ်ပါဘူး... ဒေါ်ဒေါ်လှ "

" ခင်မွန်နဲ့ တွေ့ချင်လို့ဆို... လှေကားရင်းက အုတ်ခုံလေးမှာ"

" ရှင်... ဘယ်သူလဲ..."

" ဟိုဘက်အိမ်က ကောင်လေး..."

" ဟို..."

" မဟုတ်ဘူး... မျက်မှန်မပါတဲ့ ကောင်လေး "

စိတ်မှာ ရုတ်ခြည်း ဝမ်းသာသွားသလိုလို...

ကြေကွဲသွားသလိုလို... ဒါကြောင့် ခင်မွန် လှေကားက ဆင်းလာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



" အပေါ်လာခဲ့ရောပေါ့... ဘာလို့ ဒီမှာ ထိုင်နေတာလဲ..."

" ဘာမှမဖြစ်ပါဘူး... ခင်မွန်နဲ့ စကားပြောချင်လို့ "

" ကိုမိုးခွန်ထူးနဲ့ တွေ့ရတာ အတော်ပဲ... ခင်မွန်လည်း တောင်းပန်စရာရှိတယ်..."

" တောင်းပန်စရာ... ဘာတွေများရှိလို့လဲ..."

" ရှိတယ်..."

မိုးခွန်ထူးရှေ့ကလွတ်မြောက်သွားအောင် သူနှင့် ချစ်နေတယ်လို့ ပြောလိုက်တာဟာ... သူ့အပေါ် ဒုက္ခပေးသလို ဖြစ်ရပြီ... သူတို့ ညီအစ်ကို ပြဿနာဖြစ်ကြတယ်လို့ ဦးဒီပ လာပြောတာကို...။

တော်သေးတာက သူ့ဆီမှာ ဒဏ်ရာဒဏ်ချက် တစ်ခုမှ မရှိလို့ပါပဲ။

" ကိုယ်တို့ လမ်းလျှောက်ရအောင် "

" ဟင်... မလျှောက်ချင်ဘူး... ခင်မွန် ကြောက်တယ်... မိုးခွန်ထူးနဲ့ တွေ့နေမယ်..."

" အစ်ကိုကြီး မရှိပါဘူး... သုံးရက်လောက် ပြန်မလာဘူး... တောထဲသွားတယ်... ခင်မွန့်ဖို့ သစ်ခွပန်းရှာဖို့ ဦးလေးဒီပကို ပြောနေတာ "

" တော်ပါတော့ "

ကိုမိုးခွန်ထူး မရှိဘူးဆိုလို့ ခင်မွန်တို့နှစ်ယောက် လမ်းလျှောက်ထွက်ခဲ့ကြတာ။

" တကယ်တောင်းပန်ပါတယ်... အဲဒီညနေက..."

" ကိုယ်သိပြီးပါပြီ... ကိုယ် ဝမ်းသာ ဝမ်းနည်းတပြိုင်နက်တည်း ခံစားရတယ် ခင်မွန်... ခင်မွန့်ကို ကိုယ်သိပ်ချစ်ပါတယ်ဆိုမှ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ချစ်တယ်ဆိုတာ တကယ့်ကို စိတ်မကောင်းစရာပါပဲ... ခင်မွန်က ခင်မွန့်ချစ်သူက ကိုယ်ပါလို့ ပြောလိုက်တာကိုး... ကိုယ်က တော့ ဝမ်းသာလိုက်တာ... ဒါပေမယ့်..."

မိုးခွန်ထူးမျက်နှာက သိပ်တော့ မကောင်းသလိုပါပဲ... ဒါပေမယ့် ခင်မွန့်ကို ပြုံးရင်းကြည့်နေတဲ့အခါ... ခင်မွန်လည်း စိတ်မကောင်းသလိုပါပဲ။

ရှင့်မှာ မိုးခွန်ထူးဆိုတဲ့ အစ်ကိုတစ်ယောက် မရှိရင်... ဘယ်လောက်ကောင်းမလဲ။

"တစ်ခါတစ်ခါတော့ ခင်မွန့်လက်ကို ဆွဲပြီး ကိုယ်တို့ နှစ်ယောက်ပဲရှိတဲ့ ဟိုးအဝေးကမ္ဘာတစ်ခုဆီ ထွက်ပြေးချင်တယ်"

သူနှင့်ခင်မွန် စိတ်ချင်းတူညီ ခံစားရပါကော။

ခင်မွန့်စိတ်မှာလည်း... သူ့ကို ဒီအိမ်ကြီးနဲ့ ဒီအစ်ကိုကို အပြီးထားရစ်ပြီး ခင်မွန်ရှိရာ ရန်ကုန်ကို ခေါ်သွားချင်မိတယ်။

"ဒါတွေက စိတ်ကူးတွေပါပဲ ခင်မွန်... အစ်ကိုကြီးဟာ ကိုယ့်အစ်ကိုပါ... သူ့ကို ကိုယ်ထားရစ်ခဲ့ပါပြီတဲ့... သူ့စိတ်ကို ကိုယ်အသိဆုံးပါ... ကိုယ့်နောက်ကို အသေအကျေ လိုက်လာမှာပါ... ကိုယ်လုပ်နိုင်တဲ့ အလုပ်တစ်ခုပဲ ရှိတယ်... အဲဒါကတော့ ခင်မွန်နဲ့ ဘဝခရီးကို အတူလျှောက်ပါရစေလို့ ကိုယ်အနူးအညွတ်တောင်းပန်ပြီး သူ့သဘောတူညီချက် ယူရမှာပါပဲ..."

မိုးခွန်ထူး ကိုယ်တိုင်က သူ့အစ်ကိုနှင့် ပဋိပက္ခဖြစ်ချင်ပုံမရ သလို... သူ့အစ်ကိုသဘောတူမှ ခင်မွန်နှင့် လက်တွဲရမည့်ပုံပေါ်သား။

အပင်ပန်းမခံပါနဲ့ ကိုမိုးခွန်ထူး...

အဲဒီနေ့က ရှင့်အစ်ကိုလက်က အမြန်လွတ်အောင် ရှင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလို့ ပြောမိတာပါ။ ခင်မွန့်စိတ်မှာ ဘယ်သူ့မှ မချစ်ပါဘူးလို့ ပြောလိုက်တယ်...

" အဲလိုမျိုး မညာပါနဲ့လား ခင်မွန်... ခင်မွန့်ကို ကိုယ်ချစ်တယ်... ခင်မွန်ကလည်း ကိုယ့်ကိုချစ်တယ် မဟုတ်လား "

" အဲလိုမျိုး မတွက်ဆပါနဲ့လား ကိုမိုးခွန်ထူး... ရှင့်ကိုခင်ပါတယ်... ရှင့်အစ်ကိုကို ခင်မွန်စိတ်ပျက်ပေမယ့် ရှင့်ကို ခင်ပါတယ်... ဒါပေမယ့် အဲဒီ့စိတ်ဒုက္ခမျိုးတွေ မခံနိုင်ပါဘူး... အဲဒီ့ အချစ်အကြောင်းပဲ ပြောနေမယ်ဆိုရင်တော့ ခင်မွန် ပြန်ချင်ပြီ "

" မပြန်ပါနဲ့ဦးဗျာ... ကိုယ့်အနားမှာ ခင်မွန်ရှိနေတာဟာ... သိပ်ကို ပြီးပြည့်စုံလို့ပါ..."

ညှိုသိရင်တော့ ဖြောတော့မှာပါလား။ ဘာလို့ သူနှင့်အတူ လျှောက်ခဲ့မိပါလိမ့်။ အနားမှာ ခင်မွန်ရှိနေရင် ပြီးပြည့်စုံသတဲ့လား။ ခင်မွန်ကိုယ်တိုင်လည်း အနားမှာ သူရှိနေရင်... ဘာလို့ဒီလိုခံစားရသလဲ။

" ဟယ်... နေဦး... နေဦး ခင်မွန်မေ့နေလို့... ဖော်ကြီးရော... ဖော်ကြီးကို ရှင့်အစ်ကိုလေချွန်ခေါ်လို့ ပြန်ပြေးသွားပြီ... ရှင့်အစ်ကိုက သိပ်ရက်စက်တယ်... ခင်မွန့်ကို စိတ်ဆိုးတာနဲ့... ပေးထားတဲ့ ဖော်ကြီးကို ပြန်ခေါ်သွားတာတော့ မကောင်းပါဘူး "

" ဖော်ကြီး... ဟုတ်လား... ဖော်ကြီး ပြန်ရောက်နေလို့လား... ကိုယ်မတွေ့ပါဘူး... ဖော်ကြီးရှိရင် ကိုယ်သိမှာပေါ့ "

" ဒါဆိုရင်တော့ ဖော်ကြီးကို ရှင့်အစ်ကို ကျားသစ်စာ ကျွေးလိုက်ပြီ ထင်တယ်..."

ခင်မွန် တကယ့်ကို ကြေကွဲဝမ်းနည်းသွားသလိုပါ...

သတ္တဝါတစ်ခု ကံတစ်ခုလို့ ဘယ်လိုပြောပြော ဖော်ကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



လိမ္မာတဲ့ အပြုအမူလေးတွေ သနားစရာ အပြုအမူလေးတွေကို ခင်မွန် တွယ်တာနေလေတော့ ခံစားရတာပါပဲ…။

“ ခင်မွန်ငိုနေတာ… ဟာ… မငိုပါနဲ့… ဇော်ကြီးအစား နောက်ထပ်တစ်ကောင်ကို ရှာပေးမယ် ”

“ အို… မလိုချင်ပါဘူး… ခင်မွန် ဇော်ကြီးကိုပဲ လိုချင်တယ်”

“ မငိုပါနဲ့ဗျာ… ခင်မွန့်မျက်ရည်က ကိုယ့်ရင်ကို ကျဉ်နေစေတာပါလား… အခု အိမ်ပြန်ရင် ဇော်ကြီးကို ကိုယ်ရှာကြည့်ပေးပါမယ် တွေ့ရင် လာပို့ပေးမယ် ”

“ တကယ်နော် ”

“ တကယ်ပေါ့ ”

“ ဘယ်မှာရှာမှာလဲ ”

“ အိမ်မှာ… မျောက်တွေကို ဖမ်းထားတဲ့ လှောင်အိမ်ရှိတယ်… ဇော်ကြီးလည်း လှောင်အိမ်ထဲမှာ ရှိချင်ရှိမှာပေါ့…”

“ ဟုတ်လား… ဒါဆို အမြန်သွားကြည့်ပါလား… အမြန်ဆုံးကြည့်ပေးပါ ကိုမိုးခွန်ထူးရယ်…”

“ ခင်မွန် လိုက်ခဲ့ပါလား… လှောင်အိမ်ထဲမှာ ရှိနေရင် ကိုယ် တစ်ခါတည်း ထုတ်ပေးလိုက်မယ်…”

“ အင်း… အမြန်လေးထုတ်ပေးနော်…”

ခင်မွန်လဟာဆိုတဲ့ မိန်းမတစ်ယောက်ဟာ အင်မတန် ဦးနှောက်နည်း၍ ညံ့ဖျင်းသော မိန်းမတစ်ယောက်မှန်း ကိုယ့်ဘာသာ မသိခဲ့ပါဘူး။ မျိုးခွန်ထူးမရှိဘူး သုံးရက်လောက်ကြာအောင် နေသွားတယ်ဆိုတဲ့ အသိရယ်… ပြီးတော့ ဇော်ကြီးကို သနားစိတ် ကြီးမားမိတာရယ်ကြောင့် လိုက်လာခဲ့မိပါပြီ…

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကိုမိုးခွန်ထူးဆိုတဲ့ လူတစ်ယောက်ကို ချစ်မိတဲ့ နှလုံးသားဟာ... ယုံကြည်မှု ကြီးမားခြင်းကို ဖြစ်စေခဲ့ပါပြီ။

ခင်မွန်နဲ့ချစ်သူဟာ ခင်မွန့်အတွက် ရှေက ဘာမဆို မားမား မတ်မတ် ရပ်ပေးမယ်ဆိုတဲ့ ယုံကြည်စိတ်ကလည်း ခြေလှမ်းတွေကို ရဲရင့်သွက်လက်စေခဲ့တာပေါ့။

ဖော်ကြီး ဘာမှမကြောက်နဲ့... ခင်မွန် လာကာယ်မယ်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီးရှေကနေ လှမ်းကြည့်တဲ့အခါ ခင်မွန်တို့နေတဲ့ အခန်းလေးကို သေချာမြင်ရတာပါလား။ သူကပြောတယ်… ချစ်သူ နေတဲ့ နေရာကို လှမ်းကြည့်ရင်း ရင်ခုန်ခံစားရတာ ချစ်သူကတော့ ဘယ်သိလိမ့်မလဲတဲ့။

" မျောက်တွေထားတဲ့ လှောင်အိမ်က ဘယ်မှာလဲ…"

" ခြံနောက်မှာ… လာ… ဒီဘက်ကိုလာ…"

သူက ခင်မွန့်လက်ကို ဆုပ်ကိုင်လိုက်တယ်… ရင်ထဲထိတ်ခနဲ သွားပေမယ့် ခင်မွန် ဖယ်မပစ်ရက်သလိုပါပဲ… နေရာ အသစ်အဆန်း တစ်ခုကို ရောက်လိုက်ရသလို… ရင်ထဲ ထိတ်လန့်ခြင်း ရှိနေတာလည်း ပါမှာပါ။

" ခင်မွန်…"

" ရှင်…"

" ကိုယ်တို့ခြံထဲမှာလေ… တိရစ္ဆာန်တွေ အတော်များတယ်…"

" ဟုတ်မှာပေါ့… ဆင် မြင်း ဝက်ဝံ ခွေး အကုန် တွေ့ဖူးတယ်… ဒါနဲ့ ရောင်စုံရော "

" ရောင်စုံသေပြီ "

" ရှင်… ဘာလို့…"

" အစ်ကိုကြီး သတ်လိုက်တာ… တောင်ပံနှစ်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြီး နံရံနဲ့ ရိုက်သတ်လိုက်တာ "

" ဘုရား... ဘုရား... ရက်စက်လိုက်တာ... အဲဒါကို မေတ်ားဘူးလား "

" ရောင်စုံကို သူသတ်တာတားရင်... ဆက်ပြီး သူသတ်တဲ့ လူက ကိုယ်ဖြစ်သွားမှာပေါ့..."

" ဟင်..."

သိပ်ချစ်ရမယ့် အမြွာညီကိုတောင် သတ်မယ်... ဘယ်လိုလူ သဲ...။ သူ့ကို ချစ်တဲ့စိတ်ကြောင့် သူ့အတွက် စိတ်ပူရပါပြီ။

" ခင်မွန်... ဒီမှာ ခဏနေခဲ့နော်... တွေ့လား... သံစကားကြီး ဘာထားတာ..."

ဟုတ်တာပဲ... ရှေ့မှာ သံစကာကြီးတစ်ခု ပိတ်ကာထားတယ်။ ဒါဟာ အိမ်မကြီးရဲ့ နောက်ဘက် အတော်ရောက်နေပြီ မဟုတ်လား။

" ကိုမိုးခွန်ထူး ဘယ်သွားမှာလဲ..."

" ဒီသံစကာနောက်မှာ... ခွေးတွေလွှတ်ထားတယ်... ခွေးတွေက ကိုယ့်ကိုတော့ မကိုက်ဘူး... ခင်မွန်ပါလာလို့ မရဘူး... သူစိမ်းအဝင်မခံဘူး... ကိုယ် မျောက်လျှောင်အိမ်ထဲက ဇော်ကြီးကို ခွေးထုတ်ခေါ်လာခဲ့မယ်... ဒီမှာစောင့်နေနော်..."

ရုတ်တရက် ခေါင်းညိတ်လိုက်ပေမယ့် ခင်မွန် ကြောက်လာ ပြီ... သူအနီးမှာမရှိချိန်... တိရစ္ဆာန်တွေက အများကြီးပဲ။

" မြန်မြန်ပြန်လာနော်... ခင်မွန် ကြောက်တယ် "

" မကြောက်ပါနဲ့... ဒီနားလေးတင် ကိုယ်အမြန်ဆုံး ပြန်လာမယ်..."

သူက လှစ်ခနဲဆို သံစကာတံခါးသော့ကို ဖွင့်ပြီး ဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ... ပျောက်ကွယ်သွားတာ မြန်လွန်းပါလား။ ခင်မွန် တစ်ယောက်တည်း ကျန်တဲ့အခါမှာတော့... ဟိုကြည့် ဒီကြည့်နဲ့၊ ဘယ်လိုနေရပါလိမ့်... ဒီက အိမ်ရှေ့ ဘယ်လိုပြန်ထွက်ရမလဲ...၊ အုပ်တဲ့တိုင်းကြီး တွေနေပေမယ့် အိမ်ကြီးက ဘယ်ရောက်သွားပြီလဲ...

" ဟင်... မင်း... မင်း... ဘယ်လိုရောက်နေတာလဲ..."

အသံကြောင့် ခင်မွန် တုန်လှုပ်ပြီး အမြန်လှည့်ကြည့်ရပြီ၊

ဦးဒီပ... ဦးဒီပပါလား...

တော်ပါသေးရဲ့...။

" ဟိုလေ... မိုးခွန်ထူးက ဇော်ကြီးကို ပြန်ယူပေးမယ်ဆိုလို့ လိုက်လာတာ "

" ငါ့နှယ်နော်... မင်းဟာ ဘယ်လိုမိန်းကလေးလဲ... ငါ သတိပေးနေတာ... မင်းအတွက်ပေးနေတာ... မင်းပြန်တော့ သွား... ဒီအတိုင်းအမြန်ဆုံး ပြေးတော့ အိမ်ရှေ့တံခါးမကြီး ဖွင့်ထားခဲ့တယ် မဟုတ်လား... နေပါ... ငါလိုက်ပို့မယ်..."

" ကိုမိုးခွန်ထူး ခုပဲပြန်လာမယ် "

" ကောင်မလေး နင်ဟာ ကိုယ့်သေတွင်း ကိုယ်တူးပါ ကော... လာစမ်း "

ခင်မွန့်လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တယ်။ လက်ကောက် ဝတ်တစ်ခုလုံး မှုထူပြီး ပြုတ်ထွက်မတတ် နာကျင်လွန်းတာပါလား

" အား... နာတယ်... မသွားပါဘူး... ဘယ်လဲ "

ဇော်ကြီးကို ပြန်ခေါ်ပြီးရင် ပြန်မှာကို... ဦးဒီပ ဘာလို့ ဒီလောက် ကြမ်းတမ်းရပါသလဲ။

" ဦးဒီပ "

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနှင့်အတူ ခင်မွန်ကို ဆွဲခေါ်နေတဲ့ ဦးဒီပလက်က လွှတ်သွားပါပြီ... နာကျင်နေတဲ့ လက်ကောက်ဝတ်ကို ဂရုမပြုအား ဒီအသံကြောင့် ကြည့်မိတဲ့အခါမှာ...

" ဟင်... ရှင်... ရှင် ရှင်တောထဲအမဲလိုက်သွားတယ်ဆို... ရှင်က ဘယ်က ပြန်ရောက်လာတာလဲ..."

မျိုးခွန်ထူးကို မြင်လိုက်ရတာ ခင်မွန့်တစ်ကိုယ်လုံးက သွေးကြောတွေ ရပ်ဆိုင်းသွားသလား မှတ်ရပါတယ်။

"ခင်မွန်လတ်ကို မြင်ရတာ... ကြည်နူးချမ်းမြေ့လိုက်တာကွာ"

" ကိုမိုးခွန်ထူးရော... ကိုမိုးခွန်ထူး ဘယ်မှာလဲ "

" မိုးလေး... ဟုတ်လား... မိုးလေး... ခုလောက်ဆို မင်း ချစ်တဲ့ မိုးလေးတစ်ယောက် လောကကြီးနဲ့ အဆက်ပြတ်ပြီးတော့..."

" ဟင် ရှင် သူ့ကို ဘာလုပ်လိုက်တာလဲ..."

" ဦးဒီပ... ဒီမှာ ဘာရပ်လုပ်နေတာလဲ... ခင်ဗျားရော... ခုံးသုံးကြီးရဲ့ လှောင်အိမ်ထဲ ဝင်ချင်ပြီ ထင်တယ်..."

မျိုးခွန်ထူးက ဒီလိုပြောလိုက်တာနဲ့... ဦးဒီပက ခင်မွန့်ကို တစ်ချက်ကြည့်ပြီး သက်ပြင်းရှိုက်လို့ လှည့်ထွက်သွားပါရော။

" ဦးလေးဦးဒီပ နေပါဦး... နေဦးလေ..."

" သူ့ကို မင်းတားလို့မရပါဘူး ခင်မွန်လတ်... ဘယ်လို ဖြစ်တာလဲ ကိုယ်နဲ့မင်းနဲ့ နှစ်ယောက်တည်း စကားပြောမယ်လေ"

" ဟင်... ရှင်နဲ့ ပြောစရာ ဘာမှမရှိဘူး... ခင်မွန်ပြန်မယ်"

လာရာလမ်းဆီ လှည့်ပြီး အပြေးထွက်တဲ့အခါမှာတော့ အမေလေးလို့ အော်မိပြီး ခင်မွန်ဟာ သူ့ရင်ခွင်ထဲမှာ ရောက်နေပါ ပြီတော့။ နောက်ကနေ သိမ်းကြုံးဖက်ထားတာ နည်းနည်းလေးမှ

www.burmeseclassic.com

www.burmeseclassic.com



ရွေလျှားမရတော့။

" ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးကို ကိုယ်မရက်စက်ချင်ဘူး– ငြိမ်ငြိမ်လေးနေနော်... အော်လည်းမအော်နဲ့ အော်လို့လည်း ဘယ်သူမှ မကြားဘူး..."

" လွှတ်... ခင်မွန် ပြန်ပါရစေ... တောင်းပန်ပါတယ်..."

" နေပါဦးကွာ... ကိုယ့်အနားကို ရောက်လာပါလျှက် ပြန်မလွှတ်ရက်ပါဘူး..."

" ရှင် ကိုမိုးခွန်ထူးကို ဘာလုပ်လိုက်ပြီလဲ..."

" မိုးလေးကို သိပ်ချစ်တာပဲလား... တော်တော့ မိုးလေး အကြောင်း နောက်ထပ် မကြားချင်ဘူး..."

ရုတ်တရက် ဆိုသလို ခင်မွန့်ကို နောက်ကနေ လည်ပင်းကို သိုင်းဖက်လိုက်ပြီ...။

ဖျတ်ခနဲ ခင်မွန့် အသိစိတ်တွေ လွှတ်ပြီး ဘာဆို ဘာမှ မသိတော့တဲ့ အမှောင်တစ်ခုဆီ ရောက်သွားခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်ပြီ...

အသိစိတ်နှင့်အတူ ထိတ်လန့်ခြင်းက ဦးဆုံး ရောက်လာတော့ ပါလား။ ဒါဘယ်နေရာလဲ... မျိုးခွန်ထူးရော။ ခင်မွှန် ဘယ်လို ခေါ်ဆောင်သွားခဲ့သလဲ။

အခန်းကျယ်ကြီး တစ်ခုပါလား...

တစ်ခန်းလုံး ရှင်းနေလိုက်တာ... ဘာပစ္စည်းမှ မရှိပါဘူး။ ခင်မွှန့်ကို ဒီအခန်းကျယ်ကြီးထဲမှာသာ ထားတာပါ... ဘာမှတော့ မလုပ်ထားပါဘူး...။ ဒါကြောင့် အခန်းထဲကနေ ထွက်လို့ရမလား တံခါးကို တွန်းကြည့်လည်း မရ...။

ဒုက္ခပဲ...။

အခန်းထဲမှာ တံခါးအားလုံး ပိတ်ထားပါလျက် အလင်းရောင် ဆောင်းကောင်း ရနေပါတယ်။ အလင်းရောင် လာရာကို မော့ကြည့် တော့ ခေါင်းမိုးပေါ်မှာ မှန်ပြတင်းရှိနေပါလား။ ဒီအခန်းဟာ ကြည့်ရတာ အိမ်ကြီးရဲ့ အပေါ်ဆုံးအမိုးနဲ့ အနီးဆုံး နေရာမှာပါ...။

တံခါးဖွင့်သံကြောင့် လှည့်ကြည့်မိတယ်...

“ ခင်မွှန်လတ်... နိုးပါပြီနော်...”

“ ရှင်... ဘာကြောင့် ခင်မွှန့်ကို ဒီလိုခေါ်ထားရတာလဲ... ပြန်ခယ် ပြန်ပါရစေ...”

www.burmeseclassic.com

www.burmeseclassic.com



" နေပါဦး ခင်မွန်ရယ်... ကိုယ့်အိမ်ကို လာလည်တာများ အေးအေးဆေးဆေး နေပါဦးလား..."

" ခင်မွန် ပြန်ချင်တယ် "

" နေပါဦး..."

အနားဆီကို သူ တိုးလာတဲ့အခါမှာတော့... ခင်မွန် နောက်ကို တရွေ့ရွေ့ ဆုတ်ရင်းကနေ နံရံနားကပ်နေပြီ။ သူက ခင်မွန့်ကို ပြုံးကြည့်နေလိုက်တာ... သိပ်တူတဲ့လူနှစ်ယောက်အပေါ် ခင်မွန့် ခံစားချက်ဟာ... ဘာလို့များ တစ်ဘက်စွန်းဆီ ရှိနေပါလိမ့်။

" ဖယ်ပါ... ခင်မွန့်ကို ဒီလိုမျိုး..."

" နေပါဦး... မိုးလေးနဲ့ ဇော်ကြီး ဘာဖြစ်သွားပြီလဲ မင်းမသိချင်ဘူးလား..."

" ဘယ်မလဲ ဘယ်မလဲ သူတို့ ဘယ်မလဲ... သူတို့ကို ရှင် ဘာလုပ်လိုက်ပြီလဲ..."

" သိပ်သိချင်တာပဲလား "

မျက်နှာကလည်း မုန်းဖို့ကောင်းလိုက်တာ။ ကိုမိုးခွန်ထူး ပြောတော့ ဒီလူမရှိဘူးဆို... ဘယ်လိုရောက်လာလဲ... ပြီးတော့ ကိုမိုးခွန်ထူးကို သတ်များသတ်လိုက်ပြီလား။

" ရှင်... ရှင်က ကိုမိုးခွန်ထူးကို ဘာလုပ်လိုက်တာလဲ... သူဟာ ရှင်ရဲ့ ညီလေ... ညီမှ အမွှာညီပါဆို..."

မျိုးခွန်ထူးမျက်နှာက ခင်မွန့်မျက်နှာနားကပ်လာတော့ ကြောက်ကြောက်နှင့် သူ့ကို တွန်းပစ်လိုက်တာ... နည်းနည်း နောက်ကို ယိုင်သွားပေမယ့် ချက်ချင်းဆိုသလို ခင်မွန့်ပခုံးစွန်း နှစ်ဘက်ကို ဆုပ်ကိုင်ပြီး ဘာပြောလဲဆို...။

www.burmeseclassic.com

www.burmeseclassic.com



" ညီ ဟုတ်လား... အမြွာညီ... အဲဒါနဲ့ ချစ်ရလေသလား... ဒီကောင်က အမေ့လူပါ... အမေ့ရဲ့ သိပ်ချစ်တဲ့ သားကလေးလေ... အမေက မိုးလေးမှ မိုးလေး... အမေက ငါ့ကျတော့ ချစ်ပါဘူး... ငါ့ကို အဖေကမှ ချစ်တာ... အဖေကတော့ ငါ့ကိုသိပ်ချစ်ပါတယ်... "

မျိုးခွန်ထူးရဲ့ တိုးတိုး ပြောရင်း ခင်မွန့်ကို မခြင်သလို ကြေကွဲ တွေဝေနေတဲ့ မျက်ဝန်းတွေကို ကြည့်နေမိပါတယ်။ ဒီလူမှာ ဘယ်လို ခံစားချက်တွေများ ရှိပါလိမ့်။

" အဖေနဲ့ အမေက မချစ်ကြဘူး... ဘယ်လောက်ထိ ချစ်လဲ သိလား... အမေ့ကြောင့် ငါသိပ်ချစ်တဲ့ အဖေ ဘာဖြစ်သွားလဲ... အဖေ ဘာဖြစ်သွားလဲ... မင်းသိလား "

" အိုး... ခင်မွန် ဘယ်သိမလဲ "

" မင်းမျက်ဝန်းထဲမှာ မြင်ကြည့်စမ်း... အဖေ့ခြေထောက်က မြေကြီးနဲ့ လွတ်နေတယ်... လေတိုက်လိုက်တော့ ကြိုးကတရမ်းရမ်းနဲ့ အဖေ့ဇက်ကြီးက ကျိုးလို့ မျက်လုံးကြီးက ပြူးလို့... လျှာကြီးက ထွက်ပြီးတော့ အဖေကလေ... အဖေက ငါ့ကိုကြည့်နေတာပေါ့... ငါကလည်းလေ အဖေ့ကို ကြည့်ရင်း ကြည့်ရင်း ပျော်လာသလိုမဲ... "

" ဟင် "

ခင်မွန့်ကြောက်ရွံ့ထိတ်လန့်မှုက ပိုလာပါပြီ။ မဟုတ်တော့ဘူး ဒီလူဟာ ဟုတ်ကော ဟုတ်ရဲ့လား။ ဒီလူစိတ်မှန်ရဲ့လား။ ခင်မွန့်ပခုံးကို ဆုပ်ကိုင်ထားတဲ့ သူ့လက်ကို အမှတ်မထင် မြင်တဲ့အခါ...။

" ဟင် ဒီဒဏ်ရာ ဒီဒဏ်ရာ "

လက်ကောက်ဝတ်ကနေ တံတောင်ဆစ်နားထိ ရောက်နေတဲ့ ရှည်လျားကြီးမားသော ဒဏ်ရာ။

www.burmeseclassic.com

www.burmeseclassic.com



" ဒီဒဏ်ရာက ရှင့်ဆီမှာလည်း ရှိတယ် "

" ဒီဒဏ်ရာလား... ရှိတယ်လေ... မိုးလေးမှာလည်း ရှိတယ်.. မိုးလေးကို ဘုရောင်နီက ကိုက်တယ်... ဒီတော့ ကိုယ်က ဘုရောင်နီကို အပြစ်ပေးတဲ့အနေနဲ့ လှောင်အိမ်ထဲကို ဖမ်းထည့်လိုက်တယ်... ဘုရောင်နီကလည်း အကြောက်ကြီးပြီး ကိုယ့်ကို ထပ်ကိုက်ပြန်တယ်... နောက်ဆုံးတော့ သူဟာ သနားစရာပါပဲ... ကိုယ့်ကို ထိခိုက်စေတဲ့ သတ္တဝါအားလုံးဟာ နောက်ဆုံး ဒီလမ်းပဲ သွားကြရတယ်..."

ဒုက္ခပဲ... ခင်မွန် သိပ်ကို ကြောက်ရွံ့ထိတ်လန့်စွာ မျက်ရည်တွေသာကျရင်း ဘာလုပ်ရမယ်မသိ။ ဒါကို သူက မငိုပါနဲ့ကွာ မင်းမျက်ရည်က ကိုယ့်ကို ကျဉ်နေအောင် ခံစားရစေသတဲ့။

" ဖော်ကြီး ဘယ်ရောက်သွားပြီလဲ ကြည့်မလား "

" ဟင့်အင်း... ဟင့်အင်း..."

" မရဘူး... ကြည့်ရမယ်... ဖော်ကြီး ဘယ်ရောက်သွားပြီလဲ ဆိုတာ သိရမှ မင်းကို ငါကပြောပြရဦးမှာ... တကယ်လို့ မင်းက ငါ့ကိုချစ်မယ်ဆိုရင် မိုးလေးကို ငါလွှတ်ပေးမယ်... မင်းက ငါ့ကို မချစ်ဘူးဆိုရင်... မိုးလေးကိုပါ ဖော်ကြီးရောက်သွားတဲ့ နေရာ ပို့ပေးမယ်... လာလိုက်ခဲ့..."

" မလိုက်ဘူး... မလိုက်ဘူး ခင်မွန် ကြောက်တယ်... မလိုက်ပါရစေနဲ့ "

ဘယ်လိုငြင်းငြင်း မရ... ခင်မွန့်လက်ကို အတင်းဆွဲခေါ်ပါလေရော။ ရုန်းလည်းမရ။ တရွတ်ဆွဲ ပါနေတာ။

မင်းနော်... ကောင်းကောင်းလိုက်ချင်လိုက် မလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပခုံးပေါ်ထမ်းခေါ်သွားမယ် ဘာမှတ်လဲ ခင်မွန်လတ်တဲ့...။ ဒါ ဘယ်နေရာလဲ... အခုရော ဘယ်အချိန်လဲ။ ညီရော ညီ ပြန်ရောက် လာပြီလား...။ ကိုမိုးခွန်ထူးရော...။

" ဟိုမှာကြည့်စမ်း "

သူကကြည့်ဆိုပေမယ့် ခင်မွန် ရုတ်တရက် မကြည့်ရဲပါဘူး။

" ကြည့်လေကွာ... ကြည့်... ဖော်ကြီး ဘယ်ရောက်သွားပြီလဲ ဆိုတာ... ကြည့်... ကြည့်မလား မကြည့်ဘူးလား... မင်းမကြည့်ရင် တော့..."

ခင်မွန့်ကို အတင်းဖက်ထားပါပြီ။ ခင်မွန့်ဘဝတော့ အဆုံးခံရ တော့လေမလား။ ဟင့်အင်း... ဒါကြောင့် သူကြည့်ဆိုတဲ့နေရာ ကြည့်လိုက်တဲ့အခါ...။

သံစကာ လှောင်အိမ်ကြီးမှာ။

ခင်မွန့်စိတ်မှာတော့ ကျားသစ်ကြီးတစ်ကောင် တွေ့ရမယ်လို့ ထင်ထားခဲ့သမျှမှာ...။

" အမလေး..."

" တွေ့ပြီလား... ကိုယ့်စကားနားမထောင်တဲ့ အကောင်တွေ ဘယ်ရောက်သွားတယ်ဆိုတာလေ... ဘယ်လိုလဲ... မင်းသိပ်ချစ်တဲ့ မိုးလေးခမျာ အဲလိုဘဝကို ရောက်သွားရင်..."

" ရှင်... တော်ပါတော့... တော်ပါတော့ "

ခင်မွန် တစ်ကိုယ်လုံး တုန်ရင်ပြီး ဒူးတွေလည်း ခွေညွှတ်လို့။ သူက ခင်မွန့်ကို ပခုံးကနေ ဆုပ်ကိုင်မြှောက်ထူပြီး ရယ်နေလိုက်တာ။ မျိုးခွန်ထူး... မျိုးခွန်ထူးဟာ စိတ်မမှန်ရဲ့လား။ ဘာလို့ ဒီလောက် ရက်စက်နိုင်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သံစကားကြီးနားထိ ခင်မွန့်ကို အတင်းဆွဲခေါ်နေပြီ။

မလိုက်ဘူး... မလိုက်ဘူး ခင်မွန်ကြောက်တယ်...

သံစကာရဲ့ထောင့်မှာတော့ ကြီးမားသော ကိုယ်လုံးကြီးနှင့် ဝမ်းဗိုက်နေရာမှာ ဖောင်းပွနေသော အခွေလိုက် စပါးကြီးမြွေကြီးက ငြိမ်သက်စွာ စောင့်ဆိုင်းနေသလိုပါလား။

" ခင်မွန်လတ်ကို ချစ်တယ်..."

သူ့ဘာသာ ချစ်တာမချစ်တာ ခင်မွန် ဂရုမစိုက်နိုင်တော့... ထိတ်လန့်ခြင်းရဲ့ အဆုံးစွန်အဖြစ် ခင်မွန့်အသိစိတ်အားလုံး မှောင်အတိကျသွားခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

" မဟုတ်သေးပါဘူး... မောင်မျိုး... ဦးလေး တောင်းပန် ပါတယ်..."

အသံ့ရှာစ်သံက နားထဲမှာ တိုးလိုက်ကျယ်လိုက် ကြားနေ ရပါလား။ ခင်မွန့်ရဲ့ ပထမအသိစိတ်မှာတောင် ကြောက်ရွံ့ခြင်းတွေပဲ ရှိပါတယ်။ မျက်ဝန်းတွေကို ဖွင့်ကြည့်တဲ့ အခါမှာတော့... ဒါကရော ဘယ်နေရာလဲ...။ ခင်မွန်က ခွေခွေလေး လဲနေပြီး.. အနီးမှာ ချိုးခွန်ထူး ရပ်နေတယ်။

" ဦးလေးတောင်းပန်နေတာ မင်းအတွက်ပါ... ဒီကလေးမကို မင်းတကယ်မေတ္တာစစ်နဲ့ ချစ်ရင် ပြန်လွှတ်ပေးလိုက်ပါ... နောက်မှ မင်းအချစ်ကို ရိုးသားစွာ ပြောပြီး တောင်းယူပေါ့..."

" ရိုးသားစွာ... မိုးလေးကိုမှ ချစ်ပါတယ်ဆိုတဲ့ ဒီမိန်းမက ကျွန်တော့်ကို ချစ်မတဲ့လား... တော်စမ်းပါ..."

ခင်မွန့်ကို ကြည့်နေပြီးတော့မှ ဆွဲထူယူလိုက်ပါတယ်... ဒါကရော ဘယ်နေရာလဲ။ ထိတ်လန့်စိတ်ကြောင့် ခင်မွန် သိစိတ် လျှော့ရှားနိုင်တော့သလိုပါလား...။ ခြေထောက်တွေလည်း မခိုင်သမျှ သူ့ရင်ခွင်မှာ... အသိစိတ်ရှိတယ် ဆိုရုံပဲ ရှိတော့တာ...။

" ချစ်စရာ ချစ်စရာ... ဘယ်အရာကရော ချစ်စရာကောင်း သို့လဲ... အချစ်ကရော ဘယ်လောက် အဓိပ္ပါယ်ရှိသလဲ... ခင်လိုက်ကြ တာ... ချစ်လိုက်ကြတာ ချစ်လွန်းလို့ မခွဲခွာနိုင်ပဲ အထူး...

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ရရင် ဘာယ်မလဲ အချစ်... အဲဒီ့အချစ်ကြီးက လူကိုသတ်ရော... အဲဒီ့အချစ်ကြီးက လူကို ကြိုးတစ်ချောင်းနဲ့ လေထဲမှာ တန်းလန်းကြီးဖြစ်အောင် လုပ်တတ်တာလေ..."

ပြောရင်းက တဟားဟား ရယ်နေပါတယ်။ သူ နောက်က သိမ်းကြိုးဖက်ထားသမျှ... ခင်မွန်ကတော့ ကြိုးပြတ်နေတဲ့ အရုပ်ကလေးလို ယိုင်နဲ့လို့...။

" အချစ်ကြီးက ယုံစရာမရှိပါဘူးဆိုမှ ဒီမိန်းမကို ချစ်မိတယ်... အဲဒီ့မိန်းမကရော... ငါ့ကိုမချစ်ပဲ ဘာလို့ မိုးလေးမှ ချစ်ရသလဲ... ငါကတော့ အချစ်ကြောင့် လေထဲမှာ ကြိုးတန်းလန်းနဲ့... နေမယ့်လူမဟုတ်ဘူး... ငါ့အချစ်ကို ဟန့်တားတဲ့လူမှန်သမျှ မိုးလုံးကြီး အစာအဖြစ် ကျွေးပစ်မယ်..."

" ဒီမိန်းကလေးက မောင်မိုးကို မချစ်ပါဘူးကွယ်... သူက မောင်မျိုးကိုချစ်တာပေါ့... မင်းက ချိုချိုသာသာ နူးနူးညံ့ညံ့ပြောမှပေါ့..."

" လာပြောမနေနဲ့ ဦးဒီပ... ခင်ဖျားသွားတော့... ဦးလေးဆိုတဲ့ အသိစိတ်လေးတစ်ခုကြောင့်... မသတ်ရက်လို့ ဒါပေမယ့် အမေ့မောင်ဆိုတော့ မိုးလေးကိုမှ သိပ်ချစ်တဲ့လူတွေပါဗျာ... သိပ်စိတ်ဆိုးလာရင်တော့ ခွင့်လွှတ်စရာအကြောင်းမရှိဘူး... သွားပါတော့..."

ဦးဒီပက ခင်မွန့်ကို ကြည့်လိုက်ပါတယ်... ပြီးတော့မှ လှည့်ထွက်သွားမယ်လို့ လုပ်တဲ့အခိုက်မှာတော့ ရုတ်တရက်ဆိုသလို အပေါ်ဘက်တန်းပေါ်ကနေ ဖျတ်ခနဲ ခုန်ချလာတဲ့ အရိပ်တစ်ခု...။ အဲဒီ့အရိပ်ဟာ ဆိုးဝါးစွာ အော်မြည်ရင်း မျိုးခွန်ထူးရဲ့ မျက်နှာပေါ်ကိုမှ ပြင်းထန်သော အရှိန်နဲ့ ခုန်ချလာတာ...။

" ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပကလည်း အခွင့်အရေးကို လက်လွှတ်မခံ။ ဖျတ်ခနဲဆို အနားမှာရှိတဲ့ခုံကိုဆွဲယူလို့ မျိုးခွန်ထူးခေါင်းကို ရိုက်ထည့်လိုက်ပါပြီ။

" ကလေးမ... လာ... လာ... အမြန်လာ..."

" ဖေကြီး... ဖေကြီး..."

မျိုးခွန်ထူးအပေါ် ခုန်ချလိုက်တဲ့ ဖေကြီးကလည်း လျှင်သလားမပြောနဲ့... ခင်မွန့်လက်ကိုဆွဲပြီး ပြေးလိုက်လာပါရော...။ ခင်မွန်က အလဲလဲ့အပြိုပြို ဖြစ်နေသမျှ ဦးလေးဒီပက ဆွဲထူရပြန်တယ်...။

" လာ... ဒီဘေးမှာ အပေါက်ရှိတယ်... လာ..."

ဦးဒီပကို မှီခိုရင်း... ပြန်လာခဲ့ရပါပေါ့...။ အလဲလဲအပြိုပြိုနဲ့ ဘယ်လိုမှကို မဟန်နိုင်ပါဘူး။

" ဦးလေး... မျိုးခွန်ထူး သတိရလာရင် ဦးလေးကို ဒုက္ခပေးလိမ့်မယ်... မပြန်ပါနဲ့ မဟုတ်သေးပါဘူး... မိုးခွန်ထူးရော သူ့ကိုရော... ဘာလုပ်လိုက်ပြီလဲ... မြွေစာကျွေးပစ်လိုက်ပြီလား ဘုရား... ဘုရား..."

ကြီးမားတဲ့ မြွေကြီးရဲ့ ဖောင်းကားလုံးဝန်းနေသော ဗိုက်ကြီးထဲက အစဟာ...

ခင်မွန်ချစ်သော မိုးခွန်ထူးပါလား...။

ခင်မွန့်ရင်ထဲမှာ... တင်းကျပ်ဆို့နင့်လာလိုက်တာမှာ... မျက်ဝန်းတွေလည်း ပြာဝေပြီး တရွေ့ရွေ့ လဲကျသွားတာမှာ ဖေကြီးရဲ့ ဒူးရှတဲ့ အော်သံကို နောက်ဆုံးကြားရပြီး ခင်မွန့်ကမ္ဘာလေးဟာ နောက်တစ်ခါ အမှောင်အတိကျသွားပြန်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

•

" ခင်မွန်… ခင်မွန် "

ခေါ်သံက အဝေးကြီးမှာလိုပါပဲ။ ခင်မွန်တဲ့ ဘယ်သူ ခေါ်နေတာလဲ…။ ရောင်စုံထင်တယ် ရောင်စုံဆိုတဲ့ ကြက်တူရွေးလေးက ခင်မွန့်နာမည်ကို ခေါ်တတ်တာပဲလေ…။ ခင်မွန်တဲ့… ခေါ်နေပြန်ပြီ။

" ဘယ်သူလဲ ခင်မွန့်ကို ဘယ်သူခေါ်တာလဲ… ရောင်စုံ လားဟင် "

" ခင်မွန်လေးကလည်းကွယ်… ကိုယ့်ချစ်သူအသံကိုတောင် မသိဘူးလား… ခင်မွန့်ကို ကိုယ်ခေါ်တာပါ… မိုးခွန်ထူးပါ "

ဟင်… ချစ်သော မိုးခွန်ထူးအသံ…

ဟုတ်ပါရော။ ချစ်သူ့အပြုံး အကြင်နာ နူးညံ့မှုတွေ ခင်မွန့် ရင်ကို တသိမ့်သိမ့်ခုန်စေသမျှ မေ့သွားစရာလား။

" ကိုမိုး… ဘယ်မှာလဲ "

" ဒီမှာလေ "

" ဘယ်မှာလဲ… ခင်မွန် မတွေ့ဘူး "

" ဒီမှာပါ… "

ဘယ်မှာလဲ။ အသံကြားရပြီးတော့… လူကိုမတွေ့ရလို့ ကြည့်မိတဲ့အခါ…။

ကြီးမားတဲ့ မြွေကြီးရဲ့ ဝမ်းဗိုက်ဖောင်းဖောင်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



တလှုပ်လှုပ်နဲ့ပါလား...။ ပြီးတော့ အဲဒီဝမ်းဗိုက်ကြီးထဲကနေ အသံက ထွက်နေတယ်။ ကိုယ် ဒီမှာလေ... ကိုယ် ဒီမှာလေတဲ့...။ ကိုယ့်ကို ချစ်တယ်ဆို ခင်မွန်လည်း ကိုယ်ရှိရာ အတူလာနေမှပေါ့။

" ကိုယ့်ကို ချစ်တယ်ဆို အတူတူနေကြမယ်... လာပါ..."

အသံကိုကြားရပြီး မြွေကြီးက ခင်မွန့်ဆီကို တရွေ့ရွေ့ လာနေပါရော...။ ကြောက်စိတ်ရဲ့ အထွဋ်အထိပ်ဟာ ခင်မွန့် နှလုံးသား တွေ ရပ်ဆိုင်းသွားသလို... လိပ်ပြာလွင့်မတတ်ဆိုတာ ဒါမျိုးလား။

" အား... အမလေး... ကြောက်တယ် ကြောက်တယ်..."

" ခင်မွန် မကြောက်နဲ့လေ... မကြောက်နဲ့ မကြောက်နဲ့..."

တင်းတင်းကျပ်ကျပ် ဖက်ထားလို့ ကြည့်မိတဲ့အခါမှာ...

" ညို... ညို... ညိုပါလား ညို... ခင်မွန် ခင်မွန် "

" မငိုနဲ့ ခင်မွန်... မငိုနဲ့ တိတ်ပါ... တိတ်ပါ... တိတ် ညိုရှိတယ်... ဘာမှမကြောက်နဲ့... ညိုရှိနေပြီ မငိုနဲ့... မင်းဖျားနေတယ် တိတ်..."

ညို့ရင်ခွင်မှာ အကြာကြီး ငိုနေမိသေးတယ်။

ခင်မွန့်ကိုကြည့်နေတဲ့ ဒေါ်ဒေါ်လှကိုလည်း တွေ့ရပါတယ်။

" ညို... မင်းသိလားဟင်... သူမရှိတော့ဘူး... သိလား သူ့ကိုလေ သူ့ကို..."

ခင်မွန် နှုတ်ဖျားမှ မပြောရက်အောင်ပါပဲ။ ခင်မွန်ချစ်သော ဒီခွန်ထူးရဲ့ ကြေကွဲဖွယ်ရာ နောက်ဆုံးအချိန်ကို ညို့ကို ပြောပြနိုင် လောက်တဲ့ အင်အားတောင်မှ မရှိပါလား။ မျက်ရည်တွေသာ အတွေတွေကျလို့...။

" ခင်မွန်... ညိုပြောမယ်... မင်းသေချာနားထောင်နော်...

www.burmeseclassic.com

www.burmeseclassic.com



အခု မင်းဖျားနေတယ်... မင်းအဖျားတွေတက်ပြီး သတိလစ်နေတာ တစ်ရက်ကျော်ကျော် သတိကိုမရတာ... ဒီတော့ အခုလောလောဆည် ခင်မွန် အနားယူဖို့လိုတယ်... မိုးခွန်ထူး မသေပါဘူး..."

"ဟင် ဘာပြောတယ်... သူမသေဘူး ဟုတ်လားဟင်... သူမသေဘူး... ဝမ်းသာလိုက်တာ... ဒါဆို ဒါဆို မြွေကြီးစားထားတာ"

"အဲဒါ တိရစ္ဆာန်ပါ လူမဟုတ်ပါဘူး..."

"တိရစ္ဆာန် တိရစ္ဆာန်... ဖော်ကြီး ဖော်ကြီးရော"

"မင်းရဲ့ကယ်တင်ရှင်ကြီးလည်း အိမ်မှာရှိပါတယ်... ဒေါ်ဒေါ်မြနဲ့ ထားခဲ့တယ်..."

"သူလည်းမသေဘူး... ဖော်ကြီးလည်း ရှိတယ်... တကယ်လား..."

"တကယ်ပေါ့ ခင်မွန် တကယ်... ခုတော့ မင်းတစ်ရေးလောက်အိပ်ဦး... နိုးလာရင် အကုန်ပြောပြမယ်..."

"ခင်မွန် မအိပ်ပါရစေနဲ့တော့ ငြိမ်ငြိမ်လေး လှဲရင်းနားနေပါမယ်... နောက်တစ်ခါ အိပ်ပျော်ရင် အိပ်မက်ဆိုးတွေမက်ဦးမှာ... ကြောက်လို့ပါ... ပြောပါညီုရယ်..."

ညီုက ခင်မွန်နဲ့အတူ ဘေးမှာလှဲအိပ်နေတယ်။ ညီုကို ဖက်ထားရတာ အားရှိလိုက်တာ။ အမြဲလိုလို ခင်မွန့်ကိုသာ ညီုက မှီခိုခဲ့တာ။ ခုတစ်ခါတော့ ညီုကို မှီတွယ်ရတာ ခင်မွန့်အတွက် အားရှိလွန်းပါလား။

"ဦးဒီပနဲ့ ဖော်ကြီးဟာ ခင်မွန့်ရဲ့ ကယ်တင်ရှင်တွေပါ... ဦးဒီပဟာ သူ့တူကို သနားစိတ် ချစ်ခင်စိတ်နဲ့... ဒီလောက်သည်းခံပြုစုလာရှာတာပါ..."

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဦးဒီပက ညို့ကို အားလုံးရှင်းပြခဲ့တယ်တဲ့…။ သူ့အဖိုးဟာ သစ်တောဝန်ထောက်ကြီး ဖြစ်သလို သူ့အဖေကတော့ သူ့လို တိရိစ္ဆာန်ဆေးကုဆရာဝန်ကြီးပဲလို့ ဆိုပါတယ်။

" သူ့အဖေနဲ့ သူ့အမေရဲ့ တစ်ဦးတည်းသော သားကလေး မိုးခွန်ထူးဟာ… ဘဝမှာ ပျော်ရွှင်စွာ နေခဲ့ရတာ အသက်တစ်ဆယ့်နှစ်နှစ်လောက်ထိပါပဲတဲ့…"

" ညိုကလည်းလေ… ဘာတစ်ဦးတည်းသောသားလဲ… ကိုလူဆိုးအစ်ကို ရှိနေတာကို "

" နားထောင်ပါဦး ခင်မွန်ရယ်…"

ညိုပြောနေတာတွေ စိတ်ဝင်စားနေပေမယ့် မျက်ဝန်းတွေကတော့ ပင်ပန်းလွန်းလို့လား မှေးစင်းကျစ ပြုလာပါတယ်။ သူ့အဖေက တိရစ္ဆာန်တွေကို ချစ်သလို ဒဏ်ရာရတဲ့ တိရစ္ဆာန်တွေကို ဆေးကုပေးခြင်း အိမ်မှာ မွေးမြူထားခဲ့တယ်တဲ့…။ သစ်တောကြီးထဲက ယူလာတဲ့ မြွေပေါက်စလေး တစ်ကောင် ရှုးသွားတာကို တွေ့ပြီးတဲ့နောက်မှာ သူ့အမေဟာ အိမ်မှာ တိရစ္ဆာန်တွေ မွေးမြူတာဟာ… သူ့အတွက် အန္တရာယ်ရှိတယ်ဆို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သတဲ့။

ပြီးတော့ ကိုယ်ရေးကိုယ်တာ အကြောင်းတွေလည်း ရှိရာက သိပ်ချစ်တဲ့အဖေနဲ့အမေဟာ တကျက်ကျက် ရန်ဖြစ်တတ်လာခဲ့သတဲ့…။ မပြေလည်တဲ့ မိဘနှစ်ယောက်ရဲ့ ရန်ပွဲတွေဟာ မိုးခွန်ထူးရဲ့ နှလုံးသားကို နာကျင်ပင်ပန်းစေခဲ့တယ် ဆိုပါလား…။

ကိုယ်ချင်းစာနာပါတယ်။

သူ ပင်ပန်းနာကျင်ရတာကို ခင်မွန့်စိတ်မှာလည်း ထပ်တူညီ ခံစားရသလိုပါလား…။

www.burmeseclassic.com

www.burmeseclassic.com



မီဘာတွေရဲ့ မပြေလည်မှုကြားမှာ မြေဇာပင်လို ဖြစ်ရတဲ့ ကလေးတွေရဲ့ဘဝကို ခင်မွန်စာနာပေမယ့်… အဖေနဲ့အမေ ရန်ပွဲကို တော့ ခင်မွန် မတွေ့ဖူးခဲ့တာအမှန်။ ကြေကွဲထိခိုက် နာကျင်နေမယ့် သူ့ပုံစံလေးကို မြင်ယောင်ပေမယ့် မျက်ဝန်းတွေက စင်းကျလာတော့ ဘာမှမသိတော့ပြန်ပါဘူး…။

www.burmeseclassic.com

www.burmeseclassic.com

ခင်မွန်မျက်ရည်ကျရပါပြီ...

သနားလိုက်တာ...။ သူ့အဖေနဲ့ အမေရဲ့ အကြီးအကျယ်ထားများတဲ့ အချိန်မှာ သူ ဘယ်လောက်ပင်ပန်း နာကျင်နေမလဲ။ နောက်တစ်နေ့မှာတော့ သူ့အဖေက သူ့ကိုခွဲခွာသွားခဲ့သတဲ့။ သေဆုံးနေပြီဖြစ်တဲ့ သူ့အဖေကို ကြည့်ရင်း ကြည့်ရင်း သူဟာ အတွေးတွေ လွဲမှားလာလိုက်တာ... အဖေသေဆုံးတာ အမေနဲ့မှုဖြစ်လို့ဆို အိပ်ရာပေါ်လဲသွားတဲ့ အမေကို မချစ်တော့တဲ့... မိုးခွန်ထူးဆိုတဲ့ လူတစ်ယောက် ဘဝပါ ပြောင်းလဲသွားသတဲ့။

" သူ့စိတ်မှာ ကြင်နာတတ်တဲ့ မိုးခွန်ထူးဖြစ်လိုက်... ကျော်စက်တတ်တဲ့ မျိုးခွန်ထူး ဖြစ်လိုက်... တစ်ယောက်တည်းကနေ အမျိုးမျိုး ပြောင်းလဲနေခဲ့တာတဲ့လေ..."

" သူ ဒီလိုနဲ့ ဘွဲ့ရသည်ထိတော့ စာသင်နိုင်ခဲ့သားလား"

" ဖြစ်ကာစကတော့ ဒီလောက် မဆိုးဘူးပေါ့ကွာ... ဒါပေမယ့် တဖြည်းဖြည်း ဆိုးလာတာ... ဘွဲ့ရပြီး အိမ်ပြန်ရောက်ချိန်မှာတော့ အိမ်ပြန်ရောက်လေ... သူ့အတိတ်က အဖေနဲ့အမေအဖြစ်တွေကို ပြန်ခံစားလေနဲ့ ပိုဆိုးတာပေါ့..."

" သူဟာ မိုးခွန်ထူးဘဝမှာ... အမေကို ပြုစုခဲ့တဲ့ သားလိမ္မာလေး... အကြင်နာကြီးပြီး ဒဏ်ရာရတဲ့ တိရစ္ဆာန်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုပေးတဲ့ လူတော်လေးတစ်ယောက်ပါ... ဒါပေမယ့်... အဖေ့အဖြစ်ဆိုးကို သတိရပြန်ရင်... ပြန်ပြီး ကြမ်းတမ်းသွားတဲ့ ရက်စက်ရိုင်းစိုင်းပြီး တိရစ္ဆာန်တွေကို သတ်ချင်နေတဲ့ မျိုးခွန်ထူး ဖြစ်သွားပြန်ပါရော..."

ခင်မွန် မယုံနိုင်လောက်အောင်ပါပဲ... ခင်မွန်တွေ့ခဲ့တဲ့ မိုးခွန်ထူးနဲ့ ခင်မွန် ကြည့်မရခဲ့တဲ့ မျိုးခွန်ထူးဟာ တစ်ယောက်တည်း ဆိုပါလား။ သူတို့နှစ်ယောက်ရဲ့လက်က တူညီတဲ့ ဒဏ်ရာကြီးကို မြင်တာတောင် ခင်မွန် မရိပ်မိခဲ့ပါလား။

" အဲဒီမြွေကြီးကိုလည်း ခပ်ငယ်ငယ်ဘဝက တောထဲမှာ ဒဏ်ရာနဲ့ တွေ့ခဲ့ရလို့ မိုးခွန်ထူးက သနားပြီး ခေါ်လာတာ... မျိုးခွန်ထူး အဖြစ်နဲ့နေပြန်တော့ မျောက်တွေ ခွေးတွေကို အစာအဖြစ် ကျွေးပစ်တဲ့ လူကြမ်းကြီး ဖြစ်နေပြန်ပါရော... ဇော်ကြီးတို့ ရောင်စုံတို့ကိုလည်း မျိုးခွန်ထူးအဖြစ် ရိုက်လိုက်... မိုးခွန်ထူးအဖြစ် ဆေးထည့်လိုက်နဲ့ သူ တစ်ယောက်တည်း ဖြစ်ချင်တိုင်း ဖြစ်နေတာပါ..."

သူ့အမေဆုံးသွားတာ ကြာခဲ့ပြီတဲ့။ ဒါပေမယ့် အမေ့ကိုချစ်တဲ့ မိုးခွန်ထူးကတော့ အမေ့ကို ပြုစုနေဆဲလို့ပဲ ခံစားနေဆဲတဲ့...။

" သူဟာ မိုးခွန်ထူးပဲဖြစ်ဖြစ် မျိုးခွန်ထူးပဲဖြစ်ဖြစ် မင်းကိုတော့ တကယ်ချစ်ခဲ့ပါလိမ့်မယ် ခင်မွန်..."

ဦးလေးဦးဒီပက သူ့ကို ရန်ကုန်ခေါ်သွားပြီတဲ့...။ ရိုက်ထားတဲ့ ဒဏ်ရာက မပြင်းထန်ပေမယ့်... သူ့ကို ဒီအတိုင်းဆက်ထားရင် တိရစ္ဆာန်တွေကို သတ်တတ်လာရာက လူတွေဘက်လှည့်လာရင် ဘယ်သူမှ မကောင်းတဲ့ အဖြစ်တွေ ဖြစ်လာနိုင်သတဲ့လေ...။

" သူ့ကို ဆေးကုရမယ်တဲ့... သူပြန်ကောင်းလာချင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လာမယ်… ပိုဆိုးချင်လည်း ဆိုးမယ်… ခင်မွန်ကတော့ သူ့ကို မေ့လိုက်ပါတော့…"

ခင်မွန့်စိတ်ထဲမှာတော့ ကြုံခဲ့ရသမျှ ကြောက်ရွံ့ထိတ်လန့်ခြင်းတွေ များသွားလို့လားမသိ။ အမေ့ရင်ခွင်ဆီ ပြန်ချင်စိတ်ပဲ ရှိပါတယ်။

" ဦးဒီပ အပြောအရဆို သူသတိရလာတဲ့အချိန်မှာ သူ့ကိုယ်သူ ဘယ်သူလို့တောင် မသိတော့ဘူးတဲ့… သူဟာ မိုးခွန်ထူး ဖြစ်လိုက် မျိုးခွန်ထူးဖြစ်လိုက်ကနေ အခုဆို ဘာမှမသိတဲ့ လူတစ်ယောက် ဖြစ်နေပြန်ရောတဲ့… သူ့ကို အချိန်ဘယ်လောက်ကြာ ဆေးကုရမလဲ…"

" ညီရှယ်… ခင်မွန်… အိပ်မက်လှလှလေး မက်နေတာကို ကြည်နူးစိတ်ရှိချိန် အိပ်မက်ဆိုးနဲ့ တွေ့ရတဲ့အခါတော့… လှပတဲ့ အရာအားလုံး ပျောက်ဆုံးသွားရသလိုပါပဲ…"

ဦးဒီပက သူ့မိသားစု မိန်းမနဲ့ ကလေးတွေကို မျိုးခွန်ထူး အဖြစ်နဲ့ ဒုက္ခပေးမှာ စိုးရိမ်လို့ ယောက္ခမတွေရှိတဲ့ အညာဘက် ပြန်ပို့လိုက်တာ ကြာပြီလို့ပြောတယ်တဲ့။

" ဦးဒီပကတော့ အစ်မက မွေးတဲ့တူလေးကို သံယောဇဉ် မပြတ်နိုင်လို့ နေပေးရတာ… သူ နှိပ်စက်လည်း ခံနေတာပေါ့…"

" အခု… ဦးဒီပနဲ့ သူမရှိတော့ အိမ်ကြီးထဲက တီရစ္ဆာန်တွေကရော "

" ဦးဒီပက ကိုစိုးဝေကို အကူအညီတောင်းလို့ တချို့ကို ဆောထဲလွှတ် တချို့ကို တိရစ္ဆာန်ရုံပို့ပေါ့ကွာ… အခုတော့ အိမ်ကြီး အားခဲ့တာပေါ့…"

www.burmeseclassic.com

" ခင်မွန်လည်း ဖော်ကြီးကို ဘယ်ပို့ရမလဲ..."

" တောထဲပဲ လွှတ်လိုက်ပါတော့... သူနဲ့ပတ်သက်တဲ့ သံယောဇဉ်အားလုံး မင်းစွန့်လွှတ်လိုက်ပါတော့ ခင်မွန်..."

ဝရန်တာဆီ ထွက်လာခဲ့မိပြီ။

ညကတော့ မင်းပြန်ဖျားမယ်နော်တဲ့...။ ဟိုဘက်တစ်ခြံလုံးက အမှောင်ထဲမှာ ငြိမ်သက်တိတ်ဆိတ်လို့ပါလား။ ခင်မွန် နေမကောင်းလို့ ဆေးရုံမှာနေခဲ့ရတဲ့ ရက်အနည်းငယ်အတွင်း.. ဝန်းကျင်တစ်ခုလုံး ကွယ်ပျောက်သွားသလို ဖြစ်ရတာပါလား။

" အခုချိန်ထိ အေးနေတုန်းပါပဲလား..."

" ဒါပေါ့ ဆောင်းက ကုန်မှ မကုန်သေးတာ..."

ဒီမှာတော့ ဆောင်းနဲ့နှင်းပွင့်တွေက အချိန်အတော်ကြာ စိုးမိုးနိုင်တာပါလား။ အအေးဓာတ်ကို ကြောက်ရွံ့မနှစ်သက်တဲ့ ခင်မွန့်အတွက် ခုတော့လည်း ဆောင်းက မအေးနိုင်တော့ပါဘူးလေ။

ရင်ထဲမှာ ပူလောင်ခြင်းတွေ ရှိနေပါတယ်...။

ရင်ထဲက ဆောင်းရဲ့လှည့်စားခြင်းတွေကို ဘယ်သို့အပြီးတိုင် ထုတ်ပစ်နိုင်ဦးမှာလဲ။

ခင်မွန်လတ်ရင်ထဲမှာ... မိုးခွန်ထူးကို သတိရရင်... လှပ သာယာသော ရေကန်လေးတစ်ကန်လို နှစ်သက်ကြည်နူးစရာ ဖြစ်လာလိုက်...။ မျိုးခွန်ထူးက အဲဒီရေကန်လေးကို ပြင်းစွာသော မုန်တိုင်းတွေနဲ့ နောက်ကျိလှိုင်းထစေလိုက်ပါလား...။

" အချစ်ကလည်း ဆောင်းလိုပဲ... ခင်မွန့်ကို လှည့်စားတယ်"

" ရုတ်တရက်တော့ ခင်မွန်မမေ့နိုင်လည်း ကြာရင် မေ့သွားမှာပါကွယ်..."

www.burmeseclassic.com



ဒေါ်ဒေါ်လှနဲ့ ဒေါ်ဒေါ်မြကို အပြင်သွားရင် ဖော်ကြီးကို တောထဲလွှတ်လိုက်ပါတော့လို့ ပို့ခိုင်းလိုက်ပြီ။

သတိရစရာ အားလုံးကို အပြီးတိုင် ဖြတ်တောက်နေရပြီလား။

" ခင်မွန် ပြန်တော့မယ် ညို "

" အင်းလေ... ပြန်နှင့်တော့... ကျောင်းပိတ်ပိတ်ချင်း ညို လိုက်လာခဲ့ပါမယ်... "

လေတိုက်လိုက်တဲ့အခါ ဝါးရုံတွေ တယိမ်းယိမ်းတနွဲ့နွဲ့၊ ညိုမကြောက်တော့ဘူးလား။ အဲဒီသရက်ကိုင်းတွေဆီကနေ ခင်မွန့်ရှိရာ ရောက်လာတတ်သော နူးညံ့ကြင်နာသည့် အချစ်... ကြမ်းတမ်း ရိုင်းစိုင်းသည့် အချစ်...။

ရောက်မလာတော့ဘူး သိစေကာမူ...။

ရွေလျားနေသော အရိပ်တို့က... သူများလား...။ သူဖြစ်ရင် ဆောင်းမှာလို့ မျှော်လင့်မိဆဲလား...။

" ခင်မွန်... ခင်မွန်... ခင်မွန်... "

အဲဒါ ခေါ်နေတဲ့အသံလား။ သည်သို့ခေါ်တတ်သော ရောင်စုံ လည်းမရှိ။ ခင်မွန့်နှလုံးသည်းပွတ်ကို တငြိမ့်ငြိမ့်လှုပ်ခတ်စေသော သူ့ခေါ်သံလား...

မဖြစ်နိုင်...

လှည့်စားတတ်သော ဆောင်းရဲ့... နှင်းဆမ်းသော လေအရိုင်းမှာ သစ်ရွက်တွေရဲ့ လှုပ်ခတ်သံပဲ ဖြစ်လိမ့်မယ်...။

" သူ့ကိုချစ်တယ်... "

သည်သို့ မဖြေခဲ့ရပါဘူး...။ အခုမှ ရင်ထဲက ဖြေတော့လည်း သူမကြားနိုင်တော့...။

www.burmeseclassic.com

www.burmeseclassic.com



လှည့်စားသော ဆောင်းက ခင်မွှန်အဖြစ်... ခင်မွှန်အချစ်ကို မစာနာစွာ အေးစက်တုန်ခိုက်သော နှင်းပွင့်လေရိုင်းနှင့်အတူ...။

နှင်းရည်စက်လား... မျက်ရည်စက်လား...။

လေတိုးသံက သူ့လေချွန်သံလိုလို ခင်မွှန်ရှိရာ လှည့်စား ရောက်ရှိလာပြန်ပါသလား...။

အပြီးတိုင် ဝေးကွာစေသော... ဆောင်းညများစွာကို-နောက်လည်း ကြုံတွေ့ရဦးမှာပါပဲလေ...။

တံခါးကို ပိတ်ပြီး ကျောခိုင်းရပ်နေလိုက်တဲ့အခါ...

ဆောင်းညကတော့ အပြင်မှာ အေးစက်စက်နဲ့ ရှိနေဦးမှာပါ-သူကတော့ ခင်မွှန်အနားမှာ ထာဝရ မရှိနိုင်တော့ပြီပဲ မဟုတ်လား...။

သုနန္ဒရီသက်ဝေ

BURMESE CLASSIC .com

www.burmeseclassic.com